
www.burmeseclassic.com

# ဝိဇ္ဇာအာရှ

## အမြူတေဆင်စွယ်နက်



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# စိတြအဂ္ဂ

## အမြုတောဆင်စွယ်နက်


**ပုံနှိပ်မှတ်တမ်း**

ထုတ်ဝေသူ - ဦးအောင်စိုး (ခုနစ်စဥ်ကြယ်စာပေ)
(၁၈၂)၊ (၃၁)လမ်း၊ ပန်းဘဲတန်းမြို့နယ်။
အတွင်းနှင့် - ဦးကျင်ရင် (၀၅၄၁၇) (ရွှေခြည်သော့ပုံနှိပ်တိုက်)
အဖုံးပုံနှိပ်သူ (၂၂၅)၊ ၃၂-လမ်း၊ ပန်းဘဲတန်းမြို့နယ်။
ကွန်ပျူတာစာစီ - ဖြည့်ဖြိုး
အဖုံးပန်းချီ - L လင်း
အတွင်းဖလင် - ကိုကြီးပေါက် (၀၉-၄၂၀၂၄၃၃၂၇)
ထုတ်ဝေသည့်အကြိမ် - ပထမအကြိမ်၊ ၂၀၁၅၊ ဩဂုတ်လ။
အုပ်ရေ / တန်ဖိုး - ၅၀၀ အုပ် / ၁၄၀၀ ကျပ်
ဖြန့်ချိရေး - ခုနစ်စဥ်ကြယ်စာပေ
အမှတ် ၁၈၂ (B)၊ ၃၁-လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၉ ၇၃၀၅၁၆၆၄၊ ၀၉ ၇၃၁ ၆၃၅၈


www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


၁။ မုဆိုးကြီးသောင်းထွန်းနှင့် ဆင်စွယ်နက်

၂။ ပေစာတစ်ထုပ်နှင့် လူနှစ်ဦး

၃။ လူရဲနှင့် စွန့်စွန့်စားစား

၄။ အလုပ်လာလျှောက်သောလူနှစ်ဦး

၅။ ချစ်သူနှစ်ဦး၏အဆွေးရိပ်

၆။ ဦးအုန်းခိုင်နှင့် လူရဲ

၇။ ခရီးထွက်ရန်ပြင်ဆင်ခြင်း

၈။ မြန်မာပြည်နှင့် ဆင်စွယ်နက်

၉။ မြို့စားမင်းနှင့် ပေစာထုပ်

၁၀။ တောရဆောက်တည်နေသော ရဟန်းပျို

၁၁။ ငှက်ပျောသီးနှင့် မောင်ညွန့်ဆွေ

၁၂။ မောင်ညွန့်ဆွေနှင့် ပေစာထုပ်

၁၃။ ဆင်စွယ်နက်ရှာပုံတော်

၁၄။ လွမ်းရက်ဝေတဲ့နေ့ရက်များ

၁၅။ ခရီးဦးအစ


ခု နှစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com

၁၆။ တောလမ်းခရီးအစ
၁၇။ လူလေးဦးနှင့် ဦးအုန်းခိုင်
၁၈။ ကံဆိုးသွားသောကျားကြီး
၁၉။ အဖော်ပျောက်ရှာသော နီလာစင်းကျား
၂၀။ ကံဆိုးသွားသော သစ်ကျား
၂၁။ ဆင်သချိုင်းနှင့် ဆင်စွယ်နက်
၂၂။ ဆင်စွယ်နက်နှင့် လူတစ်စု
၂၃။ ဆင်စွယ်နက်နှင့် နီလာစင်းကျား
၂၄။ အပြန်ခရီးဖောင်ဖွဲ့ပြီး
၂၅။ မမျှော်လင့်သောအန္တရာယ်ဆိုး
၂၆။ ဝမ်းသာစရာစကားကြားခြင်း
၂၇။ ပျော်ရွှင်မဆုံးတဲ့ချစ်သူနှစ်ဦး



# အခန်း (၁)

## မုဆိုးကြီးသောင်းထွန်းနှင့် ဆင်စွယ်နက်

မုဆိုးကြီး သောင်းထွန်း။

ဤတောထဲသို့ရောက်ခဲ့သည်မှာ နှစ်ရက်နှင့် နေ့တစ်ဝက်ဝင် ရှိနေပြီဖြစ်သည်။ သူရှာနေသော သားကောင်များ ယခုထိ မတွေ့သေးပါ။ သူသည် မြန်မာပြည်မြောက်ဖျား၊ ကချင်ပြည်နယ်ဆင်သေမြောင်ဒေသထဲတွင် ရောက်ရှိနေခဲ့သည်။

ဒီနေ့လည်း သားကောင်ရနိုးနိုးဖြင့် ထိုမြောင်း၏မြောက်ဘက်သို့ ဆက်ပြီးလျှောက်လာခဲ့သည်။ ယခင်နေ့များက အရှေ့ဘက်သို့ လျှောက်ခဲ့သော်လည်း ထူးခြားမှုမရှိ တစ်ရက်သာကုန်

www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။ ထို့ကြောင့် အရှေ့ဘက်သို့ဆက်ပြီးမသွားတော့ဘဲ ခေတ္တစခန်းချနေသောနေရာသို့ ပြန်လာပြီး ခဏနားကာ မြောက်ဘက်သို့ တက်လာခဲ့ခြင်းဖြစ်သည်။

စိတ်ထဲမှတော့ သိနေသည်။ တစ်ခုခုတော့ ရလိမ့်မည်ဟု စိတ်ထဲမှ အလိုလို ခံစားရသည်။ မှဆိုးကြီးသောင်းထွန်းသည် ရှေ့ဖက်သို့ ဆက်လျှောက်လာခဲ့ပြီး သစ်ပင်ကြီးများ၏နောက်ကွယ်မှ ရှေ့သို့ချောင်းကြည့်နေသည်။ ထိုနေရာမှ ရှေ့ကိုက် ၁၀၀ ကျော်လောက်တွင် မြေပြန့်ဟုထင်ရသော ကွင်းပြင်တစ်ခု တွေ့လိုက်ရသည်။ ကွင်းပတ်ပတ်လည်တွင် ပြောင်ရှင်းနေပြီ။

သို့ချောင်းကြည့်နေရာမှ ထိုကွင်းဘက်သို့ မျက်စိက အလိုလိုကြည့်လိုက်မိသည်။ အမှန်မှာ ထိုနေရာမှ အလင်းရောင် တစ်ချက်တစ်ချက် လင်းခနဲ လက်ခနဲ ဖြစ်သွားတာတွေ့လိုက်ရ၍ ဖြစ်သည်။

မုဆိုးကြီးသောင်းထွန်းလည်း ထိုနေရာသို့ စူးစမ်းသော မျက်လုံးဖြင့် အရိပ်အယောင်များကို အကဲခတ်သလို အာရုံစိုက်ကာ ကြည့်နေမိသည်။ သို့ပေမယ့် ထိုအလင်းရောင်က တစ်ချက် တစ်ချက် လင်းခနဲ ဖြစ်သွားပြန်သည်။ ပတ်ဝန်းကျင်ကို အကဲခတ်





လိုက်ပြန်သော်လည်း နေရောင်က တိမ်ထဲသို့ဝင်သွား၍ ဘာ အလင်းရောင်မှမရှိဘဲ ယခုလို လင်းခနဲဖြစ်သွားတာ သူ၏စိတ်ထဲတွင် ထူးဆန်းနေသလို ခံစားလိုက်ရသည်။

ထိုအခါ သောင်းထွန်းသည် စိတ်ထဲမှ သက်မကောင်းဖြစ်လာမိ၍ ထိုနေရာနှင့် အနီးဆုံးဖြစ်အောင် ရှေ့သို့တိုးလာခဲ့လေသည်။ သို့ပေမယ့် ထိုအလင်းရောင်က တစ်ချက် တစ်ချက် လင်းမြဲဖြစ်နေသည်။ သူသည် ၎င်းနေရာနှင့် နီးနိုင်သမျှ အနီးဆုံးသို့ ချဉ်းကပ်ပြီး ထိုအလင်းရောင်ဖြစ်နေသောနေရာကို ကြည့်မိသည်။ သို့သော် ထိုနေရာတွင် ဘာမှမတွေ့ရဘဲ အလင်းရောင်သာ တစ်ချက် တစ်ချက် လက်ခနဲ ထွက်ပေါ်လာသည်ကို အံ့ဩမိသည်။

သောင်းထွန်းလည်း ချောင်းကြည့်နေရာမှထလာကာ ထိုနေရာသို့ အနီးဆုံးဖြစ်အောင် ထပ်တိုးလာပြီး အကဲခတ်လိုက်ပြန်သည်။ ထိုနေရာတစ်ဝိုက် ဆယ်ပေပတ်လည်လောက်တွင် ရှင်းလင်းပြီး ပြောင်သလင်းဖြစ်နေတာ တွေ့လိုက်ရလေသည်။

သို့သော် ထိုပြောင်သလင်းဖြစ်နေသော ထိုကွင်းပြင်၏ အလယ်တွင် ငုတ်တိုတစ်ခုကို တွေ့လိုက်ရလေသည်။ ထိုငုတ်တို



www.burmeseclassic.com

www.burmeseclassic.com



က အပေါ်ဘက်တွင် တစ်ပေကျော်လောက် ထွက်နေသည်။

ထိုအခါ သောင်းထွန်းလည်း ထိုငုတ်တိုရှိရာသို့ လျှောက်လာခဲ့လေသည်။ ထိုငုတ်တို၏အနီးသို့ ရောက်လေသော် သေချာစွာ ကြည့်သည်။

"ဘာကြီးပါလိမ့် ... အဖျားက နည်းနည်းချွန်ပြီး အရင်းပိုင်းက နည်းနည်းပိုကြီးနေပါလား"

သောင်းထွန်း၏စိတ်ထဲမှာ ဒါဟာ သားကောင်တစ်ကောင်ရဲ့ အရိုးအဆစ် အဆက်အနွယ်တစ်ခုခုဟု ယူဆမိသည်။ မြေကြီးထဲမှာဖြစ်နေတော့ သားကောင်၏ ချိုတစ်ခုခု ဖြစ်နိုင်သည်ဟု ထင်မိသည်။

ထို့ကြောင့် သောင်းထွန်းသည် ထိုအရာကို တူးဆွလေတော့သည်။ ထိုအရင်းပိုင်း၏အောက်ခြေကို တော်တော်လေး တူးရလေသည်။ အားလုံးတူးပြီး၍ သေချာစွာကြည့်သောအခါ...

"ဟင် ... ဆင်စွယ်နဲ့တူလိုက်တာ၊ ဆင်စွယ်ကလည်း အနက်ရောင်ဖြစ်နေပါလား။ ဒါဆိုရင် ဆင်စွယ်နက်ဖြစ်နိုင်တယ်"

ဆင်စွယ်နက်ဟာ အလွန်ရှားပါးတယ်လို့ သူ ကြားဖူးတယ်။ သူ့အဘိုး ပြောပြထားလို့ သူသိထားတယ်။ ဆင်စွယ်





နက်ဟာ ဆင်အကောင်တစ်သန်းတွင် တစ်ကောင်ပါဖို့ဆိုတာ မလွယ်ဘူးဟု သူသိထားသည်။

သောင်းထွန်းလည်း ထိုဆင်စွယ်နက်ကို ရလိုက်၍ ဝမ်းသာနေသည်။ ဆင်စွယ်ဆိုတာ တစ်ခုတည်းမဖြစ်နိုင်ဘူး။

နောက်ထပ်တစ်ခု ရှိနိုင်သေးသည်ဟု စိတ်ထဲမှထင်မိကာ ထိုနေရာတစ်ဝိုက်တွင် လိုက်လံတူးဆွနေမိသည်။ ထိုအခါ ယခုရလိုက်သော ဆင်စွယ်နက်နှင့် ခြောက်ပေအကွာလောက်တွင် ဆင်စွယ်နက်တစ်ချောင်း ထပ်မံတွေ့ရလေသည်။

ဆင်စွယ်နက်တစ်စုံလုံးကို အတိုင်းအဆ မှန်းကြည့်သောအခါ လုံးပတ်မှာ ၁၅ လက်မခန့်ရှိမည်ဟု ထင်ရသည်။ အရှည်မှာ ငါးပေကျော်ရှိလေသည်။

သောင်းထွန်းသည် ထိုဆင်စွယ်နက်တစ်စုံကို ရေစီးဆင်းနေသည့် ချောင်းလေးရှိရာသို့ ယူခဲ့လေသည်။ ပြီးနောက် ဆင်စွယ်နက်တွင် ပေကျံနေသော မြေကြီးနှင့်ရွှံ့များကို သေချာစွာ ဆေးကြောပြီး ရေများစင်အောင်သုတ်ကာ အဝိုပါလာသည့် ပုဆိုးဖြင့် သေချာစွာ ထုပ်ပိုးလိုက်သည်။

သောင်းထွန်းလည်း ဆင်စွယ်နက်တစ်စုံ ရလိုက်၍



www.burmeseclassic.com

www.burmeseclassic.com



အလွန်အမင်း ဝမ်းသာသွားသလို ဆင်စွယ်နက်ရခဲ့သည့်အတွက်လည်း မိမိမှာ အလွန်ကံထူးသူတစ်ဦးဟု ယူဆမိလေသည်။

သောင်းထွန်းသည် မုဆိုးတစ်ဦးဖြစ်သော်လည်း တောကောင်တို့၏ သဘာဝနှင့် ထူးခြားမှု၊ ဆန်းပြားမှုတို့ကို လေ့လာသိရှိထားသူလည်း ဖြစ်သည်။ သူ၏အဘိုးရှိစဉ်အခါကတည်းက သူ့ကို ဆင်စွယ်နက်အကြောင်း ပြောပြထား၍ သူ၏စိတ်ထဲတွင် မှတ်မိနေမိသည်။

ဆင်စွယ်နက်နှင့်ပတ်သက်ပြီး ထူးခြားချက်များမှာ . . .

- ဓာတ်ပုံရိုက်၍မရခြင်း
- အရုပ်မထင်ခြင်း
- အရေးအကြောင်းရှိလျှင် ထူးခြားသော အတိတ်နိမိတ်များပြခြင်း
- အိပ်မက်အမျိုးမျိုး ပေးတတ်ခြင်း
- မီးဘေး၊ ရေဘေး၊ ရန်သူဘေးများကို ကြိုတင်အသိပေးတတ်ခြင်း

ထိုဆင်စွယ်နက်သည် ထူးခြားသော အဆောင်တစ်ခုဖြစ်ကြောင်းကို သူသိထားခဲ့သည်။





သောင်းထွန်းသည် ထိုဆင်စွယ်နက်ကို လွယ်၍ ရွာထဲသို့ ဝင်လာခဲ့လေသည်။ ရွာသို့ရောက်သော် သောင်းထွန်းလည်း ထိုဆင်စွယ်နက်ကို ရွာရှိ စေ့စပ်သေချာ၍ ဗဟုသုတပြည့်စုံသော ချမ်းသာသည့်စော်ဘွားတစ်ဦးထံ ရောင်းချလိုက်လေသည်။

ထိုစော်ဘွားကလည်း ဆင်စွယ်နက်မှန်းသိ၍ သောင်းထွန်းကို ထိုက်တန်စွာ ငွေကြေးများပေးလေသည်။ စော်ဘွားကြီးသည် ဆင်စွယ်နက်ကိုရလိုက်၍ အတိုင်းမသိ ဝမ်းသာပြီး ပီတိတွေ ဖြာမိလေတော့သည်။

**မှတ်ချက်**

ဤဆင်စွယ်နက်မှာ မြန်မာနိုင်ငံ ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင် မိုးကောင်း၏အနောက်မြောက်ဘက်ရှိ ယခု ကျောက်စိမ်းနယ်မြေ၊ ကချင်ရွာတွင် ရှိလေသည်။

လွန်ခဲ့သော သာသနာသက္ကရာဇ် ၂၅၀၀ ပြည့်နှစ်ခန့်က ရန်ကုန်မြို့၊ ကမ္ဘာအေးဘုရားတွင် ဆဋ္ဌမသင်္ဂါယနာတင်ပွဲ ပြုလုပ်စဉ် အခိုပါ ဆင်စွယ်နက်တစ်စုံကို ပြည်သူလူထုများ သိရှိတွေ့မြင်နိုင်စေရန် ပြသခဲ့ဖူးသည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

## ပေစာတစ်ထုပ်နှင့် လူနှစ်ဦး

အချိန်ကား ၁၉၄၀။

စစ်ကိုင်းခေတ်။

အင်းစိန်မြို့၏တစ်နေရာ၊

ပေ ၂၀၀ ခန့်ကျယ်ဝန်းသော ခြံကြီးတစ်ခြံထဲတွင် နှစ်ဆောင်ပြိုင်အိမ်ကြီးတစ်လုံး တည်ရှိလေသည်။ ထိုအိမ်ကြီးကို ယခင်က စော်ဘွားမျိုးနွယ်တစ်ဦးက ပိုင်ဆိုင်ခဲ့လေသည်။ ယခုတော့ ထိုစော်ဘွား၏သားဖြစ်သော ဦးအုန်းခိုင်ဆိုသူ နေထိုင်နေလေသည်။





ထိုဦးအုန်းခိုင်သည် လေးဆယ်ကျော် ငါးဆယ်နားနီးနေပြီဖြစ်ပေမယ့် အရွယ်တင်လေသည်။

ထိုခြံဝင်း၏အဝတွင် ကားတစ်စီးက . . .

'တီ တီ'

'တီ တီ'

ထိုအခါ ခြံစောင့်ဦးအောင်သိန်းက ခြံတံခါးကို လာဖွင့်ပေးလေသည်။ ဦးအောင်သိန်းက ကားထဲမှလူကိုကြည့်ကာ . . .

"ဘယ်သူနဲ့ တွေ့ချင်လို့ပါလဲ"

ထိုအခါ ကားထဲမှလူက အပြင်သို့မထွက်ဘဲ ကားထဲမှပင် . . .

"ဦးအုန်းခိုင်မှာထားလို့ လာတွေ့တာပါ"

ထိုအခါ ခြံစောင့်ဦးအောင်သိန်းက . . .

"လူကြီးမင်းက ဦးလှတင်လား"

"ဟုတ်ပါတယ် ခင်ဗျာ"

ဟု ပြောလိုက်တော့မှ ခြံစောင့်က တံခါးကို ဖွင့်ပေးလိုက်လေသည်။ ကားလေးက ခြံဝမှ အိမ်နားသို့ ဆက်လက်မောင်းသွားလေသည်။ အိမ်အဝ ဆင်ဝင်အောက်သို့ရောက်သော် အိမ်



www.burmeseclassic.com

www.burmeseclassic.com



တော်ထိန်းဟုထင်ရသော လူလတ်ပိုင်းအရွယ်တစ်ဦးက …

"ဦးလှတင်လို့ ထင်တယ်၊ ဆရာကြီး မေးနေပါတယ်"

ထိုအခါ ဦးလှတင်က ကားပေါ်မှ ဆင်းလိုက်သည်။ သူ၏တပည့်လေးတစ်ဦးပါ သူ၏နောက်မှ ဆင်းလိုက်လာခဲ့သည်။ တပည့်လေး၏လက်ထဲတွင် အထုပ်ကလေးတစ်ထုပ် ပါလာခဲ့သည်။ အိမ် တော်ထိန်းသည် …

"ဝင်ပါခင်ဗျာ"

ဟုပြောကာ ဧည့်ခန်းသို့ ခေါ်ခဲ့လေသည်။ ပြီးနောက် ဆိုဖာတစ်ခုတွင် ထိုင်ခိုင်းလေသည်။

ဦးလှတင်နှင့် သူ၏တပည့်တို့သည် ဧည့်ခန်းတွင် ထိုင်ကာ စောင့်နေလေသည်။

ထိုစဉ် ဦးလှတင်က အပေါ်ထပ်လှေကား တစ်ဆစ်ချိုးတွင် ကိုယ်လုံးပြည့် ပန်းချီကားချပ်ကြီးတစ်ခုကို စိတ်ဝင်စားစွာ ကြည့်လိုက်မိသည်။ ထိုပန်းချီကားက လက်ရာမြောက်လွန်း၍ ကြည့်နေမိသည်။ ထိုပန်းချီကားရှိရာသို့လည်း လှျောက်ကာ အနီးကပ်ဆုံး လှေ့လာနေမိသည်။

ထိုအချိန်တွင် အပေါ်ထပ်မှ လူတစ်ဦးဆင်းလာသည်။





ဥပဓိရုပ် ခန့်ငြားလှပေသည်ဟု ဦးလှတင်က တစ်ချက်ကြည့်လိုက်သည်။ ပြီးနောက် ပန်းချီကားကိုသာ စိတ်ဝင်တစားကြည့်နေမိသည်။ ထိုလူက ပန်းချီကားကို စိတ်ဝင်စားစွာကြည့်နေသော ဦးလှတင်ကိုတွေ့၍ …

"ဦးလှတင်ကို ကျွန်တော် မျှော်နေတာ၊ အခုမှ ပေါ်လာတော့တယ်"

"ဟုတ်ပါတယ် ဦးအုန်းခိုင်၊ ကျွန်တော့်မှာလည်း ခရီးထွက်နေရလို့ပါ၊ ဦးအုန်းခိုင်မှာထားတဲ့ကိစ္စလည်း ပါတာပေါ့၊ အခုတော့ အားလုံးပြီးဆုံးသွားလို့ လိုချင်တာရခဲ့ပြီလေ၊ ဒါနဲ့ ဒီပန်းချီကားထဲက အမျိုးသားနဲ့အမျိုးသမီးက ဘယ်သူတွေလဲ ခင်ဗျာ"

"ဩော် … ဒါလား"

"ကျွန်တော့်ရဲ့ ခမည်းတော်နဲ့ မယ်တော်တို့လေ၊ လာ သာ … ဧည့်ခန်းထဲ သွားရအောင်"

ဟု ဦးအုန်းခိုင်ဆိုသောသူက ရှေ့မှ ဦးဆောင်ကာ ခေါ်ခဲ့လေသည်။

ဒါနဲ့ ဦးလှတင်လည်း ထိုင်ခုံတွင် ဝင်ထိုင်ပြီးနောက်



www.burmeseclassic.com

www.burmeseclassic.com



သူ၏တပည့်လက်ထဲမှ အထုပ်တစ်ထုပ်ကို လှမ်းတောင်းလိုက်လေသည်။ ပြီးနောက် ဦးအုန်းနိုင်လက်ထဲသို့ ထည့်ပေးလိုက်သည်။

ထိုအခါ ဦးအုန်းနိုင်က ထိုအထုပ်ကိုဖြည်ကာ ကြည့်လိုက်သည်။

"ဝမ်းသာလိုက်တာဗျာ၊ ကျွန်တော် လိုချင်တဲ့ပစ္စည်းလေး အခုလိုရလိုက်တာ ဦးလှတင်ကို ကျေးဇူးတင်ပါတယ်၊ ဦးလှတင်ရဲ့ အခုလို ရှေးဟောင်းပစ္စည်းစုဆောင်းတတ်တဲ့ ဝါသနာကြောင့် တစ်ချိန်ချိန်မှာ အကျိုးရှိတာပေါ့"

"ဟုတ်ပါတယ် ဦးအုန်းနိုင်၊ ကျွန်တော်လည်း ဦးအုန်းနိုင်မှာထားတဲ့ ဒီပစ္စည်းလေးကို ရှိတဲ့နေရာထိ ကိုယ်တိုင်သွားပြီး ရှာဖွေဝယ်ယူခဲ့တာပါ၊ ဦးအုန်းနိုင်မှာထားတဲ့ရက်နဲ့ဆိုရင် ဘယ်လောက်ထိ ကြာမှန်းတောင်မသိဘူး။ အဆင့်ဆင့်လိုက်ခဲ့ရလို့ ရက်တွေ လတွေတောင် မသိတော့ပါဘူးဗျာ"

"ဘာပဲဖြစ်ဖြစ်လေ၊ အခုတော့ ဦးလှတင်ရဲ့ ဝီရိယ အကျိုး ခံစားရမှာပေါ့၊ ကျွန်တော့်အတွက်လည်း လိုချင်တဲ့ ပစ္စည်းလေး ရလိုက်သလို ဦးလှတင်အတွက်လည်း ထိုက်တန်တဲ့





အသပြာ ရရှိမှာပါ၊ ဦးလှတင် ခဏနေဦး"

ဟုပြောကာ ဦးအုန်းနိုင်က ထိုင်ရာမှထကာ အခန်းတစ်ခုထဲသို့ ဝင်သွားလေသည်။ သူ၏လက်ထဲတွင်လည်း ဦးလှတင် ပေးလိုက်သော အထုပ်တစ်ထုပ်ပါ ပါလာခဲ့လေသည်။

အခန်းထဲသို့ရောက်သော် ထိုအထုပ်ကို ဖြည်ကြည့်လိုက်သည်။ ရှေးဟောင်း ပေထုပ်တစ်ထုပ်ဖြစ်လေသည်။ ပေရွက်များမှာ အဝါကြန့်ကြန့်အရောင်ဘက်သို့သန်းကာ စာလုံးများမှာ သိပ်ပြီးမပေါ်ချင်တော့ပါ။ ဒါပေမဲ့ ဖတ်လို့တော့ရသေးသည်။

ထိုပေစာက ဆင်တို့၏ သဘာဝ၊ အလေ့အထနဲ့ စရိုက်လက္ခဏာတို့အကြောင်း စုံလင်စွာရေးဖွဲ့ ရေးမှတ်ထားသော ပေစာအုပ်ဖြစ်လေသည်။ အလွန်ရှားပါးသော ဆင်တို့၏ မှတ်တမ်းကျမ်းတစ်ခု ဖြစ်လေသည်ဆိုတာ ဦးအုန်းနိုင်သိလိုက်သည်။

ဦးအုန်းနိုင် အပြုံးတစ်ချက်ပွင့်ကာ ကျေနပ်မိလေသည်။ ထို့နောက် ငွေတစ်ချို့ကိုယူကာ အခန်းထဲမှ ထွက်လာခဲ့လေသည်။

ဦးလှတင်ရှေ့သို့ရောက်သော် ...

"ဦးလှတင်အတွက်ပါ ကျေးဇူးလည်းတင်ပါတယ်"

ဟုပြောကာ လက်ထဲမှငွေကို ဦးလှတင်လက်ထဲသို့



www.burmeseclassic.com

www.burmeseclassic.com



ထည့်ပေးလိုက်လေသည်။ ဦးလှတင်လည်း ထိုငွေကို ကောင်းစွာ လက်ခံရယူလိုက်လေသည်။ ပြီးနောက် ...

"ကျေးဇူးတင်ပါတယ် ဦးအုန်းခိုင်ရယ်၊ အခုလို ကျွန်တော့်ကို အသိအမှတ်ပြုလို့ အခကြေးငွေပေးတယ်လို့ မထင်ပါဘူး"

"မဟုတ်တာဘဲ ဦးလှတင်ရယ်၊ ကျွန်တော့်ဘက်ကလည်း ဦးလှတင်ကို သိတတ်ရမှာပေါ့၊ ဒါမှလည်း ဦးလှတင်ရဲ့ ဝီရိယအကျိုး, ပင်ပန်းခံရကျိုးနပ်မှာပေါ့ ဦးလှတင်ရဲ့၊ အခုလို ရှေးဟောင်းပစ္စည်း စုဆောင်းမှုကြောင့် ရလာတဲ့အကျိုးအမြတ်ကို ခံစားရတာပေါ့"

တစ်ဖက်ကလည်း ကျွန်တော်လိုချင်တာရလိုက်လို့ အခုလို ချီးမြှင့်ရခြင်း ဖြစ်တာပါ"

ထိုအခါ ဦးလှတင်က ...

"တကယ်တော့ ဒီရှေးဟောင်းပေစာထုပ်က တန်ဖိုးရှိမှန်းသိပေမယ့် ကျွန်တော့်အတွက်တော့ ဘယ်နေရာမှာ ဘယ်လိုသုံးရမှန်းမသိဘူးလေ၊ ဟော ... အခုလို အသုံးတည့်တဲ့ ဦးအုန်းခိုင်လက်ထဲ ထည့်လိုက်ရလို့ ကျွန်တော်ဝမ်းသာပါတယ်"





ဦးလှတင်၏အပြောကြောင့် တစ်ချက် ပြုံးလိုက်မိပါသည်။ ပြီးနောက် ...

"ကျွန်တော့်အနေနဲ့ကလည်း အခုပေစာရပြီး ကျွန်တော့်ရဲ့လုပ်ငန်းအောင်မြင်ခဲ့ရင် ဦးလှတင်ကို ထပ်ပြီးချီးမြှင့်ပါဦးမယ်လို့ ကတိပေးပါတယ်ဗျာ"

ဟု ပြောလိုက်ပြီး ဦးလှတင်သည် ဦးအုန်းခိုင်တို့အိမ်ပေါ်မှ ပြန်ခဲ့ကြလေတော့သည်။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃)

## လူရဲနှင့် စွန့်စွန့်စားစား

လူရဲတစ်ယောက် စာအုပ်တစ်အုပ်ကို သဲကြီးမဲကြီး ဖတ်နေသည်။ စာအုပ်ကို သူဖတ်နေပုံမှာ စိတ်ဝင်တစားရှိလှသည်ဟု မြင်လိုက်သူက ကြည့်ရင် သိသာလှသည်။ သူဖတ်နေသော စာအုပ်မှာ စွန့်စားခန်းများပါသော ဆာရိုက်တာဟတ်ဂတ်ဇော် တောတွင်းစွန့်စားခန်းစာအုပ် ဖြစ်လေသည်။

လူရဲသည် ဆာရိုက်တာဟတ်ဘတ်စာအုပ်ဆိုလျှင် မလွှတ်တမ်း ဖတ်သူတစ်ဦး ဖြစ်လေသည်။ သူကိုယ်တိုင်ကလည်း စွန့်စားချင်သောစိတ်အား ထက်သန်သူဖြစ်သည်။





စာအုပ်ပေါ် စိတ်ရောက်နေ၍ ခြံထဲသို့ ဝင်လာသောသူကို သူသတိမထားမိပါ။ ဝင်လာသူမှာ သူနှဲ့အတူနေသော သူငယ်ချင်းလည်းဖြစ် အတူနေသူလည်းဖြစ်သော သူငယ်ချင်း ကျော်စိုး ဖြစ်လေသည်။

ကျော်စိုးနှင့် လူရဲတို့သည် သက်တူရွယ်တူများ ဖြစ်ကြသည်။ သူတို့သူငယ်ချင်းနှစ်ယောက်စလုံးတွင် မိဘများ မရှိကြတော့ပါ။ ထို့ကြောင့်လည်း နှစ်ဦးအတူတူ နေဖြစ်ခဲ့ခြင်းဖြစ်သည်။ လူရဲမှာ မိဘများရှာဖွေထားခဲ့သော ဥစ္စာပစ္စည်းများဖြင့် စားနိုင်သောက်နိုင်သူဖြစ်လေသည်။ သို့သော် အလုပ်အကိုင်တစ်ခုတော့ ရှာတုန်းဖြစ်သည်။

ရတဲ့အလုပ်ကလည်း သူ မကြိုက်သော အလုပ်များသာ ဖြစ်သည်။ သူက စွန့်စားချင်စိတ်ရှိ၍ ဘယ်အရာမဆို စွန့်စွန့်စားစားအလုပ်မျိုးကိုသာ စိတ်ဝင်စားသူဖြစ်သည်။ ဒါကို သူငယ်ချင်းဖြစ်သော ကျော်စိုးက သူ့သူငယ်ချင်းစိတ်ကိုသိ၍ လက်ထဲတွင် သူရိယသတင်းစာကိုကိုင်ကာ ဝင်လာသည်။

ကျော်စိုးဝင်လာသည်ကို မသိလိုက်သော လူရဲက စာအုပ်ပေါ်တွင် စိတ်ရောက်နေသည်။ ထိုအခါ ကျော်စိုးက. .



www.burmeseclassic.com

www.burmeseclassic.com



"လူရဲ လူရဲ"

အော်ခေါ်၍ဝင်လာသော ကျော်စိုးကို လူရဲက တင်ချက် လှမ်းကြည့်လိုက်သည်။

"ဘာဖြစ်တာလဲ ကျော်စိုး၊ မင်းကလည်း အလန့်တကြား"

"ဒီမှာ သတင်းထူးပါတယ်၊ မင်းနဲ့ အံကိုက်ပဲ၊ မင်းသိပ်လုပ်ချင်တဲ့အလုပ် ... ဖြစ်နိုင်ခြေရှိလို့ လာပြတာ"

"ဘာအလုပ်လဲကွ"

လူရဲက ပါးစပ်ကသာ ပြောနေသည်။ သူဖတ်လက်စ စာအုပ်ကိုတော့ ဖတ်မြဲ ဖတ်နေဆဲ။

"ဒီမှာကွ"

စွန့်စွန့်စားစားဝါသနာပါသောလူငယ်တစ်ဦး အလိုရှိသည်။





**အရည်အချင်းများ** – ခေတ်ပညာတတ်ရမည်။

– လူလွတ်ဖြစ်ရမည်။

– စွန့်စားချင်တဲ့စိတ် ရှိသူဖြစ်ရမည်။

– ကိုယ်ခံပညာ တတ်ရမည်။

– အချိန်အကန့်အသတ်မရှိ လုပ်နိုင်သူဖြစ်ရမည်။

ဟူသော အရည်အချင်းများကိုဖတ်ပြီး လူရဲ စဉ်းစားသွားသည်။

ပထမတစ်ခေါက် ကျော်စိုးကဖတ်ပြပြီးပြီ ဒုတိယ သူကိုယ်တိုင် ဖတ်ခဲ့ပြန်သည်။ ထိုအလုပ်ကို သူစဉ်းစားမိသည်။

ဒီအလုပ်က ဘာအလုပ်များပါလိမ့်။ ဥပဒေနဲ့မလွတ်ကင်းသောအလုပ် ဖြစ်နေမလားလို့ သံသယဖြစ်မိသည်။ ဥပဒေနဲ့ မလွတ်ကင်းတဲ့အလုပ်ဆိုလျှင် သတင်းစာထဲတော့ ကြေညာလိမ့်မည်မဟုတ်ပါ။

ဒီအလုပ်က ထူးခြားတဲ့အလုပ်တစ်ခုတော့ ဖြစ်နိုင်သည်ဟု လူရဲထင်ခဲ့သည်။

ထိုအခါ ကျော်စိုးက ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီအလုပ်က မင်းနဲ့ကိုက်မယ်လို့ ငါထင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ မင်းကိုယ်တိုင်က စွန့်စားချင်တဲ့စိတ် ရှိတယ်လေ ပြီးတော့ မင်းမှာက သူလိုချင်တဲ့အရည်အချင်းတွေအားလုံး ရှိနေတာပဲ"

ကျော်စိုးပြောနေသော စကားလုံးကို လူရဲ မကြားနိုင်တော့ပါ။ သူ၏အာရုံထဲတွင် ထိုသတင်းစာပါ အလုပ်နဲ့လိပ်စာကို သူစိတ်ဝင်စားနေမိသည်။

"ဘယ်လိုလဲ လူရဲ . . . မင်း သွားတွေ့မယ်မဟုတ်လား"

"အင်း . . . သွားတွေ့မယ်ကွ အလုပ်ရတာ, မရတာ အကြောင်းမဟုတ်ဘူး၊ ဒီအလုပ်က ဘာအလုပ်လဲဆိုတာ ငါ သိချင်တယ်၊ ငွေကြေးကတော့ အဓိကမဟုတ်ပါဘူး။ စွန့်စားရမယ်ဆိုလို့ စိတ်ဝင်စားတယ်၊ မနက်ဖြန်ပဲ သွားမယ်"

❏ ❏ ❏



# အခန်း (၄)

## အလုပ်လာလျှောက်သောသူနှစ်ဦး

စာကြည့်ခန်းထဲတွင် ဦးအုန်းခိုင်တစ်ယောက် စာအုပ်တစ်အုပ်နှင့် ပေစာထုပ်တစ်ထုပ်ဖြင့် အလုပ်ရှုပ်နေသည်။ ထိုအချိန်တွင် သူ၏အခန်းကို တံခါးလာခေါက်သည်။ အိမ်ထိန်းဖြစ်သော ဦးဖုန်းမောင်က . . .

"ဆရာကြီး ဆရာကြီး . . . အောက်မှာ ဧည့်သည်ရောက်နေတယ်"

"အေး . . . လာခဲ့မယ်၊ ခဏဧည့်ခံထားလိုက်"

"ဟုတ်ကဲ့ ဆရာကြီး"



www.burmeseclassic.com

www.burmeseclassic.com



ဦးဖုန်းမောင်သည် ဆရာကြီးဆိုသော ဦးအုန်းခိုင်အခန်းမှ ပြန်ထွက်လာခဲ့သည်။ ဧည့်ခန်းထဲတွင် လူငယ်နှစ်ယောက်က အိမ်ကြီး၏ ခန့်ညားထည်ဝါပုံကိုကြည့်ကာ အံ့သြနေမိသည်။ အိမ်ကြီးက ဟော်နန်းတမျှ ကြီးကျယ်ခမ်းနားပုံနှင့် ဧည့်ခန်း၏ နံရံတွင် ချိတ်ဆွဲထားသော ပန်းချီကားနှင့် ရှေးဟောင်းပစ္စည်းများကို သူ့နေရာနဲ့သူ ခင်းကျင်းထားပုံမှာ ကြည့်ရသူအဖို့ ကြည်နူးနေမိသည်။ ထိုကဲ့သို့ ထားသောနေရာတစ်ခုမှ လူငယ်၏စိတ်အစဉ်ကို ဆွဲဆောင်လိုက်သည်မှာ နံရံကိုမှီကာ ထောင်ထားသော ဓာတ်ပုံက သူ၏စိတ်အစဉ်ကို ညှို့ယူဖမ်းစားလိုက်လေသည်။

ထိုညှို့ယူဖမ်းစားလိုက်သောအရာမှာ ဓာတ်ပုံထဲတွင် ဆင်စွယ်တစ်စုံကို နောက်ခံအဖြူထည်တစ်ခုတွင် တင်၍ ရိုက်ထားသောပုံဖြစ်သည်။ ဆင်စွယ်၏အရောင်မှာ အများအားဖြင့် အဖြူရောင်၊ နို့နှစ်ရောင်ဖြစ်ရမည့်အစား ဆင်စွယ်မှာ အနက်ရောင်ဖြစ်နေသည်။

ထို့အပြင် ထိုပုံ၏ရှေ့တွင်လည်း အမြင့် ၃ လက်မကျော်လောက်ရှိမည့် ဆင်ရုပ်လေးတစ်ခုက ရှိနေသေးသည်။ ထိုဆင်ရုပ်မှာလည်း အနက်ရောင်ဖြစ်လေသည်။





ထိုပုံနှင့် ဆင်ရုပ်နက်လေးကို ထိုလူငယ်က အနီးကပ်ကြည့်နေမိသည်။ ထိုဓာတ်ပုံနှင့် ဆင်ရုပ်လေးဟာ လူတစ်ရပ်နီးပါးမြင့်သော ဗီရိုလေးတစ်ခုပေါ်တွင် တင်ထားလေသည်။

"လူလေးတို့ ထိုင်ပါ၊ ဆရာကြီးက ခဏလေးစောင့်ပါလို့ မှာလိုက်ပါတယ်"

"ဟုတ်ကဲ့ခင်ဗျ"

ဟုပြောကာ ဧည့်ခန်းဆိုဖာနားသို့ လျှောက်ကာ သွားထိုင်လိုက်သည်။

"လူရဲ . . . အိမ်ကြီးက အရမ်းခမ်းနားတာပဲနော်၊ ဆရာကြီးဆိုတဲ့သူက သူ့ဆီမှာ ဘာအလုပ်များရှိလို့ အလုပ်ခေါ်တာပါလိမ့်"

"ငါလည်း စဉ်းစားနေမိတယ်၊ ဆရာကြီးဆိုတဲ့လူက ဘာအလုပ်များ လုပ်ပါလိမ့်"

ထိုအခါ ကျော်စိုးက . . .

"သူ သတင်းစာထဲမှာ ခေါ်ထားတာပဲ၊ စွန့်စွန့်စားစား လုပ်ရတဲ့အလုပ် ဝါသနာပါတဲ့သူဖြစ်ရမယ်လို့ ပြောထားတယ် ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



လူရဲက ခေတ္တစဉ်းစားလိုက်သည်။ သူတို့နှစ်ဦး ပြောဆိုနေကြစဉ် အပေါ်ထပ်မှ လူကြီးတစ်ဦးဆင်းလာသည်။ ထိုဆင်းလာသောသူမှာ ဦးအုန်းခိုင်ဆိုသူပင် ဖြစ်လေသည်။

ဦးအုန်းခိုင်က ဧည့်ခန်းထဲတွင်ထိုင်နေသော သူငယ်နှစ်ဦးကို လှေကားမှဆင်းလာရင်း အကဲခတ်နေမိသည်။ တစ်ယောက်က ကျန်းမာသန်စွမ်းသောလူငယ်တစ်ဦး။ အရပ်အမောင်းနှင့် သူ၏ထွားကျိုင်းသန်မာမှုက ပေါ်လွင်နေသည်။ ဦးအုန်းခိုင်က အနောက်ဘက်မှ မြင်လိုက်ရ၍ သဘောကျသွားသည်။

အနောက်ဘက်မှမြင်လိုက်ရသည်ကပင် ဗလကောင်းမည့်သူဟု သိလိုက်သည်။ ကျန်တစ်ဦးက အရပ်အမောင်း အနေတော်ပင်ဖြစ်သည်။ မပိန်မဝဘဲ သူ့အရပ်နဲ့သူကတော့ ကြည့်ကောင်းသည်။

ဦးအုန်းခိုင် သူတို့အနားသို့ ရောက်လာသည်။ ထိုအခါ သူငယ်နှစ်ဦးက မတ်တတ်ရပ်ကာ အရိုအသေပေးလိုက်သည်။

"ထိုင်ပါ ... ထိုင်ပါ"

"သတင်းစာထဲမှာပါတဲ့အလုပ်ကြော်ငြာ လာကြတယ်လို့ထင်တယ်"





"ဟုတ်ပါတယ် ဦး"

လူရဲက ပြောလိုက်သည်။

"ဘယ်သူလုပ်မှာလဲ"

ထိုအခါ လူရဲက ...

"ကျွန်တော်ပါ ဦး၊ ဒါက ကျွန်တော့်သူငယ်ချင်း တော့်စိုးပါ။ အဖော်ခေါ်လာခဲ့တာပါ"

ထိုအခါ ဦးအုန်းခိုင်က သူ၏စာကြည့်ခန်းလည်းဖြစ်၊ အလုပ်ခန်းလည်းဖြစ်သော အခန်းတစ်ခန်းထဲသို့ ခေါ်သွားခဲ့လေသည်။ အခန်းထဲသို့ရောက်လေသော် မျက်နှာချင်းဆိုင်ထိုင်ကာ ဦးအုန်းခိုင်က ...

"ဦးနာမည်က ဦးအုန်းခိုင်ပါ"

"ဟုတ်ကဲ့ ... ကျွန်တော့်နာမည်က လူရဲပါ"

"မောင်လူရဲက ဦးထည့်ထားတဲ့ အရည်အချင်းတွေအားလုံး ပြည့်စုံရဲ့လား"

"ဟုတ်ကဲ့ပါ ဦး၊ ကျွန်တော်က တစ်ကိုယ်ရေသမားပါ၊ သူငယ်ချင်းနှစ်ယောက်တည်း နေကြပါတယ်၊ ဦးပြောတဲ့ အရည်အချင်းတွေချည်း ကျွန်တော်စိတ်ဝင်စားလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဦးအုန်းခိုင်က လူရဲကို အံကဲခတ်သလို တစ်ချက်ကြည့်လိုက်သည်။ ဦးအုန်းခိုင် လူရဲ ဥပမိနဲ့ အရပ်အမောင်းနဲ့ ကြံ့ခိုင်မှုကို မျက်မြင်ဖြစ်၍ သဘောကျသွားခဲ့သည်။ ပြီးတော့ လူပျိုလူလွတ်ဖြစ်၍ ပိုပြီး သဘောကျမိသည်။

"ဒါနဲ့ မောင်လူရဲ . . . ခရီးထွက်ချင် ထွက်ရမယ်၊ နှစ်လကြာချင်ကြာမယ်၊ သုံးလ ကြာချင်ကြာမယ်၊ တစ်ခါတလေ ခရီးက အဆင်မပြေရင် ခြောက်လလောက် ကြာချင်လည်းကြာမယ်၊ မောင်လူရဲ လိုက်နိုင်ပါ့မလား"

ထိုအခါ လူရဲက သူ၏စိတ်ထဲမှာ စွန့်စားချင်တဲ့စိတ် ရှိနေသည်ဆိုတဲ့အသိက ဘယ်ခရီး ဘယ်နေရာဖြစ်ဖြစ် စွန့်စွန့်စားစားသွားရမယ်ဆိုရင် ဝါသနာပါပြီးသားဖြစ်လို့ ဦးအုန်းခိုင်ပြောသော ခရီးရဲ့ကြာမြင့်သည်ကို ဂရုမစိုက်ပါ။ ကြာချင်သလောက် ကြာပါစေလို့ သူ့စိတ်ထဲမှာ သိရှိပြီးသားပါ။

ထို့ကြောင့် ဦးအုန်းခိုင်ပြောသော ကြာမည့်ရက်ကို သူ ဂရုမစိုက်ပါ။ ဒါကြောင့် . . .

"ဟုတ်ကဲ့ . . . ကျွန်တော် စိတ်ဝင်စားပါတယ်၊ ကျွန်တော်တို့ကလည်း တစ်ကိုယ်ရေ တစ်ကာယသမားတွေဆိုတော့ ဖြစ်ပါတယ် ဦး"





ဟု ပြောလိုက်ပေမယ့် သူ လိမ်လိုက်တာတစ်ခုတော့ ရှိသည်။ ဘာလဲဆိုတော့ သူ့ကိုယ်သူသာ သိသည်။ တကယ်တော့ လူရဲတွင် သိပ်ချစ်ရပါသော ချစ်သူတစ်ဦး ရှိခဲ့သည်ဆိုတာတော့ ဦးအုန်းခိုင်ကို မပြောပါ။ ပြောဖို့လည်း မလိုသေးဘူးဟု ထင်ပါသည်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ချစ်သူနှစ်ဦးက ယခုထိ လက်ထပ်ခြင်း မပြုရသေးသောကြောင့်ဖြစ်သည်။ ယခု ခရီးထွက်ရမည်ဆိုတာလည်း သူ၏ချစ်သူက ခွင့်ပြုပါ့မလားတော့ မသိပါ။

သို့သော်လည်း ဦးအုန်းခိုင်ကသာ သူ၏လုပ်ငန်းစဉ်အကြောင်းသာ ပြောသေးသည်။ သူ့ကို အလုပ်ခန့်တယ်ဆိုတာ မပြောသေးပါ။

"မောင်လူရဲက အခုလိုပြောတော့လည်း ဦးက မောင်လူရဲကို အလုပ်ခန့်လိုက်ပါပြီ"

"ဟင် . . . ဦးက ကျွန်တော့်ကို ဘာဖြစ်လို့ ချက်ချင်း အလုပ်ခန့်တာလဲ၊ အစမ်းမခိုင်းတော့ဘူးလား"

"ဦးမှာက အစီအစဉ်တစ်ခုရှိတယ်၊ ဦးက သတင်းစာမှာ



www.burmeseclassic.com

www.burmeseclassic.com



ကြော်ငြာတုန်းက အခိဋ္ဌာန်ပြုထားတယ်၊ ဦးဆီကိုလာတဲ့လူက ဦးရဲ့အလုပ်ပေါ်မှာ သစ္စာ သမာဓိရှိတဲ့သူသာ ဖြစ်ပါစေလို့ သစ္စာပြုထားတယ်၊ ပြီးတော့ မောင်လူရဲက ဦးကြော်ငြာထည့်ထားတဲ့ စည်းကမ်းချက်တွေအားလုံး မောင်လူရဲမှာရှိနေလို့ ဦးက ချက်ချင်းခန့်လိုက်တာပါ ...၊

ပြီးတော့ ဒီလိုအရည်အချင်းမျိုး ဒီလိုလုပ်နိုင်တဲ့သူမျိုးကလည်း ရှိနိုင်ဖို့ မလွယ်ဘူးလေ၊ မောင်လူရဲတို့ကလည်း ကိုယ့်ယုံကြည်ချက်နဲ့ လာကြတယ်၊ ဦးကလည်း မောင်လူရဲတို့ကို ကြည့်ပြီး ယုံကြည်လို့ ချက်ချင်းခန့်လိုက်တာပါ"

"ဒါနဲ့ ဦးကို တစ်ခုမေးပါရစေ"

"မေးပါ မောင်လူရဲ"

"ကျွန်တော့်ကို လစာအနေနဲ့ ဘယ်လိုများ ချီးမြှင့်မလဲဆိုတာ သိချင်လို့ပါ"

"မေးသင့်တဲ့ မေးခွန်းပါပဲ၊ ဦးကလည်း မောင်လူရဲကို ကြည့်ပြီး သဘောကျလို့ လစာအနေနဲ့ တစ်လ ငွေသားသုံးရာ ချီးမြှင့်မယ်၊ ဘယ်လိုလဲ မောင်လူရဲ ...လုပ်နိုင်ပါ့မလား"

"လုပ်နိုင်ပါတယ်"





"သုံးရာက အသားတင်နော်၊ စားဖို့သောက်ဖို့ အားလုံး ဦးက တာဝန်ယူတယ်၊ ခရီးတစ်လျှောက်လုံးလည်း ဦးက ကျွေးပါ"

"ဒါနဲ့ ဦးကို တစ်ခုပြောချင်တယ်"

"ပြောလေ မောင်လူရဲ"

"ဦးက ခရီးထွက်မယ်ဆိုတော့ ဘယ်တော့လောက် ခရီးထွက်ရမှာလဲ၊ ခရီးထွက်မယ်ဆိုရင် ကျွန်တော့်ကို ကြိုအသိပေးပါ၊ ဦးအပ်မယ့်ပစ္စည်းလေးတွေ စုဆောင်းထားချင်လို့ပါ၊ ပြီးတော့ ခရီးထွက်ရင် ကျွန်တော့်ရဲ့သူငယ်ချင်း ကျော်စိုးကို ခေါ်ခဲ့လို့ရသလား၊ သူ့အတွက် ကျွန်တော် တာဝန်ယူပါ့မယ်"

"ဟာ ...ရတာပေါ့ မောင်လူရဲ၊ လူတစ်ယောက် ပိုလာတော့ ဦးတို့အတွက် တအားတက်တာပေါ့၊ ပြီးတော့ မောင်လူရဲအတွက်လည်း အဖော်ရတာပေါ့၊ စားဖို့ကတော့ မပူပါနဲ့၊ ဦးပဲ ကျွေးပါ့မယ် ...၊

ပြီးတော့ ဦးရဲ့လူတွေလည်း ပါဦးမယ်၊ သူတို့ကလည်း အားလုံး ငါးယောက်လောက်ရှိမယ်၊ လူမျိုးတော့စုံတယ် မောင်လူရဲ ဘာဖြစ်လို့လဲဆိုတော့ ခရီးက နည်းနည်းတော့ဝေးတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်လည်း လူများတော့ ပိုပြီးကောင်းတာပေါ့”

“ဟုတ်ကဲ့ ဦး . . . ကျေးဇူးတင်ပါတယ်၊ ဒါနဲ့ ဦး . . . ခရီးက ဘယ်တော့လောက် ထွက်မလဲ”

“ဒီတစ်ပတ်ထဲမှာ ထွက်ရလိမ့်မယ်၊ ပစ္စည်းတွေ စုလိုက်ဦးမယ်၊ မောင်လူရဲတို့လည်း သန်ဘက်ခါကျရင် ဦးတို့အိမ်မှာ လာနေလို့ရတယ်၊ ပြီးတော့ ဦးရဲ့လူတွေနဲ့လည်း ခင်မင်မှုရအောင် အနီးကပ်ဆုံး မိတ်ဆွေတွေ ဖြစ်သွားအောင်လို့ပါ၊ သူတို့နဲ့က လာမှပဲ မိတ်ဆက်ပေးပါ့မယ်”

ဟုပြောပြီး ဦးအုန်းခိုင်နဲ့ လူရဲတို့ ဆွေးနွေးပွဲလေး ရပ်နားလိုက်ပါတော့သည်။

❑ ❑ ❑



# အခန်း (၅)

## ချစ်သူနှစ်ဦးရဲ့အဆွေးရိပ်

ရှေ့တွင်ရှိသော ကန်ရေပြင်ကို သုဝေဖင် စူးစိုက်ကြည့်နေမိသည်။ သူ၏ဘေးတွင်ထိုင်နေသော လူရဲကို တဒင်္ဂအတွင်း မေ့သွားသလို ဖြစ်သွားသည်။ ဒါကလည်း လူရဲက သူမကို ပြောလိုက်သောစကားကြောင့် ခေတ္တတွေဝေကာ စိတ်မကောင်းဖြစ်မိသည်။

ချစ်သူ့သက်တမ်း သုံးနှစ်ကျော်ကာလအတွင်း သူမနဲ့ လူရဲက မခွဲဘဲ အတူသွားအတူလာ နေထိုင်ခဲ့ကြသည်။ မောင် လူရဲက အလုပ်ရလျှင် လက်ထပ်မည်ဟုပြောထားခဲ့၍လည်း သူမ



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ကို ဆုတောင်းပေးရတာ အမောပါပဲ။

သို့သော်လည်း ရတဲ့အလုပ်က နယ်သွားရမယ်၊ ခရီးသွားရမယ်ဆို ပြန်တော့လည်း သူမမှာ လူရဲနဲ့ မခွဲနိုင်ဖြစ်နေသည်။ လူရဲပြောတုန်းကတော့ သုဝေဇင် ဝမ်းသာမိသည်။ အလုပ်ရ၍ ဝမ်းသာမိတာပါ။ ခုတော့ အလုပ်က ခရီးထွက်ရတဲ့ အလုပ်ဖြစ်မယ်လို့ မထင်ထားခဲ့ဘူး။

သူမ တွေဝေငေးမောနေမိသည်မှာ ဘယ်လောက်များ ကြာသွားသည်မသိပါ။ သူမ၏ဘေးမှ လူရဲက ...

"ဝေ ဝေ"

ဆိုနင့်သောလေသံလေးဖြင့် ခေါ်မိသည်။ လူရဲ၏ ခေါ်သံလေးက ဆိုနင့်နေပေမယ့် ကြင်နာယုယသံလေး ပါနေသည်ကို သုဝေဇင် သိလိုက်ပါသည်။

ထိုအခါ သူမက လူရဲဘက်သို့ ဘေးစောင်းလှည့်ကာ ကြည့်လိုက်သည်။

"ဝေ စိတ်မကောင်းမဖြစ်ပါနဲ့၊ ခရီးထွက်ရမယ်ဆိုတာကလည်း နိုင်ငံခြားမှမဟုတ်တာ၊ ကိုယ့်ပြည်တွင်းထဲမှာပါပဲ၊ ခရီးရှည်က ဘယ်လောက်ကြာမလဲဆိုတာတော့ ခန့်မှန်းလို့ မရ





ဘူး၊ တစ်လဖြစ်ချင်ဖြစ်မယ်၊ နှစ်လဖြစ်ချင်ဖြစ်မှာပေါ့ ...၊ ခရီးက ပြန်လာတာနဲ့ ဝေနဲ့ကိုယ်တို့ လက်ထပ်ကြမယ်လေ၊ အချိန်လေးတစ်ခုတော့ စောင့်ပေးပေါ့၊ အစ်ကိုလည်း ဝေ့ကို လွမ်းနေမှာပါ"

လွမ်းနေမှာပါလို့ လူရဲက သုဝေဇင်ကို ကြည့်ကာ ပြောလိုက်သော မျက်နှာလေးကို သုဝေဇင်က ကြင်နာရိပ်သန်းလျက် ဝမ်းနည်းလာမိသည်။

ထိုဝမ်းနည်းစိတ်ကြောင့် မျက်ရည်ဥလေးတွေ ပြူတစ်ပြူတစ်ဖြစ်လာသောအခါ လူရဲက သူ၏လက်ညှိုးလေးဖြင့် မျက်လုံးလေးကို သပ်ပေးလိုက်လေသည်။ ပြီးနောက် ပခုံးကိုဖက်ကာ သူ၏ရင်ခွင်ထဲသို့ ပွေ့ထားလိုက်မိသည်။

ထိုအခါ သူမက ပိုပြီးဝမ်းနည်းလာကာ မျက်ရည်များ ထွက်လာခဲ့မိသည်အထိ ဝမ်းနည်းလာမိသည်။

လူရဲလည်း သူမ၏လွမ်းစိတ်များကို နှစ်သိမ့်ကာ ချော့မော့ပြီး ညနေစောင်းမှ ပြန်ခဲ့ကြလေတော့သည်။

❑



www.burmeseclassic.com

www.burmeseclassic.com



လူရဲလည်း အိမ်ရောက်တော့ သူ၏အခန်းထဲသို့ဝင်ကာ သုဝေဇင်နဲ့ သူတို့အချစ်ဇာတ်လမ်းလေးကို ပြန်လည်ခံစားနေမိသည်။ ယခုလို ခွဲခွာ၍သွားရမည်ဆိုတော့ သူလည်း ခံစားရသည်။ သုဝေဇင်နှင့် တွေ့ပြီးပြန်လာတော့ ရင်ထဲတွင် မကောင်းဖြစ်မိသည်။ တစ်ညလုံး အိပ်၍ပင်မပျော်တော့ပါ။

ထိုတစ်ညလုံး သူ၏အခန်းထဲတွင် မအိပ်ဘဲ ဟိုဘက်လှည့် ဒီဘက်လှည့်ဖြစ်နေသောလူရဲကို သူငယ်ချင်းကျော်စိုးက

"လူရဲ ဘာဖြစ်နေတာလဲ ... အိပ်မပျော်ဘူးလား"

"ဟုတ်တယ် ကျော်စိုး၊ ငါ ဝေနဲ့တွေ့ခဲ့ပြီး အိပ်လို့မရဖြစ်နေတယ်၊ ခွဲရမယ်ဆိုတဲ့အသိနဲ့ ခံစားနေရလို့လားမသိဘူး အိပ်လို့မရ ဖြစ်နေတယ်"

"မင်းကလည်းကွာ ... နောက်လည်း ခံစားရဦးမှာပဲ၊ စိတ်ဖြေလိုက်ပေါ့၊ မနက်ဖြန် ဦးအုန်းနိုင်တို့ဆီကို သွားတွေ့ရဦးမယ်မဟုတ်လား၊ အိပ်တော့ကွ"

ဟု ကျော်စိုးက အမိန့်ပေးသလိုနဲ့ သူ၏နှစ်သိမ့်စကားဆိုလိုက်သည်။

❑ ❑ ❑

ခု နှစ် စဉ့် ကြယ် တ ပေ

## အခန်း (၆)

## ဦးအုန်းနိုင်နှင့် လူရဲ

ဦးအုန်းနိုင်က လူရဲကို သူ၏စာကြည့်ခန်းထဲသို့ ခေါ်သွားခဲ့သည်။ ပြီးနောက် သူ၏ထိုင်ခုံဘေး အံဆွဲသုံးဆင့်ရှိသော စားပွဲ၏ဘေးမှ အောက်ဆုံးအံဆွဲကို ဆွဲထုတ်လိုက်ပြီး ဖိုင်တစ်ခုကို ဆွဲထုတ်ယူလိုက်သည်။

ထိုဖိုင်ထဲမှ စာရွက်တစ်ရွက်ကို ဖြုတ်ယူလိုက်ကာ သူ၏စားပွဲပေါ်တွင် ဖြန့်လိုက်လေသည်။ ထိုစာရွက်သည်ကား တောတောင် မြို့များနှင့် လမ်းကြောင်းများပါသော မြေပုံတစ်ခုဖြစ်ကြောင်း လူရဲသိလိုက်သည်။

ခု နှစ် စဉ့် ကြယ် တ ပေ

www.burmeseclassic.com

www.burmeseclassic.com



ဦးအုန်းခိုင်က ထိုမြေပုံပေါ် လက်နှင့်ထောက်ရင်း ...

"ကျုပ်တို့ ဒီမြေပုံအတိုင်း သွားရလိမ့်မယ်"

လူရဲသည် မြေပုံကို သေချာစွာကြည့်လိုက်၏။ တောတောင်အလွန်ထူထပ်မည်ဆိုတာကိုတော့ သိလိုက်သည်။ လမ်းခရီးကလည်း ကြမ်းတမ်းမည့်သဘောရှိသည်။

မြေပုံကို စူးစိုက်ကြည့်ရှုရင်း လူရဲက ...

"ဒီမြေပုံအရဆိုရင် တောအလွန်ထူထပ်လိမ့်မယ်၊ လူသူအရောက်အပေါက်နည်းမယ့်ပုံပါပဲ၊ အန္တရာယ်လည်း အတော်များမယ့်ပုံပဲ"

ဦးအုန်းခိုင်သည် လူရဲ၏အပြောကို သဘောကျပြီး သူ့ကို ပြုံးကြည့်လိုက်သည်။ လူရဲ၏ ဝေဖန်ပြောဆိုချက်များမှာ မှန်နေသည်က တစ်ကြောင်း၊ ခရီးလမ်းမြေပုံကို ကြည့်ရှုနိုင်ရုံ မြေပုံပေါ်ပါ လမ်းကြောင်းကို လူရဲအဖို့ သိနှင့်ပြီးသားဆိုတော့ သူ့အဖို့ ဘာမှမပြောလိုတော့ပါ။

ထို့ကြောင့် ဦးအုန်းခိုင်က ...

"ဒါကြောင့်လည်း ဒီလို ခရီးကြမ်းရဲ့ဒဏ်ကို ခံနိုင်ရည်ရှိတဲ့သူ၊ လမ်းခရီးကို ကျွမ်းကျွမ်းကျင်ကျင်သွားလာတတ်တဲ့





မောင်ရင့်ကို ဦးက ရွေးတာပေါ့၊ မောင်ရင်တို့ ဦးဆီ ရောက်လာကတည်းက ဦး အကဲခတ်မိပါတယ်၊ မောင်ရင်ဟာ ဖွံ့ရှိမယ့်သူ၊ အလုပ်အပေါ်မှာ သစ္စာရှိမယ့်သူ၊ စွန့်စားချင်တဲ့သူ ဖြစ်မယ်ဆိုတာ မြင်တာနဲ့ သိလိုက်လို့လည်း ဦးက တန်းပြီး အလုပ်ခန့်လိုက်တာပဲ"

ဦးအုန်းခိုင်၏ သူ့အပေါ် အလုပ်တန်းခန့်လိုက်တာ သူ့အပေါ် ယုံကြည်မှုရှိလို့ဆိုတာလည်း သူသိလိုက်ပါသည်။ ဒါပေမဲ့ ဘာကြောင့် ဒီခရီးကိုထွက်ရသလဲဆိုတာ ဘာတစ်ခွန်းမှ မပြောသေးတာ သူ အံ့ဩမိသည်။

သူ့အနေနဲ့ကလည်း မေးဖို့ဆိုတာလည်း အကြိမ်ကြိမ်ကြိုးစားခဲ့မိသည်။ သို့ပေမယ့် မမေးဖြစ်ပါ။ ယခုလည်း မေးချင်ပေမယ့် မေးလို့ကောင်းပါ့မလားဆိုတာ စဉ်းစားနေမိသည်။

ထိုအခါ ဦးအုန်းခိုင်က ...

"မောင်လူရဲ ... ဘာတွေစဉ်းစားနေတာလဲဆိုတာ ဦးသိပါတယ်၊ ဒီခရီးဟာ ဘယ်လိုခရီးမျိုးလဲဆိုတာ သိချင်နေတယ် မဟုတ်လား၊ ဦးလည်း ပြောပြပါ့မယ်၊ ဒါပေမဲ့ ... အခုတော့ မဟုတ်သေးဘူး၊ ဦးတို့ ဒီခရီးကို မထွက်ခင်တစ်နေ့မှာ



www.burmeseclassic.com

www.burmeseclassic.com



ပြောပြပါ့မယ် ...၊

အခုတော့ ဒီလောက်ပဲသိထားပါ။ အဲ... ဒါပေမဲ့ ဦးတို့ သွားမယ့်ခရီးဟာ ကောင်းသောသွားခြင်းပါ။ ဥပဒေနဲ့ လွတ်ကင်းပါတယ်၊ ဦးရဲ့ ဝါသနာကိုလည်း ဦးက ဦးစားပေးသလို ဦးရဲ့ ခရီးမှာ မောင်ရင်တို့လို စွန့်စားလိုတဲ့လူငယ်လေးတွေ လိုအပ်တယ်ထင်လို့ ယခုလို သတင်းစာက ကြော်ငြာလိုက်တာပါ ...၊

မောင်ရင်က ပထမဦးစွာရောက်လာသလို ဦးကလည်း မောင်ရင့်ကို သဘောကျပြီး အလုပ်ခန့်မိတာပါ။ မောင်ရင့်ရဲ့ စိတ်ထားနဲ့ အရည်အချင်းအားလုံးကလည်း ဦးလိုချင်တဲ့ အရည်အချင်းမျိုး ရှိနေလို့ပဲ ...၊

လောလောဆယ်တော့ ဒီလောက်ပဲ မောင်လူရဲ သိထားပါနော်၊ လာမယ့်လထဲမှာ ခရီးစထွက်မယ်၊ အခုကတည်းက လိုအပ်မယ်ထင်တာတွေ စုထားပေါ့၊ လောလောဆယ် ဒီငွေတွေ ယူသွားပါ၊ လိုအပ်တာတွေ ဝယ်စုထားပါ ...၊

မောင်ရင်တို့မှာက မိဘတွေမရှိတော့ဘူးဆိုတော့ ဘယ်သူ့ကိုမှ ပြောခဲ့၊ မှာခဲ့စရာ မလိုဘူးမဟုတ်လား။ ဒါကို ဦးက သဘောကျတယ်၊ ဒီလို လွတ်လပ်တဲ့လူငယ်လေးတွေကို ဦးက





ကြိုဆိုပါတယ် ...၊

ကဲ ကဲ ... မောင်ရင်တို့ ဒီနေ့တော့ ဒီလောက်ပဲ သိထားပြီး ပြင်ဆင်စရာရှိတာတွေ ပြင်ဆင်လို့ရအောင် စုဆောင်းလို့ရအောင် ပြန်နှင့်ကြတော့”

ဟုပြောကာ ဦးအုန်းခိုင်၏စီစဉ်မှုများကို အစမှအဆုံး ပြောလေတော့သည်။

လူရဲတို့မှာ သွားရမယ့်ရက်ကိုသိထား၍ သုဝေဇင်ကို ပြောပြရမယ်လို့ ဆုံးဖြတ်လိုက်လေသည်။

လူရဲသည် နောက်တစ်နေ့တွင် သုဝေဇင်တို့နှင့် ချိန်းလိုက်သည်။ လွတ်လွတ်လပ်လပ်ရှိမယ့် တစ်နေရာသို့ ချိန်းလိုက်လေတော့သည်။

ပန်းခြံတစ်ခု၏ ခုံတန်းလေးတစ်ခုတွင် ...

“ဝေ”

လူရဲက သုဝေဇင်ကို တိုးညင်သာစွာ ခေါ်လိုက်သည်။ သုဝေဇင်က လူရဲခေါ်လိုက်သည်ကို ကြားပေမယ့် လူရဲဘက်သို့ မလှည့်ဘဲ ခေါင်းညိတ်နေမိသည်။ ပြီးတော့ ...

“ပြောလေ အစ်ကို ... ဘာပြောစရာရှိလို့လဲ”



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုတို့ နောက်လ ခရီးစထွက်တော့မယ်၊ ဝေနဲ့ တွေ့ဖို့ ဒီတစ်လပဲ ရှိတော့တယ်၊ ဝေ ဘာမှအားမငယ်ပါနဲ့နော်၊ အစ်ကို ရောက်တဲ့နေရာကနေ စာနဲ့ ဆက်သွယ်မှာပါ ...၊

အဲ ... ဒါပေမဲ့ တောထဲရောက်နေရင်တော့ အဆက်အသွယ် ရမှာမဟုတ်ဘူး၊ ဒါတော့ ဝေ နားလည်ပေးပါ"

လှရဲက တောက်လျှောက်ပြောနေပေမယ့် သုဝေဇင်က ဘာမှပြန်မပြော ပြန်မမေးဘဲ ငြိမ်လျက် နားထောင်နေမိသည်။ လှရဲက ဝေတစ်ယောက် ငြိမ်ချက်သားကောင်းနေ၍ အားမလို အားမရ ဖြစ်နေမိသည်။

သို့သော်လည်း သူမ၏စိတ်မကောင်းဖြစ်နေသောမျက်နှာလေးကို မမြင်ရက်၍ သူလည်း ဘာမှ ဆက်မပြောတော့ပါ။

သူတို့၏ဆွေးနွေးမှုမှာ သူ့ဘက်ကသာ ပြောနေပေမယ့် ဝေ့ဘက်မှ ဘာမှပြန်မပြောတာ သူလည်း စိတ်မကောင်းဖြစ်မိသည်။ ဒါပေမဲ့ ခရီးကတော့ ထွက်ရတော့မည် မဟုတ်ပါလား။

လှရဲက သူ ဆက်ပြီးလုပ်ရမယ့် အလုပ်ကိုတော့ သူက နောက်ဆုတ်မည်မဟုတ်ပါ။ သူ့ဝါသနာပါတဲ့ စွန့်စားမှုနဲ့ သူ လက်ခံထားသောအလုပ်မှာတော့ သူ့အနေနဲ့ ကတိမပျက်ချင်ပါ။





အချစ်ရေးထက် သူ့ရဲ့ဝါသနာကို သူပိုပြီး စိတ်အားထက်သန်သူ တစ်ဦးဖြစ်လေတော့ သူလည်း ခံစားရပေမယ့် ဘာမှတော့ တတ်နိုင်ပါ။

တစ်ဖက်မှာလည်း ကတိပေးထားပြီးသား မဟုတ်ပါလား။ လှရဲသည် သူ၏ဘေးတွင် ဝမ်းနည်းစွာ မျက်ရည်ဝဲနေသော ဝေကို သူ၏ရင်ခွင်ထဲသို့ ထွေးပွေ့ထားလိုက်မိလေတော့သည်။

❑❑❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

## ခရီးထွက်ရန်ပြင်ဆင်ခြင်း

လူရဲတို့ ဦးအုန်းခိုင်အိမ်ရှေ့သို့ရောက်လာခဲ့ကြသည်။ သူတို့၏ခရီးဆောင်အိတ်တွေပါ တစ်ခါတည်း ယူခဲ့ကြလေသည်။ သူတို့က ဦးအုန်းခိုင်အိမ်မှ စပြီး ခရီးစထွက်ကြရမည်ဟု ဦးအုန်းခိုင်က ပြောလိုက်၍ ခရီးမထွက်ခင် နှစ်ရက်လောက်ကြိုရောက်လာခဲ့ခြင်း ဖြစ်သည်။

ဦးအုန်းခိုင်ကလည်း သူတို့ကို ကြိုပြီးလာစေချင်သည်။ ဘာကြောင့်လဲဆိုတော့ သူ၏လူများနဲ့ မိတ်ဆွေဖွဲ့ပေးချင်သည်။ ခရီးမသွားခင် ရင်းနှီးစေချင်သည်။





ဒါမှလည်း ခရီးအတူတူသွားတဲ့အခါ မိတ်ဆွေရင်းချာလို တစ်ဦးနဲ့တစ်ဦး ကူညီရိုင်းပင်းမှု ရကြမည်မဟုတ်ပါလား။

ဦးအုန်းခိုင်အိမ်ထဲသို့ လူရဲတို့ဝင်လိုက်ကြသောအခါ သူတို့လိုပဲ အိမ်ထဲတွင် လူလေးငါးဦး တွေ့ရလေသည်။ ကရင်အမျိုးသားနှစ်ဦးနှင့် ပေါက်ဖော်တရုတ်တစ်ယောက်ပါ တွေ့ရသည်။

အကြမ်းခံနိုင်သောလူများဟု ထင်ရသော နောက်ထပ် အလုပ်ကြမ်းသမားနှစ်ဦးကိုလည်း တွေ့ရသည်။

ထိုစဉ် အိမ်ခန်းတစ်ခုထဲမှ ဦးအုန်းခိုင် ထွက်လာသည်။

"လာ မောင်လူရဲ . . . ဦး မျှော်နေတာ၊ ဒီမှာတော့ လူတွေစုံနေပြီ၊ သူတို့နဲ့ မိတ်ဆက်ပေးမယ်"

လူရဲတို့လည်း ခရီးဆောင်အိတ်များကို အခန်းတစ်ခု၏ ဆောင့်တွင် ထားလိုက်ပြီး ဦးအုန်းခိုင်နားသို့ တိုးကပ်သွားသည်။

ဦးအုန်းခိုင်က ဆက်တီတစ်လုံးတွင် ထိုင်ကာ သူတို့ကို . . .

"ထိုင် မောင်လူရဲ"

ဟုပြောကာ ရှေ့တွင်ရှိ ဆက်တီကို လက်ညှိုးထိုးပြလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် ကျန်သောဆက်တီတွင် ကရင်အမျိုးသား နှစ်ဦးနဲ့ တရုတ်လူမျိုးတစ်ဦးပါ ရှိနေကြသည်။

ဦးအုန်းခိုင်က ...

"မောင်လူရဲ ... သူက ဆန်းရှိန်၊ အောင်လွင်၊ ပေါက်ဖော်လေးကတော့ ချန်ကေရှိတ်တဲ့၊ ကျန်တဲ့နှစ်ယောက်က ဖင်မဲနဲ့ ခြေမကြီးတို့ပါပဲ"

ထိုအခါ လူရဲက ...

"ဟုတ်ကဲ့ ... အားလုံးကို တွေ့ရတာ ဝမ်းသာပါတယ်၊ ကျွန်တော့်နာမည်ကတော့ မောင်လူရဲပါ၊ အခု တွေ့ရတဲ့ မိတ်ဆွေတွေထက် ကျွန်တော်က ငယ်ပါလိမ့်မယ်၊ ဒါကြောင့် လူရဲလို့ခေါ်ပါ"

မောင်လူရဲက သူ့ကိုယ်သူ မိတ်ဆက်ပေးလိုက်၍ ဦးအုန်းခိုင်က ကျေနပ်သောအပြုံးဖြင့် ပြုံးနေလေတော့သည်။

"အခု အားလုံးက တစ်လှေတည်းစီး တစ်ခရီးတည်းသွားရမယ့်သူတွေဆိုတော့ အားလုံး ဆွေမျိုးတွေလို ဆက်ဆံမယ်နော်၊ လမ်းခရီးမှာ တစ်ဦးရဲ့အကူအညီကို တစ်ဦးက ကူညီရိုင်းပင်းကြပါလို့ ပြောချင်ပါတယ် ...၊





ဪ ... မောင်လူရဲကို ပြောထားရဦးမယ်၊ အခု သူရဲကို မိတ်ဆက်ပေးတဲ့သူတွေထဲက ဆန်းရှိန်နဲ့ အောင်လွင်တို့က သမ်းပြုတွေပါ၊ သူတို့က ဒီနယ်မြေကို ကျွမ်းကျင်တဲ့ တောလိုက်မုဆိုးတွေပဲ၊ ချန်ကေရှိတ်ကတော့ ထမင်းချက်ပေါ့၊ ဖင်မဲနဲ့ ခြေမကြီးတို့ကတော့ အထမ်းသမားဆိုလည်း ဟုတ်တယ်၊ တခြား အဖော်လောင်ဖက်ပေါ့"

"ဟုတ်ကဲ့ ဦး၊ ကျွန်တော် သူတို့တွေကို ညီအစ်ကိုလို သဘောထားပါ့မယ်၊ ကျွန်တော်တို့နဲ့ အတူတူသွားကြမယ့် မိတ်ဆွေ ဆွေမျိုးသားချင်းလို ဆက်ဆံပါ့မယ်"

ဟုပြောကာ လူရဲက သူနဲ့တွဲဖက်သူများကို လှေ့လာနေလေသည်။

ကရင်အမျိုးသားနှစ်ဦးက သူ့ထက် အသက်လေးငါးနှစ်လောက်တော့ ကြီးလိမ့်မည်ဟု ထင်ပါသည်။

ချန်ကေရှိတ်ကတော့ ၂၅ နှစ်လောက်ရှိမည်ဟု ခန့်မှန်းမိသည်။ ဖင်မဲနဲ့ ခြေမကြီးကတော့ သူ့ထက် ငယ်ကြသည်။

ထိုအချိန်တွင် ဦးအုန်းခိုင်က သူတို့နားမှ ထသွားလေသည်။ ပြီးနောက် ဘုရားခန်းထဲသို့ ဝင်သွားပြီး ဘုရားစင်၏



www.burmeseclassic.com

www.burmeseclassic.com



အောက်အံဆွဲတစ်ခုကို သော့လေးတစ်ခုဖြင့် ဖွင့်လိုက်သည်။

ထို့နောက် အံဆွဲထဲမှ ရွှေရောင်ယွန်းအစ်လေးတစ်လုံးကို ထုတ်ယူလိုက်သည်။

ယွန်းအစ်လေးက ရှစ်လက်မပတ်လည်လောက် ရှိမည် ထင်ရသည်။

ထိုရွှေရောင်ယွန်းအစ်လေးကိုယူပြီး လူရဲတို့ရှိရာသို့ ပြန်လာခဲ့လေသည်။

ပြီးနောက် ယွန်းအစ်လေးကို ဖွင့်လိုက်သည်။ ပြီး ... ထိုယွန်းအစ်လေးထဲမှ ရွှေရောင် အတောင့်လေးတစ်တောင့်နှင့် ကျောက်ပြင်အသေးလေးကို ထုတ်ယူလိုက်သည်။

ထို့နောက် ထိုကျောက်ပြင်ပေါ်သို့ ရေအနည်းငယ်တင်ကာ ထိုရွှေရောင်ဆေးတောင့်လေးကို သွေးလေသည်။

တစ်ဖန် ... ယွန်းအစ်လေးထဲမှ ရွှေရောင်ဖွန်းလေးတစ်ချောင်း ထပ်ပြီးထုတ်ယူကာ သွေးထားသော ဆေးရည်ကို ထိုရွှေရောင်ဖွန်းလေးဖြင့် တစ်ဖွန်းခပ်ကာ ပါးစပ်ထဲသို့ ထည့်လေသည်။

ပြီးနောက် ... လူရဲ၊ ဆန်းရှိန်၊ အောင်လွင်၊ ချန်ကေ





ရှိတ်တို့ကိုပါ တစ်ယောက်တစ်ဖွန်းစီ ကျွေးလိုက်သည်။

ထိုသို့ အသီးသီး ဆေးရည်များသောက်ပြီးသောအခါ ဆန်းရှိန်ဆိုသော ကရင်လေးက ...

"ဟာ ဆရာ ... ဆရာဆေးက ကောင်းလှချည်လား။ သူတစ်ကိုယ်လုံး ပေါ့ပါးလန်းဆန်းသွားတာပဲ၊ စိတ်ထဲမှာ ကြည်ပြီး ခွန်အားတွေ ပြည့်လာသလိုပဲ"

ထိုအခါ အောင်လွင်ကလည်း ...

"ဟုတ်တယ် ဆရာရေ၊ ကျွန်တော်လည်း သူ့အတိုင်းပဲ ခံစားရတယ်"

ထို့အတူ တရုတ်လေး ချန်ကေရှိတ်ကလည်း ...

"ဆရာကြီး ... ဆရာကြီးရဲ့ဆေး ဝသောက်လိုက်တာနဲ့ လူကိုပေါ့ပါးပြီး ပျံနေသလား ထင်ရတယ်၊ ဆရာကြီးရဲ့ဆေး နည်းနည်းလောက် ထပ်သောက်ချင်သေးတယ် ... ရဦးမလား"

"ဟား ဟား ... မလုပ်ပါနဲ့ ချန်ကေရှိတ်ရယ်၊ မင်းတို့ အတွက် ဒီဆေးရဲ့တစ်ဖွန်းဆိုရင် လုံလောက်ပါပြီ၊ မင်းတို့ အခု သွားမယ့်ခရီးအတွက် အင်အားတွေလိုနေမယ်ဆိုတာသိလို့ ဦးကြီး တစ်ယောက်တစ်ဖွန်း တိုက်လိုက်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ လူရဲကော ဘယ်လိုခံစားရလဲ"

"ဟုတ်တယ် ဦး ... သူတို့ပြောသလိုပဲ စိတ်ထဲမှာကြည်လင်ပြီး ပေါ့ပါးသွားသလို ခံစားရတယ်၊ ဒီဆေးရဲ့အစွမ်းသတ္တိကိုလည်း ကျွန်တော်သိချင်တယ် ဦး"

ထိုအခါ ဦးအုန်းခိုင်က လူရဲ၏ စူးစမ်းသောအသိစိတ်ကို ချီးကျူးမိသည်။ ထို့ကြောင့် မောင်လူရဲသိချင်သောအကြောင်းကို ...

"လူရဲ သိချင်မယ်ဆိုတာ ဦးက ကြိုတင်သိထားပြီးသားပါ၊ ဒီဆေးဟာ နယ်နယ်ရရဆေး မဟုတ်ဘူးကွဲ့၊ ဦးတို့ဘိုးဘေးဘီလက်ထက်ကတည်းက သိမ်းထားတဲ့ဆေးပဲ၊ ဒီဆေးဟာ နောက်ထပ်လည်း ရဖို့မလွယ်လှတော့ဘူး၊ ဦးတောင် ဒီဆေးကို အသုံးပြုရတာကလည်း ဦးတို့သွားရမယ့်ခရီးလမ်းစဉ်ကြောင့် ဒီဆေးဖော်လို့ အသုံးပြုရတာပဲ ...၊

ဒီဆေးဟာ ဘာအတွက် အကျိုးပြုသလဲဆိုတော့ အရာရာကို စွမ်းဆောင်နိုင်တယ်၊ ရောဂါဘယတွေကိုလည်း ကင်းဝေးစေတယ်၊ ဘေးအန္တရာယ်တွေကိုလည်း မကျရောက်အောင် ကာကွယ်ပေးတယ် ...၊





ဒီဆေးဟာ ဦးရဲ့ ဘိုးဘေးတွေဟာ အဓိဋ္ဌာန်စခန်းဝင်ပြီး စီရင်ခဲ့တဲ့ ဆေးတော်ကြီးပါပဲ၊ ဒါကြောင့်လည်း အရာရာကို စွမ်းဆောင်နိုင်တယ်ပေါ့ ...၊

အခုလည်း လိုအပ်မယ်ထင်လို့ ဦးက မင်းတို့တစ်တွေကို ကျွေးရတာပါ၊ ဦးတို့သွားမယ့် ခရီးဟာ ကြမ်းတမ်းတဲ့နေရာမျိုးဆိုတော့ အန္တရာယ်တွေကင်းဝေးဖို့ လိုအပ်တယ်လေ"

ဦးအုန်းခိုင်သည် လူရဲကို ဆေး၏အာနိသင်အကြောင်း ရှင်းပြပြီး ဆေးတောင့်နှင့် ကျောက်ပြင်လေးကို ယွန်းအစ်လေးထဲသို့ တရိုတသေ ထည့်ကာ မှုလနေရာသို့ ပြန်လည်သယ်ဆောင်သွားတော့၏။ ပြီးနောက် သော့ပါခတ်ကာ သေချာစွာ ပြန်သိမ်းလိုက်လေသည်။

❑❑❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

## မြန်မာပြည်နှင့် ဆင်စွယ်နက်

ဧလသာဆောင်ရှေ့တွင် ဦးအုန်းခိုင်နှင့် လူရဲတို့ မျက်နှာချင်းဆိုင်ကာ စကားပြောနေကြသည်။ ဦးအုန်းခိုင်က ...

"လူရဲ ... ဒီခရီးစဉ်ကို ဘုမသိ ဘမသိဘဲ လိုက်ရတယ်လို့ မထင်ဘူးလား"

"ဟုတ်ကဲ့ ... ဒီကိစ္စကို ကျွန်တော့်အနေနဲ့ မေးမယ်လို့ စဉ်းစားနေမိပါတယ်၊ ဒါပေမဲ့ ဦးဆီက စပြောတာပဲ ကျွန်တော် စောင့်နေတာပါ။ တကယ်တော့ ကျွန်တော့်အနေနဲ့ သိချင်နေမိတာတော့ အမှန်ပဲ"





"အခု ဒီခရီးစဉ်ကို ဦးအနေနဲ့ စီစဉ်ဆွဲရတာကလည်း ဦးရဲ့ကိုယ်ကျိုးအတွက် မဟုတ်ပါဘူး၊ အမှန်အတိုင်းဝန်ခံရမယ်ဆိုရင်တော့ တစ်စိတ်တစ်ဒေသတော့ ပါပါတယ်၊ ဒါပေမဲ့ ... အားလုံးတော့ မဟုတ်ပါဘူး။ ဦးရဲ့ ဘိုးဘွားလက်ထက်ကတည်းက စီစဉ်ခဲ့တာဆိုရင်တော့ မှန်မှာပါ ...၊

ဦးလည်း ဒီခရီးစဉ်နဲ့ပတ်သက်ပြီး အကြောင်းအရာနဲ့ လိုအပ်တဲ့ပစ္စည်း၊ ခိုင်လုံတဲ့အထောက်အထားတွေ စုနေရလို့ပါ"

"ဒါနဲ့ ဦး ... အခုသွားမယ့်ခရီးစဉ်ရဲ့ အဓိက ဘာအတွက်လဲဆိုတာ ကျွန်တော် သိခွင့်မရဘူးလား"

"ရတာပေါ့၊ ဦးကလည်း ပြောပြပါ့မယ်၊ အဓိကကတော့ လူရဲ ကြားဖူးသလားတော့ မသိဘူး ... ဆင်စွယ်နက်ဆိုတာ ဦးတို့မြန်မာပြည်မှာ ရှိခဲ့ဖူးတယ်ဆိုတာ လူရဲ သိလားတော့ မသိဘူး"

"ဟုတ်ကဲ့ ... ကြားဖူးပါတယ်၊ ဒါပေမဲ့ မမြင်ဖူးခဲ့ပါဘူး။ ကြားရုံပဲ ကြားဖူးတာပါ"

ထို့နောက် ဦးအုန်းခိုင်က ...

"အေး ... ဆင်စွယ်နက်ဆိုတာ ကမ္ဘာမှာ အရှားပါးဆုံး



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းတွေထဲက တစ်ခုပဲ၊ အမြူတေတစ်မျိုး ဆိုပါတော့ကွာ။ ဆင်စွယ်နက်ပိုင်ဆိုင်တဲ့သူဟာလည်း တန်ဖိုးကြီးမားစွာနဲ့ ကြေး အများဆုံးရတဲ့သူ၊ တစ်နည်းအားဖြင့် ကမ္ဘာနဲ့ချီပြီး သူဌေးဘွဲ့ တောင်ပေးလို့ရတယ်လို့ ဦးကြားဖူးတယ်"

ထိုအခါ လူရဲက ...

"ဦးက ဒါဆိုရင် အခု ဆင်စွယ်နက်ရှာဖို့ သွားမှာ ဆိုတော့ ဦးမှာက အထောက်အထား ခိုင်ခိုင်လုံလုံ ရှိနေလို့လား"

"ရှိတာပေါ့ လူရဲရာ၊ ဦးက အလုပ်တစ်ခုကိုလုပ်ရင် အဓိပ္ပာယ်မရှိတာဆို ဘာမှမလုပ်ဘူး၊ ဦးအနေနဲ့ကလည်း ဆင် စွယ်နက်နဲ့ပတ်သက်တဲ့ အထောက်အထားကို ရခဲ့လို့ပဲ၊ ပြီးတော့ ဆင်တွေရဲ့ သဘာဝ၊ အသွားအလာ၊ အလေ့စရိုက်များကို ကျွမ်း တစ်စောင်ကိုပြုစုခဲ့တဲ့ ရှေးဆရာကြီးတစ်ဦးရဲ့ဆင်များရဲ့ မှတ် တမ်းကိုလည်း ရရှိခဲ့လေပြီလေ"

"ဒါနဲ့ ဦး ... ဆင်စွယ်နက်နဲ့ပတ်သက်ပြီး ဘာများ ထပ်ပြီး စဆောင်းဖို့လဲဆိုတာ ကျွန်တော်သိချင်လို့ပါ"

"တကယ်တော့ ဆင်စွယ်နက်ကို ဘယ်လိုများစီရင်မလဲ ဆိုတာနဲ့ပတ်သက်ပြီး စာအုပ်ကိုလည်း ရရှိခဲ့ထားပြီ၊ အခု





လည်း ဒီကိစ္စနဲ့ပဲ ခရီးထွက်ရလိမ့်မယ်"

"ဒါနဲ့ ဦးကို မေးစရာတစ်ခုကျန်သေးတယ်၊ အခု ဦးဆီ မှာ ဆင်စွယ်နက် တကယ်ရှိလားဟင်"

"ရှိတာပေါ့၊ ဦးရဲ့ ဘိုးဘွားဘီဘင်လက်ထက်ကတည်း က ရခဲ့တဲ့ ဆင်စွယ်နက်တစ်စုံ ရှိခဲ့တယ်၊ ဒါပေမဲ့ ... ဒီ ဆင်စွယ်နက်ကို ဘယ်လိုစီရင်ရမလဲဆိုတာနဲ့ပတ်သက်ပြီး ပေစာ ထုပ်ကို ရှာနေရလို့ အခုလို ကြာခဲ့တာ ...၊

အခုတော့ ဒီပေစာထုပ် ဦးလက်ထဲရောက်နေပြီ၊ ရလို့ လည်း ဦးတို့ ခရီးထွက်ရမယ်လို့ ပြောခဲ့တာပေါ့"

"ဒါနဲ့ ဦးကို မေးစရာတစ်ခုတော့ ကျန်ခဲ့သေးတယ်"

"ဘာများလဲကွဲ့ မေးလေ"

"ဆင်စွယ်နက်ကို ဦးရဲ့ဘိုးဘေးတွေ ဘယ်လိုရခဲ့သလဲ ဆိုတာ သိရမလားဟင်"

ဦးအုန်းခိုင်က လူရဲမေးသောစကားကို ခေတ္တစဉ်းစား လိုက်သည်။ ပြီးနောက် ...

"သူတို့ ဆင်စွယ်နက်ကို ဘယ်လိုရခဲ့သလဲဆိုတာတော့ ဦးလည်း သေသေချာချာ မမှတ်မိဘူးကွဲ့၊ ဒါပေမဲ့ ... ဦး



www.burmeseclassic.com

www.burmeseclassic.com



သိထားတာကတော့ ဆင်စွယ်နက်ကို ဘယ်လိုစီရင်ပြီးသုံးရင် ဘယ်လိုအစွမ်းထက်သလဲဆိုတာကို ရေးထားတဲ့ မှတ်တမ်းထား ခဲ့တဲ့ ပေစာထုပ်ကိုပဲ ဦးက ရှာနေတာပါ၊ ဟော . . . ခုလည်း ပေစာထုပ်တော့ ရထားပါပြီ . . . ၊

အဲ . . . ဒါပေမဲ့ ပေစာထုပ်ရတာနဲ့ ပတ်သက်ပြီးတော့ ဦးသိထားတဲ့ ရာဇဝင်ကိုတော့ ဦးက ပြောပြလို့ရတယ်''

ဟု အစချီကာ ဦးအုန်းခိုင်က ထိုင်ရာမှထပြီး လေသာ ဆောင်ဓါးရှေ့ တောအုပ်လေးဆီသို့ မှန်းမျှော်ကာကြည့်ရင်း . . .

ပေစာထုပ် ရောက်ရှိနေသောနေရာကို ရော်ရမ်းမှန်းဆ လျက် . . . ။

❑❑❑

# အခန်း (၉)

## မြို့စားမင်းနှင့် ပေစာထုပ်

အင်းဝခေတ်တုန်းက ဦးရဲ့ ဘိုးဘွားဘီဘင်လက်ထက်က ဆိုလို့ရတဲ့ ဆွေစဉ်မျိုးဆက်တစ်ဦးဟာ ပင်းတယမှာ ဘုရင်ရဲ့အမှု တော်ထမ်းခဲ့တဲ့သူပါ။ တစ်နည်းအားဖြင့် မြို့စားမင်းပေါ့။

တစ်နေ့မှာ မြို့စားမင်းကို သူ့ရဲ့မိတ်ဆွေဖြစ်တဲ့ ရှမ်း စော်ဘွားတစ်ဦးက ဖိတ်ကြားလိုက်တယ်။ မြို့စားမင်းလည်း အား လပ်သောတစ်နေ့မှာ မိတ်ဆွေစော်ဘွားလေးနေထိုင်တဲ့ အောင် ပန်းဟော်နန်းဆီကို သူ့ရဲ့ရဲမက်အခြွေအရံများနဲ့ ခရီးထွက်ခဲ့ တယ်။



www.burmeseclassic.com

www.burmeseclassic.com



စော်ဘွားလေးနေထိုင်ရာ ဟော်နန်းဆောင်ရှေ့သို့ မြို့စားမင်း ရောက်လေသော် စော်ဘွားလေးရဲ့အခြွေအရံများက ဝမ်းပန်းတသာ ကြိုဆိုခဲ့လေသည်။

မြို့စားမင်း၏နောက်၌ နောက်တော်ပါ အခြွေအရံ လေးငါးဦးလည်း ပါလာရာ စော်ဘွားလေး၏အခြွေအရံတစ်ဦးက ရှေ့မှဦးဆောင်ကာ စော်ဘွားလေးရှိရာ ဧည့်ဆောင်သို့ ဖိတ်ခေါ်ခဲ့လေသည်။

"မြို့စားမင်း ... တကယ်ကြွလာတယ်နော်"

"လာရမှာပေါ့ နောင်တော်ရယ်၊ နောင်တော်က အရေးတယူ ဖိတ်ကြားခဲ့တာပဲ မဟုတ်ပါလား"

ထိုအခါ စော်ဘွားလေး ခွန်ဟာန်တိုးက မတ်တတ်ရပ်ကာ ဧည့်ဝတ်ပျူငှာစွာဖြင့် သူ၏ရှေ့ရှိထိုင်ခုံတွင် ထိုင်ရန် ညွှန်ပြလေသည်။ မြို့စားမင်းလည်း စော်ဘွားလေး၏ဘေးရှိ စော်ဘွားကတော်ဘက်သို့ လှည့်ကာ ...

"နေကောင်းရဲ့လား နှမတော်"

"ကောင်းပါတယ် အစ်ကိုတော်"

ထိုအချိန်တွင် အခြွေအရံတစ်ဦးက ဧည့်ဝတ်ကျေစေရန်





အကောင်းစားလက်ဖက်ခြောက်ခပ်ထားသော ရေနွေးကြမ်းအိုး သာချပေးလေသည်။ တစ်ဆက်တည်း စော်ဘွားကတော်က ...

"သုံးဆောင်ပါဦး အစ်ကိုတော်"

ဟုပြောကာ ရေနွေးကြမ်းဖြင့် ဧည့်ခံလေသည်။ ပြီးနောက် မြို့စားမင်းက ဆက်ပြီး ...

"ဒါနဲ့ အကြည်တော် ... ကျွန်တော်မျိုးကို ယခုလို ဖိတ်ခေါ်ပြီး ဧည့်ဝတ်ပြုတာ ကျေးဇူးတင်ပါတယ်၊ ဘာများပြောစရာ, တင်ပြစရာရှိလို့လဲဆိုတာ မိန့်ပါဦး"

"ဒီလိုပါ မြို့စားမင်း ... အကူအညီလေးတစ်ခု မြို့စားမင်းဆီမှာ တောင်းခံချင်လို့ပါ"

"ဘာများလဲ အကြည်တော်"

"တခြားတော့ မဟုတ်ပါဘူး။ မြို့စားမင်းရဲ့ နယ်မြေမှာ ကျွန်တော်မျိုး ပစ္စည်းတစ်ခု ရှာဖွေချင်လို့ပါ၊ အဲဒါ မြို့စားမင်းရဲ့အကူအညီ လိုအပ်လို့ပါ"

"အကြည်တော်ရဲ့အကူအညီက နယ်နယ်ရရတော့ ဖြစ်လိမ့်မယ်မထင်ဘူး"

"မှန်ပါတယ် မြို့စားမင်း၊ မြို့စားမင်းကူညီပေးမှ ရမှာမို့



www.burmeseclassic.com

www.burmeseclassic.com



အခုလို တကူးတက မြို့စားမင်းကို ဖိတ်ခေါ်လိုက်ရတာပါ"

"အကြည်တော်နဲ့ ကျုပ်တို့က တစ်မြေတည်းနေ တ
ရေတည်းသောက်တဲ့ ရောင်းရင်းတွေပဲ ... ကူညီပေးရမှာပေ
ဒါကြောင့်လည်း စာချွန်တော်ရရချင်း လာခဲ့ရတာပေါ့ နောင်
တော်ရယ်"

ထိုအခါ စော်ဘွားလေးက မြို့စားမင်း၏ မိတ်ဆွေဖွဲ့
လေးစားသမှုပြုလေသော စိတ်ထားကြောင့် မြို့စားမင်းအပေ
ပိုမြီး လေးစားမိလေသည်။

ထိုအချိန်တွင် ရံရွေတော်များက မြို့စားမင်းအတွက်
စားသောက်ဖွယ်ရာများ ပြင်ဆင်ကာ မြို့စားမင်းဆီသို့ သယ်ယူ
လာခဲ့လေသည်။

ထိုအခါ စော်ဘွားလေးနှင့် စော်ဘွားလေးကတော်က
ရံရွေတော်များလက်မှ စားဖွယ်ရာများကို ယူပြီး မြို့စားမင်းရှေ့
တော်သို့ ချပေးလိုက်လေသည်။

ပြီးနောက် စော်ဘွားကတော်က ...

"သုံးဆောင်ပါ အစ်ကိုတော်၊ နှမတော်တို့ဆီက ဝမ်းပန်း
တသာ ကြိုဆိုပါတယ်၊ မြိန်ရေရှက်ရေ သုံးဆောင်တော်မူပါ"





"ကောင်းလှပါပြီ နှမတော်"

ဟုပြောကာ မြို့စားမင်းက စားစရာများကို ယူငင်ကာ
စားလေသည်။

"ဒါနဲ့ ... နောင်တော်က ကျွန်တော်မျိုးရဲ့ နယ်မြေထဲ
က ဘာများအလိုရှိလို့လဲဆိုတာ မိန့်မှာကြားပါဦး"

ဟု မြို့စားမင်းက စော်ဘွားလေးဘက်သို့လှည့်ကာ မေး
လိုက်လေသည်။ ထိုအခါ စော်ဘွားလေး ခွန်ဟန်တိုးက ...

"တခြားတော့မဟုတ်ပါဘူး မြို့စားမင်း"

ဟုပြောကာ သူ၏ဘေးတွင်ရှိနေသော ကတ္တီပါအိတ်နီ
လေးကို ယူလိုက်သည်။ ပြီးနောက် အိတ်ရှုံ့လေးကို ကြိုးဖြည်
ကာ အထဲသို့ လက်နှိုက်လိုက်သည်။ ပြီးနောက် လက်ထဲတွင်ပါ
လာသော ဆင်ရုပ်လေးကို ပြလေသည်။

ဆင်ရုပ်လေးကား အနက်ရောင် ဖြစ်လေသည်။ လက်
ရာအလွန်မြောက်သော ဆင်ရုပ်လေးဖြစ်နေ၍ မြို့စားမင်းက
စော်ဘွားလေး၏လက်ထဲမှ လှမ်းယူကာ ကြည့်မိသည်။

ဆင်ရုပ်လေးမှာ အမြင့် သုံးလက်မခန့်သာ မြင့်လေ
သည်။ တစ်ကိုယ်လုံး ပြောင်လက်၍ နက်နေသောကြောင့် ဘယ်



www.burmeseclassic.com

www.burmeseclassic.com



လိုပစ္စည်းမျိုးနှင့် ထုလုပ်ထားမှန်းမသိဟု စိတ်ထဲမှတွေးနေစဉ် ...

"ဒီဆင်ရုပ်လေးက ဆင်စွယ်နက်နဲ့ ထုလုပ်ထားတာပါ"

"ဟင် ... ဆင်စွယ်နက် ဟုတ်လား"

မြို့စားမင်းက အံ့ဩကာ ပြန်မေးလိုက်မိလေသည်။

"ဆင်စွယ်နက်ဆိုတာ တကယ်ရှိလို့လား အကြည်တော်"

"ရှိပါတယ် မြို့စားမင်း။ ဒီဆင်ရုပ်လေးဟာ တကယ့်ဆင်စွယ်နက်နဲ့ ထုလုပ်ထားတာပါ။ ဒီဆင်စွယ်ရုပ်တုပိုင်ရှင်ကလည်း ကျွန်တော်မျိုးတို့ရဲ့ ဆွေစဉ်မျိုးဆက် အဆက်ဆက် သိမ်းဆည်းခဲ့တာပါ။ ဒီဆင်စွယ်နက်ရဲ့ ထူးခြားတာကလည်း သူ့မှာ အစွမ်းသတ္တိတွေ ထူးခြားမှုတွေ ရှိပါတယ်"

"ဘယ်လိုထူးခြားမှုမျိုးတွေရှိတာလဲ အကြည်တော်"

"ပြောရရင်တော့ ဒီဆင်စွယ်နက်ဆင်ရုပ်လေးကို ကျွန်တော်မျိုးတို့ရဲ့ ဆွေရိပ်မကင်းတဲ့လူတစ်ဦးက တောနယ်တစ်နယ်က ရလာခဲ့တာပါ ...။

ဒီဆင်စွယ်ရုပ်လေးရထားတဲ့ အိမ်ကလူတွေဆိုရင် ခဏ





ခဏ နေထိုင်မကောင်းဖြစ်ကြတယ်၊ ည ည ဆိုရင် ဆင်အော်သံဆိုလိုကြားရတယ်၊ အိမ်နားပတ်ဝန်းကျင်မှာလည်း ဆင်တွေရဲ့ သွပ်ရှူးသံ, အော်ဟစ်သံတွေကြောင့် ဒီအိမ်သားများဟာ ညည ဆိုရင် ကောင်းကောင်းမအိပ်ရပါဘူး။ တစ်ခါ တစ်ခါ အိမ်တစ်အိမ်လုံး တုန်ခါသလို ဖြစ်ဖြစ်သွားတယ်၊ ဒါနဲ့ အိမ်ရဲ့အပြင်ဘက်ကို ထွက်ကြည့်ပြန်တော့လည်း ဘာမှမတွေ့ရဘူးတဲ့ ...။

ဒါနဲ့ သူတို့မိသားစုလည်း ဒီဆင်ရုပ်လေးကြောင့်လို့ စိတ်ထဲမှာစွဲပြီး ဒီဆင်ရုပ်လေးလည်း ကျွန်တော်မျိုးရဲ့ဘိုးဘေးတွေလက်ထဲ ရောက်လာခဲ့တာပဲ၊ အခုဆိုရင် ကျွန်တော်မျိုးရဲ့လက်ထဲမှာ နောက်ဆုံးလို့ဆိုရင် ပြောလို့ရတာပေါ့"

ထိုအခါ မြို့စားမင်းက ဆင်ရုပ်လေးအကြောင်း စိတ်ဝင်စားလာ၍ ဆက်ပြီး ...

"ယခု အကြည်တော်လက်ထဲရောက်တော့ ဘာတွေ ဘာတွေကြားရသေးလဲ"

"ကျွန်တော်မျိုးလက်ထဲရောက်တော့ ဘာအသံမှ မကြားပဲနဲ့ ထူးခြားတဲ့အိပ်မက်တော့ မက်တယ်၊ အိပ်မက်ကလည်း တစ်ခါ နှစ်ခါ သုံးခါ ... မက်တိုင်း ဒီအတိုင်းပဲ ဖြစ်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုအိပ်မက်မျိုးလဲ အကြည်တော်"

မြို့စားမင်းမှာ အိပ်မက်အကြောင်းကို ကြားချင်လှ မေးလိုက်မိလေသည်။

"ဒီဆင်ရုပ်လေး ကျွန်တော်မျိုးဆီရောက်ပြီးတဲ့နောက် ကျွန်တော်မျိုးက ဘုရားစင်ရဲ့နံဘေးမှာ သီးသန့်ထားခဲ့တယ် ဆင်ရုပ်လေးရဲ့အောက်မှာ ကတ္တီပါကော်ဇောလေး ခင်းပေးထားတယ်၊ ပြီးတော့ ဆင်တွေကြိုက်တတ်တဲ့ ကြံ သုံး လေး ချောင်း ထားပေးထားတယ်လေ ...၊ ဒါကြောင့်လို့ ထင်တယ် ... ကျွန်တော်မျိုးတို့အိမ် ရောက်ပြီးတဲ့နောက် ဘာအိပ်မက်ဆိုး မရဘဲ ထူးဆန်းတဲ့အိပ်မက်သာ ရရှိခဲ့တာပါ"

ထိုအခါ မြို့စားမင်းက ...

"အကြည်တော်ရဲ့အိပ်မက်က ကျုပ်နဲ့ ဘယ်လိုများ ပတ်သက်နေလို့လဲ အကြည်တော်ရဲ့"

"ဟုတ်ကဲ့ ... ပြောပါ့မယ် မြို့စားမင်း၊ ဒီလိုပါ ... အိပ်မက်ထဲမှာ ပေစာထုပ်တစ်ထုပ်ကို မြင်မိတယ်၊ ပေစာထုပ်ထဲ မှာက ဆင်တွေနဲ့ပတ်သက်ပြီး ကျမ်းစာတစ်ခုလို့ ထင်တယ် ဒီပေစာထုပ်ကလည်း တောထဲမှာ တောရဆောက်တည်နေတဲ့ ရဟန်းတစ်ပါးထံမှာရှိတယ်လို့ မြင်မိလို့ပါ ...၊

ကျွန်တော်မျိုးလည်း ဒီရဟန်းပျိုကို ဒီရှမ်းပြည်တစ်ဝိုက် မှာ ရှာဖွေပါတယ်၊ ဒီလို တောထဲမှာ တစ်ပါးတည်း တောရ ဆောက်တည်နေတဲ့ ရဟန်းတစ်ပါးတည်းဆိုလို့ တစ်ဦးတလေမှ မရှိဘူး ဖြစ်နေတယ် ...၊ ဒါနဲ့ ကျွန်တော်မျိုးလည်း လက်လျှော့ လိုက်ရတော့မလို ဖြစ်နေတုန်း နောက်တစ်ရက်မှာ အိပ်မက်ထပ် မက်ပြန်တယ်၊ အိပ်မက်ထဲမှာ အလွန်သာယာလှတဲ့ ရေကန်ကြီး တစ်ကန်ကို တွေ့လိုက်ရတယ်၊ ပြီးတော့ ... ထိုကန်ကြီးရဲ့ အနောက်ဘက် တောတန်းလေးထဲမှာ ရဟန်းပျိုတစ်ပါးတည်း တောရဆောက်လုပ်နေတာ ထပ်ပြီးမြင်မိပြန်တယ် ...၊

ဒါနဲ့ ကျွန်တော်မျိုးလည်း ဒီရေကန်ကြီးကို ဘယ်မှာ ရှိနိုင်သလဲဆိုတာ ရှံရွှေတော်တွေကို မေးမြန်းပြီး စုံစမ်းခိုင်းလိုက် တာ ဒီရေကန်ကြီးဟာ နောင်တော်တို့နယ်ထဲက မိတ္တိလာ ကန် တော်မင်္ဂလာကြီးဖြစ်နေတာ သိလိုက်ရတယ်၊ ဒီကန်ကြီး ရှိတဲ့ နေရာကို သိလိုက်ရလို့ နောင်တော်မြို့စားမင်းကို သတိရလိုက်မိ ပါတယ်၊ ဒါကြောင့် အခုလို ဖိတ်ခေါ်ပြီး အကူအညီတောင်းလိုက် တာပါ"







www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ မြို့စားမင်းက ခေါင်းတညိတ်ညိတ်ဖြင့် ...

"ကောင်းပြီလေ၊ အကြည်တော်ရဲ့အိပ်မက်က ကျုပ်
ပတ်သက်နေတော့ ကျုပ် အကူအညီပေးရတော့မှာပေါ့"

"ဝမ်းသာလိုက်တာ နောင်တော်ရယ်၊ ကျွန်တော်မျိုး
လည်း ဒီပေစာထုပ်သာ ရလိုက်လို့ ပေစာထုပ်ထဲမှာပါတဲ့ ဆင်
တွေရဲ့အကြောင်း သိရမယ်ဆိုရင် ကျွန်တော်မျှော်မှန်းထားတဲ့
နောက်ထပ်ဆင်စွယ်နက်ကို ထပ်ပြီးရလိမ့်မယ်လို့ ထင်ထားပါ
ပါ၊ ဆင်စွယ်နက်ကို မရခဲ့ရင်လည်း ဆင်တွေရဲ့သချိုင်းကို
တွေ့ရရင် ကျွန်တော်မျိုးတို့အတွက်ရော တိုင်းပြည်အတွက်ပါ
ဆင်စွယ်ရတနာ ရပြီးပေါ့ ...၊ ကျွန်တော်မျိုး ဒီဆင်စွယ်ရတနာ
တွေကို တိုင်းပြည်အတွက် အကျိုးရှိတဲ့နေရာမှာ အသုံးပြုချင်လို့
အခုလို ပေစာထုပ်ကို ရှာဖွေနေရတာပါ"

မြို့စားမင်းလည်း စော်ဘွားလေးပြောသောစကားများကို
နှစ်ခြိုက်တော်မူသဖြင့် သူ ကူညီရှာဖွေပေးမည်ဆိုတဲ့အကြောင်း
ကတိပြုခဲ့လေတော့သည်။

❑❑❑



## အခန်း (၁၀)

## တောရဆောက်တည်နေသော ရဟန်းပျို

မြို့စားမင်း၏အိမ်တော်။

အိမ်တော်အတွင်းသို့ ဓားလွယ်ထားသော လုလင်တစ်ဦး ဝင်လာခဲ့သည်။ ပြီးနောက် အပေါ်ထပ်သို့ ဖြည်းညင်းစွာတက်ခဲ့သည်။ အပေါ်ထပ်အရောက် အသင့်တွေ့လိုက်ရသော မြို့စားမင်းကို အရိုအသေပေးလိုက်သည်။

"ကဲ မောင်ညွှန့်ဆွေ ... ဆိုစမ်းပါဦး အခြေအနေ"

"ဒီလိုပါ မြို့စားမင်း ... ဒီနယ်တစ်ဝိုက်မှာ ရဟန်းတစ်ပါးတည်း တောရဆောက်တည်နေတာ မရှိပါဘူးခင်ဗျာ၊ နှစ်ပါး



www.burmeseclassic.com

www.burmeseclassic.com



သုံးပါးသာ များပါတယ် မြို့စားမင်း။ ဒါပေမဲ့ . . . ကျွန်တော်မျိုး တစ်ခုပြောစရာရှိပါတယ်၊ မင်းပုန်းတောင်တစ်ခုတော့ ကျန်သေးတယ်၊ ကျွန်တော်မျိုး မသွားရသေးပါဘူး မြို့စားမင်း . . .၊

အဲဒီမှာတော့ အင်း, ဆေး, ဓာတ် အတတ်တွေ ရှာကြနေတဲ့ ရဟန်းတွေတော့ ရှိတယ်လို့ ကြားမိပါတယ်၊ ကျွန်တော်မျိုး သွားလိုက်ပါ့မယ် မြို့စားမင်း''

''အိမ်း . . . ကောင်းပါပြီ၊ အမြန်ဆုံးသွားနိုင်အောင် စီစဉ်ပေတော့''

နောက်တစ်နေ့တွင် မောင်ညွန့်ဆွေသည် သူ၏လူများဖြစ်သော ဓားစစ်သည် လေး ငါးဦးတို့ဖြင့် မင်းပုန်းတောင်ဘက်သို့ ထွက်လာခဲ့ကြလေသည်။

မောင်ညွန့်ဆွေတို့သည် တောလမ်းအတိုင်း မြင်းများကို ဖြည်းဖြည်းချင်း လျှောက်စေခဲ့သည်။ မြင်းများမှာ ခရီးလမ်းတစ်လျှောက် မနားတမ်း လျှောက်ခဲ့ရ၍ မောနေကြပြီဖြစ်သောကြောင့် ဖြည်းဖြည်းချင်းသာ လျှောက်စေခဲ့ကြခြင်း ဖြစ်သည်။

တောရိပ်ကြောင့်လား မသိပါ . . . တောထဲသို့ ဝင်ကတည်းက အေးစိမ့်သောဒဏ်ကို ခံစားရပြီး သူတို့စိတ်များ





လန်းဆန်းကာ အမောပြေသွားသလို ခံစားမိသည်။

ပင်ပန်းနွမ်းနယ်မှုများလည်း ပြေပျောက်ကာ အတန်ငယ် လန်းလာသလို ထင်လာမိသည်။ တဖြည်းဖြည်းနှင့် တောက်နက်လာခဲ့သည်။

ထိုအခါ ညွန့်ဆွေတို့ရောက်ရှိနေသော တောင်ကမူလေးပေါ်မှ အဝေးသို့လှမ်းကာ ကြည့်လိုက်မိလေသည်။

အဝေးတွင် မြူနှိုးများဖြင့် မှိုင်းပျပျလေးထဲမှ မီးခိုးငွေ့ဟုထင်ရသော မီးခိုးတန်းလေးတစ်ခုက ထွက်ပေါ်နေတာ တွေ့လိုက်ရသည်။

ညွန့်ဆွေလည်း ထိုမီးခိုးငွေ့ကို မြင်လိုက်ရသောအချိန်အတွင်းမှာ ဝမ်းသာသွားခဲ့သည်။

''အင်း . . . အဲဒီနေရာမှာ တောရသေ့ဆောက်တည်တဲ့ ရဟန်း ရှိနိုင်တယ်''

တခြားတောတွေအားလုံး ရောက်ခဲ့ပြီးပါပြီ၊ ဘယ်တောမှ မတွေ့ခဲ့တာ ညွန့်ဆွေ - အသိဆုံးပင်ဖြစ်သည်။

ညွန့်ဆွေလည်း ထိုမီးခိုးငွေ့ထွက်ပေါ်နေရာသို့ မှန်းဆ၍ ဖြည်းဖြည်းချင်း လျှောက်လှမ်းခဲ့ရာ ရဟန်းတစ်ပါးအနားသို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာလေသည်။

သူတို့ရောက်နေသောအချိန်မှာ နေ,ပင် ထွက်စပြုနေပေမယ့် တောရိပ်တစ်ခုလုံးကား အေးချမ်းလျက်ရှိသည်။

နေရောင်က ထိုတောရိပ်ကို မကျော်လွှန်နိုင်ဘဲ ဖြစ်နေသည်ဟု ထင်ရသည်။ မောင်ညွှန့်ခွေသည် ထိုရဟန်း၏ပတ်ဝန်းကျင်ကို လေ့လာသောအခါ တစ်ပါးတည်းဆိုတာ သိလိုက်ရသည်။ ထိုရဟန်းပျို့နားသို့ ဖြည်းဖြည်းချင်း လျှောက်လာခဲ့ပြီး ထိုရဟန်းဆီသို့ ရောက်သော် ...

"အရှင်ဘုရား ... တစ်ပါးတည်းပါလား ဘုရား"

"ဟုတ်ပါတယ် ဒကာ၊ ဦးဇင်းတစ်ပါးတည်းပါ"

ထိုအခါ မောင်ညွှန့်ခွေတို့က ထိုရဟန်းကိုဝတ်ပြုပြီး ...

"တပည့်တော်တို့က မြို့စားမင်းလွှတ်လိုက်လို့ လာရတဲ့သူပါ၊ ဒီတောမှာ တောရဆောက်တည်နေတဲ့ တစ်ပါးသောရဟန်းကို ရှာခိုင်းလိုက်လို့ပါ ဘုရား"

"ဘယ်လိုအကြောင်းများ ရှိလို့လဲ ဒကာ"

"ဒီလိုပါဘုရား ... မြို့စားမင်းရဲ့ရောင်းရင်းဖြစ်တဲ့ ဇော်ဘွားတစ်ဦးရဲ့အကူအညီတောင်းခံမှုကြောင့်ပါ ဘုရား"

"ဘယ်လိုများ တောင်းခံတာလဲ ဒကာ"

"ရှေးဟောင်းပုရပိုက်တစ်စုံဟာ တစ်ပါးတည်းသော တောရဆောက်တည်နေတဲ့ ရဟန်းတစ်ပါးလက်ထဲမှာ ရှိတယ်ဆိုလို့ပါ၊ ဒါကြောင့် အလှူခံလာရခြင်းဖြစ်ပါတယ် ဘုရား"

"သြော် ... အခုတော့ ငါ အနှစ်နှစ်အလလက မျှော်လင့်နေတဲ့အရာ မူလပိုင်ရှင်လက်ထဲ ပြန်ပေးရမယ့် ပုရပိုက်ပိုင်ရှင် ဖြစ်ပေါ်လာပြီကိုး ...၊

ဦးဇင်းလည်း မျှော်လင့်ရင်း စောင့်မျှော်နေတာပါ၊ တစ်နေ့နေ့တစ်ချိန်ချိန်မှာ ဒီပုရပိုက်ပိုင်ရှင်ဟာ ပေါ်လာမှာပဲလို့ ...၊

ကောင်းပါပြီ ဒကာ ... ဒီပုရပိုက်ကို ဦးဇင်းပေးလိုက်ပါ့မယ်၊ ဦးဇင်းလည်း တာဝန်ပေါ့သွားတာပေါ့"

တုပြောကာ ရဟန်းပျိုလည်း သူ၏ကျောင်းတဲလေးပေါ်သို့ ဝင်သွားလေသည်။ သူ၏ကျောင်းလေးကား လေးတိုင်စင်သက်ကယ်မိုးနဲ့ တည်ဆောက်ထားသော တဲလေးသာ ဖြစ်လေသည်။

မကြာသောအချိန်အတွင်းမှာ ရဟန်းပျိုလေး တဲအတွင်း







www.burmeseclassic.com

www.burmeseclassic.com



မှ ပြန်ထွက်လာခဲ့သည်။ ထိုရဟန်း၏လက်ထဲတွင် ကတ္တီပါအိတ်လေးတစ်လုံး ပါလာခဲ့သည်။ တစ်ဖက်ကလည်း ငှက်ပျောသီးတစ်ဖီး ပါလာခဲ့လေသည်။

ငှက်ပျောသီးမှာ တောငှက်ပျောသီးဖြစ်လို့လား မသိပါ။ တစ်ဖီး၌ အလုံးမှာ အုံ့ဩလောက်အောင် သေးသေးသီးလေးတွေလားလို့ စဝင်ရလောက်အောင် မြင်တွေ့လိုက်ရသည်။

"ရော့ ... ဒကာတို့"

ဟုပြောကာ ရဟန်းပျိုက လက်ထဲမှအထုပ်ကလေးကို ပေးလိုက်လေသည်။ ထိုအခါ မောင်ညွန့်ဆွေက အထုပ်ထဲမှ ပေထုပ်လေးကို ထုတ်လိုက်သည်။ ပြီးနောက် ပေထုပ်ကိုချည်ထားသော ကြိုးလေးကို ဖြည်ကြည့်လိုက်မိသည်။

ပေထုပ်မှာ ရှေးဟောင်းဖြစ်၍ ဝါကြန့်ကြန့်ဖြစ်ရုံမကဘဲ အချို့မှာ အကွက်များထင်ဟပ်လျက်ရှိနေတာ တွေ့လိုက်ရသည်။

မောင်ညွန့်ဆွေဟာ ပေစာထုပ်ရ၍ သူရှာနေသော အရာကို ယခု ရလိုက်တဲ့အတွက် မြို့စားမင်းရဲ့ချီးမြှင့်ခြင်းခံရတော့မည်ဟု တွေးမိကာ စိတ်ထဲ၌ ဝမ်းသာပီတိဖြစ်လျက်ရှိနေသည်။





"ဒကာလေး ဆန္ဒပြည့်လို့ ဝမ်းသာပီတိ ဖြစ်နေတယ်မဟုတ်လား"

"တင်ပါ့ဘုရား၊ တပည့်တော် ဒီပေစာထုပ်ကိုရှာခဲ့တာတော်တော်ကြာခဲ့ပါပြီ၊ တောတောင်တွေလည်း မနည်းတော့ပါဘူး ဘုရား၊ အခုမှပဲ စိတ်ချမ်းသာမှုရတော့တယ်ဘုရား"

"ဒကာ စိတ်ချမ်းသာသွားသလို ဦးဇင်းလည်း ဝန်ထုပ်ဝန်ပိုး ပေါ့သွားလို့ ဝမ်းသာပါတယ်၊ တကယ်တော့ ... ဒီပေစာထုပ်နဲ့ ဦးဇင်းဟာ မအပ်စပ်ပါဘူး၊ ဒီပေစာထုပ်ကို အပ်ခဲ့တဲ့ ဒကာကလည်း လူ့ပြည်မှာ မရှိတော့ပါဘူး ...၊

ဒကာကလည်း မှာခဲ့ပါတယ်၊ တစ်နေ့မှာ ဒီပေစာထုပ်နဲ့ ဆက်စပ်မှုရှိတဲ့လူတစ်ဦး လာယူပါလိမ့်မယ်လို့ ပြောခဲ့ပါတယ် ...၊

အခု ဒကာက လက်ဆင့်ကမ်းရှာပေးရတဲ့ လူဖြစ်ပေမယ့် ဦးဇင်းဆီကို တန်းတန်းမတ်မတ် ရောက်လာခဲ့တယ်ဆိုတာကို ဦးဇင်းသိလိုက်ပါပြီ ...၊

တကယ်တော့ ဒီပေစာထုပ်ကို လာရှာတဲ့သူဆိုတာ ဒီပေစာထုပ်နဲ့ ပတ်သက်တဲ့သူ၊ တစ်ခုခု ဆက်စပ်မှုရှိတဲ့သူသာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လိမ့်မယ်ဆိုတာ ဦးဖင်းသိနေတယ် . . . ၊

ဒီတော့ ဒကာတို့ လာရကျိုးနပ်သလို ဦးဖင်းလည်း ဝန်ထုပ်ဝန်ပိုးပေါ့သွားတာပေါ့ . . . ၊

ရော့ . . . ဒကာတို့ လမ်းမှာဆာရင် စားဖို့ ငှက်ပျောသီး တစ်ဖီး ပေးလိုက်မယ်''

ဟု ပြောလိုက်လေသည်။ မောင်ညွှန့်ဆွေလည်း ငှက်ပျောသီးကိုကြည့်လိုက်သောအခါ သူတို့က ခြောက်ယောက်ဖြစ်သလို ငှက်ပျောသီးကဲ အလုံးက ထွားပြီး အားလုံး ခြောက်လုံးပဲပါတာ တွေ့ရသည်။

ငှက်ပျောသီးရဲ့အဖီးက ဘေးမှ အလုံးဖွဲ့ထားတာ မတွေ့ရဘဲ တစ်ဖီးတည်းမှာ ခြောက်လုံးပါတာပဲ တွေ့ရသည်။ ထိုအခါ မောင်ညွှန့်ဆွေက သူတို့ ဒီငှက်ပျောသီးကို ဝေလိုက်လျှင် တစ်ယောက် တစ်လုံးစီသာ စားရမှာဖြစ်လို့ ဝပါ့မလားလို့ ထင်မိသည်။

ဘာပဲဖြစ်ဖြစ်လေ ဦးဖင်းက စွန့်ကြဲ၍ ပေးလိုက်တာကြောင့် လက်ခံလိုက်ရလေသည်။

''တပည့်တော်တို့ ပြန်ပါဦးမယ် ဘုရား''

ခု နစ် စဉ် ကြယ် တ ပေ



''အေး အေး . . . ဘေးရန်ကင်းကင်း လိုရာခရီး ရောက်ပါစေကွယ်''

''ပေးတဲ့ဆုနဲ့ ပြည့်ပါစေဘုရား''

ဟုပြောကာ မောင်ညွှန့်ဆွေတို့ ရဟန်းပျို့ဆီမှ ပြန်လာခဲ့ကြလေတော့သည်။

❑❑❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

## ငှက်ပျောသီးနှင့် မောင်ညွန့်ဆွေ

မောင်ညွန့်ဆွေတို့ မင်းပုန်းတောင်တောမှ ပြန်လာခဲ့ကြပြီး နေ့ဝက်ခန့်ကြာသောအခါ ဆာလောင်လာ၍ လမ်းမှာ ခထ နားကြလေသည်။ သူတို့လက်ထဲမှာလည်း ရဟန်းပျိုပေးလိုက်သော ငှက်ပျောသီးပါလာ၍ တစ်ယောက်တစ်လုံးစီ ဝေငှကာ စားကြသည်။

မောင်ညွန့်ဆွေ ငှက်ပျောသီးကို တစ်ဖဲ့စားကာ အရသာ ခံလိုက်မိလေသော် ...

"ဟာ ... အရသာရှိလိုက်တာ"





သူစားဖူးခဲ့သော ငှက်ပျောသီးတွေနှင့် လုံးဝမတူသော အရသာမျိုး ခံစားလိုက်ရသည်။ နတ်သုဒ္ဓါကိုတော့ သူ မစားဖူးပါ။ သို့သော် ယခုငှက်ပျောသီး၏အရသာမှာ အခြားငှက်ပျောသီး အရသာများနှင့် မတူတာတော့ မောင်ညွန့်ဆွေ သတိထားမိသည်။

မောင်ညွန့်ဆွေ ငှက်ပျောသီးမှ လေးငါးလုတ်သောက်သာ စားနိုင်ပြီး ဆက်ပြီးမစားနိုင်တော့ပါ။ ကျန်တာကို သိမ်းထားလိုက်လေသည်။ သူ့လိုပင် အခြားစစ်သည်များလည်း ဒီအတိုင်းပဲ ဖြစ်နေကြလေသည်။

ထိုအခါ စစ်သည်လေးတစ်ဦးက မောင်ညွန့်ဆွေကို ...

"ကိုညွန့်ဆွေ ... ဦးဇင်းပေးလိုက်တဲ့ ငှက်ပျောသီးဟာ ငှက်ပျောသီးအစစ်မှ ဟုတ်ရဲ့လား၊ နတ်သုဒ္ဓါငှက်ပျောသီးများလား မသိဘူးနော်"

မောင်ညွန့်ဆွေလည်း စစ်သည်တော်လေးပြောသော စကားကို ထောက်ခံသည့်သဘောဖြင့် ငြိမ်ကာနားစွင့်ရင်း ...

"ဖြစ်နိုင်တယ် မောင်ရင်၊ ဒီရဟန်းလည်း ငှက်ပျောသီးပြီးပဲ တောရဆောက်တည်နေသလားလို့ ထင်မိတယ်"



www.burmeseclassic.com

www.burmeseclassic.com



မောင်ညွှန့်ဆွေတို့လည်း မြင်းများကိုဆွဲရင်း စကာ တပြောပြောဖြင့် တောလမ်းအတိုင်း ဖြည်းညင်းစွာ ထွက် လာခဲ့ကြလေသည်။

စမ်းချောင်းလေးတစ်ခုနားသို့ရောက်လေသော မျော လေးတစ်ကောင်မှာ ပင်စည်တစ်ခုကိုမှီရင်း မျက်လုံးလေ ကလယ်ကလယ်ဖြင့် သူတို့လာရာကို ကြည့်နေလေသည်။

မောင်ညွှန့်ဆွေတို့ အဖွဲ့သားများအားလုံး လျှော လာရင်း ထိုမျောက်ကလေးအနားသို့ ရောက်လာခဲ့ကြသော်လည် မျောက်ကလေးမှာ ထွက်မပြေးဘဲ သူတို့ကိုသာ ညိုးညိုးငေ ငယ်ဖြင့် ကြည့်နေသည်။

ထိုကြောင့် မောင်ညွှန့်ဆွေလည်း မျောက်ကလေးအန သို့တိုင် လျှောက်သွားလေသည်။

မျောက်ကလေးနားသို့ရောက်လေသော် မျောက်လေ ကြည့်လိုက်သောအခါ ခြေထောက်တစ်ဖက်မှာ ပြောင့်စူး၍ မပြေးနိုင်ဖြစ်နေတာ တွေ့လိုက်ရ၏။

တစ်ဖန် မျောက်ကလေးက လျှာလည်း ထုတ်ထုတ် နေ၍ မောင်ညွှန့်ဆွေလည်း မျောက်ကလေး ဗိုက်ဆာနေ





ကြောင့်သာ လျှာထုတ်ပြခြင်းဖြစ်ကြောင်း သိလိုက်သည်။

ထို့ကြောင့်ပင် မောင်ညွှန့်ဆွေသည် သူ၏အိတ်ထဲရှိ ချန်ထားသောငှက်ပျောသီးမှ တစ်ဖီးကိုလှီးကာ မျောက်ကလေးကို ပေးလိုက်သည်။

မျောက်ကလေးလည်း ဝမ်းသာအားရ လှမ်းယူကာ ငှက်ပျောသီးကို ကိုက်စားနေရင်း တစ်ကိုက်နှစ်ကိုက် စားပြီးသော် မျောက်လေး၏မျက်နှာ ဝင်းပသွားသည်ကို တွေ့လိုက်ရသည်။

ထို့ပြင် မောင်ညွှန့်ဆွေသည် မျောက်ကလေး၏ခြေ ထောက်မှ ပြောင့်ကို ထုတ်ပေးပြီး ဘေးပတ်ဝန်းကျင်ရှိ ဆေး အဖြစ်သုံးနိုင်မည့် အရွက်များကို ကြိတ်ပြီး အနာပေါ်တွင်အုံကာ အဝတ်စတစ်ခုဖြင့် ချည်နှောင်ပေးလိုက်လေသည်။ ပြီးနောက် ထိုမျောက်ကလေးကို သစ်မြစ်ဆုံတွင် တင်ပေးထားလိုက်သည်။

မောင်ညွှန့်ဆွေတို့လည်း ခရီးဆက်လက် ထွက်လာခဲ့ လေသည်။

❑❑❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

## မောင်ညွန့်ဆွေနှင့် ပေစာထုပ်

မြို့စားမင်း၏အိမ်တော်။

အိမ်ရှေ့ကွပ်ပျစ်တွင် မြို့စားမင်းနှင့်ကတော်တို့ စကာ
ပြောနေခိုက် အိမ်တော်ဝင်းအတွင်းသို့ ဝင်လာသော မြင်းခွာသံ
အချို့ကို ကြားလိုက်သည်။

မြို့စားမင်းက ...

"ဟော ... မောင်ညွန့်ဆွေတို့ ပြန်လာပြီထင်တယ်"

ထိုအခါ မြို့စားမင်းကတော်က ...

"မောင်ညွန့်ဆွေတို့သွားတာ တစ်ပတ်တောင်ရှိပြီနော်





အဆင်မှပြေခဲ့ရဲ့လား မသိဘူး"

မြို့စားမင်းက သူ၏ဇနီးပြောသည်ကို ဂရုမစိုက်အားဘဲ
ောင်ညွန့်ဆွေတို့ ဝင်လာသည်ကို ဂရုတစိုက် ကြည့်နေမိသည်။
ူခိုင်းထားသောလုပ်ငန်း အဆင်ပြေဖို့ ဆုတောင်းနေမိသည်။

မောင်ညွန့်ဆွေတို့အဖွဲ့သားများ မြို့စားမင်း၏ အိမ်ရာ
င်းအတွင်းသို့ ရောက်လာပြီး အသီးသီး မြင်းများပေါ်မှ
ောက်သို့ ဆင်းနေခိုက် ...

"မောင်ညွန့်ဆွေ ... အဆင်ပြေခဲ့ရဲ့လား၊ တွေ့ခဲ့ရဲ့
ား"

"တွေ့ခဲ့ပါတယ် မြို့စားမင်း၊ ပုရပိုက်လည်း တစ်ပါ
ည်း ပါခဲ့တယ်ခင်ဗျား"

ထိုအခါ မြို့စားမင်း၏မျက်နှာ ဝင်းပကြည်လင်သွားပြီး
်းသာပီတိဖြစ်လျက်ရှိနေတော့သည်။

မောင်ညွန့်ဆွေသည် သူ၏လက်ထဲမှ ကတ္တီပါအိတ်နှင့်
ုပ်ထားသော ပုရပိုက်ကို မြို့စားမင်း၏လက်ထဲသို့ ရိုသေစွာ
ာ်းပေးလိုက်သည်။

မြို့စားမင်းသည် ပုရပိုက်ထုပ်ကိုကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ငါ့ရဲ့တာဝန်တော့ ပြီးပြီ၊ ကျန်တာ စော်ဘွား လေးရဲ့တာဝန်ပဲ၊ သူ ဆက်လုပ်ဖို့ပဲ ရှိတော့တယ်"

"ကဲ မောင်ညွှန့်ဆွေ ... မင်းတို့ ဒီပုရပိုက်ကို စော်ဘွား လေးဆီပို့ဖို့ စီစဉ်ပေတော့၊ ဒါပေမဲ့ အခုတော့ မောင်ရင်တို့ ခရီးပန်းလာလို့ သုံးရက်လောက် နားလိုက်ပါဦး ...၊

မင်းတို့ကိုလည်း ကျွန်ုပ်ရဲ့ အခုကိစ္စ ဆောင်ရွက်ပေးတဲ့ အတွက် ဆုတော်ချီးမြှင့်ရပေဦးမယ်"

ဟုပြောပြီး အိမ်တော်အတွင်းသို့ မြို့စားမင်း ဝင်သွား လေသည်။ ထိုအခါ ကျန်ခဲ့သော မြို့စားကတော်က ...

"မောင်မင်းတို့ အဖန်ရည်လေး သုံးဆောင်ပါဦးကွဲ့"

"ဟုတ်ကဲ့ပါ မယ်မယ်"

ဟု မောင်ညွှန့်ဆွေက မြို့စားကတော်ကို အရိုအသေပြု ကာ အဖန်ရည်ကို သုံးဆောင်နေလိုက်တော့သည်။

❑

၃. ရက်မြောက်သောနေ့တွင် ...

ခ နစ် စဉ် ကြယ် တ ပေ



မောင်ညွှန့်ဆွေတို့ ရှမ်းပြည်နယ်မှ စော်ဘွားလေးအိမ်သို့ ရောက်လာခဲ့ကြသည်။ ထိုအခါ စော်ဘွားလေးက မောင်ညွှန့်ဆွေ တို့၏ စွမ်းရည်နှင့် သခင်အပေါ် ကျေးဇူးတရားသိတတ်ပုံတို့ကို ချီးကျူးလေသည်။ ပြီးနောက် မြို့စားမင်းပေးလိုက်သော ဆင်များ အကြောင်း ကျမ်းစာအုပ်ကို လက်ခံရယူလိုက်ပြီးနောက် မောင် ညွှန့်ဆွေတို့ကိုလည်း လက်ဆောင်နှင့် ငွေအသပြာများ ချီးမြှင့် လိုက်လေသည်။

❑❑❑

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၃)

## ဆင်စွယ်နက်ရှာပုံတော်

စော်ဘွားကြီး၏သားဖြစ်သော ဦးအုန်းနိုင်က ရှေးဖြစ်နှောင်းဟောင်းများကို လူရဲအား ပြောပြပြီး ...

"မောင်လူရဲနဲ့ ကျုပ်သွားရမှာက ဆင်စွယ်နက် ရှာဖို့ပဲ ဒီဆင်စွယ်နက်ကလည်း ဒီကျမ်းစာ၊ ပေစာထဲမှာပါတဲ့ လမ်းညွှန်အတိုင်းသွားပြီး ဆင်တို့ရဲ့ဓလေ့စရိုက်ကို ကြိုတင်သိထားတော့ ဆောင်လို့ ရှောင်လို့ရတာပေါ့"

ထိုအခါ လူရဲက ...

"ဆင်စွယ်နက်ဆိုတာ ကမ္ဘာမှာ အရှားပါးဆုံး ရတနာ





လို့ ပြောသံကြားဖူးတယ်၊ ဆင်စွယ်နက်ပိုင်ဆိုင်တဲ့သူဟာလည်း ကမ္ဘာ့သူဌေးဘွဲ့ကိုတောင် ခံယူထိုက်တဲ့လူလို့လည်း ပြောကြတယ်ဆိုတာ ကျွန်တော်ကြားဖူးတယ်"

"ဟုတ်တာပေါ့ လူရဲရဲ့ ... ဒီပေစာထဲမှာပါတဲ့နေရာမှာ ဆင်စွယ်နက်သာ တကယ်ရှာတွေ့ခဲ့ရင် ဦးတော့ ဝမ်းသာလို့ဆုံးတော့မှာ မဟုတ်တော့ပါဘူး။ ဦးရဲ့ အလိုချင်ဆုံးအရာရလို့ သေပျော်ပါပြီ၊ ပြီးတော့ ဒီရတနာသာရခဲ့ရင် ဦးအနေနဲ့ သူဌေးဖြစ်ဖို့ မရည်ရွယ်ပါဘူး။ ဆင်စွယ်နက်ဆိုတာ အမြူတေတစ်မျိုးပါ၊ သူ့ကိုစီရင်တတ်ရင် အကျိုးရှိမှာပါ၊ တိုင်းပြည်အတွက်လည်း အကျိုးရှိလာလိမ့်မယ်လို့ ထင်ပါတယ် ...၊

ပေစာထုပ်ထဲမှာပါတဲ့ ဆင်စွယ်နက်ကို စီရင်တတ်တဲ့ အကြောင်းအရာတွေပါတဲ့ ပေစာထုပ်ကို နှစ်ပေါင်း နှစ်ဆယ်ကျော် ရှာခဲ့တာပဲ ...၊

ခုတော့ ဦး ရှာရကျိုးနပ်ခဲ့ပါပြီ၊ ပြီးတော့ မောင်လူရဲတို့လို လူငယ်လေးတွေကလည်း ဦးရဲ့အလုပ်မှာ တစ်ဖက်တစ်လမ်းက ကူညီလိုက်ပါဆောင်ရွက်ပေးမယ်ဆိုတာ သိရလို့လည်း ဦးအနေနဲ့ မောင်ရင်တို့ကို အခကြေးငွေပေးရတယ်လို့ မထင်



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး ...၊

ဦးရဲ့ အလိုဆန္ဒပြည့်ဝခဲ့ရင် မောင်လူရဲတို့ရဲ့ဆန္ဒတွေလည်း ပြန်လည်ပြည့်ဝလာပါလိမ့်မယ်ဆိုတာ ဦး အာမခံပါတယ်"

"ကျွန်တော်ကလည်း ဦးရဲ့ဆန္ဒကို တစ်ဖက်တစ်လမ်းက ပြန်ပြီးဖြည့်စွမ်းပေးဖို့ ဆုံးဖြတ်ထားသူပါ၊ ပြီးတော့ ကျွန်တော်ကလည်း စွန့်စားသွားလာရမယ့် ခရီးဆိုရင် ဝါသနာပါတယ်၊ အခုလည်း တိုင်းပြည်အတွက်ပါ အကျိုးရှိမယ့် ရတနာတစ်ပါးရှာသလိုမျိုး ဖြစ်ပြန်ဆိုတော့ ကျွန်တော့်ရဲ့ကြိုးစားရကျိုး နပ်ပါတယ် ဦး"

ဦးအုန်းခိုင်လည်း မောင်လူရဲပြောတာ သဘောကျပြီး နှစ်လိုဖွယ်ရာဖြင့် အပြုံးကို ပြုံးလိုက်မိပါသည်။

"ကဲ လူရဲရေ ... ဦးတို့ စကားပြောတာလည်း ကြာပြီ၊ အချိန်လည်း တော်တော်လင့်နေပြီ၊ အနားယူတော့၊ သန်ဘက်ခါလည်း ခရီးစထွက်ရတော့မယ် မဟုတ်လား"

ဟု ဦးအုန်းခိုင်က ပြောကာ လူရဲ၏အနားမှ သူကိုယ်တိုင် စပြီးထွက်လာခဲ့လေသည်။ လူရဲလည်း တစ်ယောက်တည်း တွေးကာ ကျန်ခဲ့လေသည်။





ထိုအခါ သူ့အနားသို့ သူငယ်ချင်းကျော်စိုး ရောက်လာခဲ့သည်။ တကယ်တော့ ကျော်စိုးက သူ့အနားမှ ရှောင်ပေးခဲ့သည်။ ဦးအုန်းခိုင်က လူရဲတစ်ဦးတည်းကိုသာ သူ့အကြောင်းတွေ ပြောပြချင်ပေလိမ့်မည်ဟု ထင်ကာ လူရဲအနားမှ သူကိုယ်တိုင်ပင် ရှောင်ပေးခဲ့သည်။

အနားသို့ ကျော်စိုးရောက်လာပြီး ...

"လူရဲ ... ဦးလေး ဘာတွေပြောသွားတာလဲ"

"ဒီလိုပါ ... အခု သူ့လက်ထဲမှာရောက်နေတဲ့ ပေစာထုပ်အကြောင်းနဲ့ ဆင်စွယ်နက်အကြောင်းကို ပြောသွားတာပါ၊ ဦးအုန်းခိုင်ရှာနေတာက ဆင်စွယ်နက်ဆိုတဲ့ အမြုတေရတနာပဲ"

ထိုအခါ ကျော်စိုးက ...

"ဆင်စွယ်နက်က တကယ်ရှိလို့လား၊ ငါတော့ တစ်ခါမှ မကြားဖူးပါဘူး"

"ရှိတာပေါ့ ကျော်စိုးရာ၊ ဆင်စွယ်နက် တကယ်ရှိလို့လည်း ဦးအုန်းခိုင်ရဲ့ဘုရားစင်ထဲမှာ ဆင်စွယ်အနက်နဲ့ လုပ်ထားတဲ့ ဆင်ရုပ်လေးတွေ့လား"

"အေး ... တွေ့တယ်၊ ဘေးနားမှာ ကြိုးလေးနှင့်ချောင်း



www.burmeseclassic.com

www.burmeseclassic.com



သုံးချောင်းတောင် တင်ထားပေးတယ်”

“ပြီးတော့ ဦးအုန်းခိုင်ပြောတာ မင်းလည်းကြားမှာပေါ့၊ ဒီဆင်ရုပ်နားမှာ ဆင်တွေကြိုက်တတ်တဲ့ အစားအစာထားပေးလို့ အခုဆိုရင် သူ အိပ်မက်ကောင်းလာပေးတယ်တဲ့၊ နောက်ပြီး သူတို့ရဲ့ကျမ်းစာထုပ်ရှိတဲ့ နေရာဒေသကိုလည်း လမ်းညွှန်ပေးခဲ့တယ်လို့လည်း ပြောတယ် ...၊

ဒီဆင်စွယ်နက်ဟာ ဦးအုန်းခိုင်လိုလူမျိုးနဲ့ ထိုက်တန်လို့ အိပ်မက်လာပေးတာပေါ့၊ ဆင်ဆိုတဲ့ရတနာဟာလည်း ထိုက်တန်တဲ့လူတွေရဲ့ လက်ထဲမှာသာ ရှိစေချင်တာ၊ တကယ်တော့ ဦးအုန်းခိုင်ဟာ သမာသမတ်ကျတဲ့သူဆိုတာ ငါကိုယ်တိုင် စကားပြောကြည့်မှ သိရတာ၊ ဦးအုန်းခိုင်ရဲ့ရည်မှန်းချက် အောင်မြင်လိမ့်မယ်လို့ ငါတော့ယုံကြည်တယ်၊ ဦးအုန်းခိုင်ရဲ့ ရည်မှန်းချက်ပေါ်မှာ တို့တွေကတော့ ပါရမီဖြည့်ဖက်လို သဘောထားပြီး ဒီဆင်စွယ်ရတနာတွေ မပျောက်မပျက်စီးဘဲ တိုင်းပြည်အတွက် ရရှိအောင် တို့တွေ ကြိုးစားမယ်လို့ ငါတော့ ဆုံးဖြတ်ချက်ချလိုက်ပြီ ကျော်စိုး”

ထိုသို့ လူရဲ၏ရှင်းပြပြောဆိုချက်များကို ကျော်စိုး





တစ်ယောက် နားစိုက်ထောင်ရင်း သူ၏စိတ်ထဲမှာလည်း လူရဲ၏ စိတ်ဓာတ်ကို ပိုသိရှိလာခဲ့သည်။

သူကိုယ်တိုင် လူရဲတို့၏ ယခု ရတနာဆင်စွယ်နက် ရှာဖွေဖော်ထုတ်မှု၌ အပြည့်အဝ ပါဝင်ကူညီသွားရန် သန္နိဋ္ဌာန်ချပြီးသား ဖြစ်သွားခဲ့လေတော့သည်။

❑❑❑

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

## လွမ်းရက်ဝေတဲ့နေ့ရက်များ

BURMESE CLASSIC

"ဝေ . . . ဘယ်လိုလဲကွ၊ မစားရသေးဘူးလား၊ မင်းလူ က ဘယ်တော့ လက်ထပ်မှာတဲ့လဲ"

အခန်းထဲသို့ မုန့်ထုပ်များကိုင်ကာဝင်လာသော ဖက်ဦး မလေး သုန်သုန်၏စကားကြောင့် သုဝေဖင် မျက်နှာလေး ညှိုး ကျသွားသည်။

တကယ်တော့ သူငယ်ချင်းများက သူ့ကို စားရခါနီးပြီ လို့ ထင်ထားခဲ့ကြသည်မဟုတ်ပါလား။ အခုတော့ လူရဲက ခရီး တစ်ခုထွက်ပြီး ပြန်လာမှ လက်ထပ်မည်ဟု ပြောခဲ့ကြောင်း





သူငယ်ချင်းများကို သူမက မပြောပြရသေးပါ။

"ဟော့ ဘယ်လိုလဲ . . . ဒီကပြောတာ ကြားရဲ့လား။ ဝေ"

ဒုတိယအကြိမ် ထပ်ပြီးမေးလိုက်သော သုန်သုန်က သုဝေဖင်ဆီမှအဖြေကို ငံ့လင့်ကာ . . .

"ဟုတ်တာပဲ သုဝေ၊ သုန်သုန်ပြောသလိုပဲ တို့လည်း ထင်ထားတာ . . . နီးပြီလို့"

မိနန်းကပါ ထပ်ပြီးထောက်ခံလိုက်ပြန်သည်။ သူငယ် ချင်းများကတော့ နယ်မှလာပြီး အလုပ်လာလုပ်သော သူမကို ကိုယ်ချင်းစာကာ ပြောနေပေမယ့် သူမရဲ့ဆုံးဖြတ်ချက်တစ်ခု တည်းနဲ့ မပြီးတဲ့ကိစ္စတစ်ခုဖြစ်နေတော့ သူမမှာ သူငယ်ချင်းများ ကို ဘာပြန်ပြောရမှန်းမသိဘဲ ဖြစ်နေမိသည်။

အမှန်အတိုင်းပြောလိုက်တော့မည်ဟု ဆုံးဖြတ်လိုက်ပြီး

"ဒီလို မိနန်းရဲ့ . . . တို့ရဲ့ကိုကိုက အလုပ်ကိစ္စတစ်ခုနဲ့ နယ်ကိုသွားရတယ်၊ အဲဒီအလုပ်ကလည်း သုံးလ ကြာချင်ကြာ မယ်၊ ခြောက်လလောက်ဖြစ်ချင်လည်း ဖြစ်နိုင်တယ်လို့ ပြောတာ ပဲ၊ အဲဒီကပြန်လာရင် လက်ထပ်မယ်လို့ ပြောတယ်၊ ငါလည်း



www.burmeseclassic.com

www.burmeseclassic.com



ဘာပြန်ပြောရမှန်းမသိဘဲ ဖြစ်နေတယ်၊ အခုဟာက အလုပ်ကိုး ဆိုတော့ ဘာပြောလို့ပြောရမှန်း မသိဘူးလေ …၊

ပြီးတော့ ကိုကိုက စွန့်စားတဲ့အလုပ်ဆို ဝါသနာပါတယ် အခုအလုပ်ကလည်း စွန့်စားရမယ်လို့ ပြောတာပဲ”

ထိုအခါ မိနန်းက …

“ဒါနဲ့ အခုက ဘယ်နယ်ဘက်ကို သွားမယ်လို့ပြောတာ လဲ”

“မြန်မာပြည်ရဲ့မြောက်ဘက်လို့ ပြောတာပဲ၊ နေရာ တော့ အတိအကျ မသိသေးဘူး”

“ဘယ်နေ့က တွေ့ခဲ့သေးလဲ”

“လွန်ခဲ့တဲ့ သုံးရက်လောက်က၊ အခုဆို ခရီးထွက်သွား ကြပြီလားတောင် မသိဘူး”

မိနန်းတစ်ယောက် သုဝေဖင်၏ ညှိုးလျှစွာဖြေကြား လိုက်သောစကားကြောင့် သနားပြီး ဆက်မမေးရက်တော့ပါ။ သူ့ခမျာ ချစ်သူက နယ်ကိုခရီးထွက်ရမယ်ဆိုတော့ လွမ်းလည်း လွမ်းမှာပေါ့လေ။ အခုအချိန်မှာ အားပေးစကားပြောတာကလွဲပြီး ဘာမှ မတတ်နိုင်ပါ။ ဒါကြောင့် …





“ဝေရယ် … လွမ်းလည်း လွမ်းပေါ့၊ ဒါပေမဲ့ ဆွေးသွား ဒီ မလိုပါဘူး၊ ဝေရဲ့ကိုကိုက ဝေ့ကို အရမ်းချစ်တယ်ဆိုတာ ဘို့လည်း သိကြတာပဲ ဝေရယ်၊ ဘာမှ အားမငယ်ပါနဲ့၊ ဝေ့နားမှာ ဘို့တွေရှိနေမှာပါ”

တကယ်တော့ သုဝေဖင်သည် မိဘများ မရှိကြတော့ပါ။ နယ်မှ အလုပ်လာလုပ်ကာ မိမိ၏စားဝတ်နေရေးကို သူမကိုယ် တိုင် ရှာဖွေစားသောက်သောသူဖြစ်သည်။ ပိုသမျှကို နယ်မှ အဒေါ်ကိုလည်း ထောက်ပံ့ထားလေသည်။

ရန်ကုန်တွင် အဆောင်ငှားကာ သူငယ်ချင်းလေးဦးနဲ့ အတူ အလုပ်အတူတူလုပ်ရင်း ရှန်းကန်နေကြသော သူမတို့ ကို အဆောင်ပိုင်ရှင်က ချီးကျူးနေလေသည်။ ယခုလည်း သူမမှာ ချစ်သူ လူရဲရဲ့ အချစ်ကြီးမှုကိုရပေမယ့် အတူနေဖို့ဆိုတာက လည်း သူ့ရဲ့ကံကြမ္မာကြောင့် သူမမှာ စောင့်မျှော်နေခဲ့ရသည် ပေါ့တပ်ပါလား။

သူငယ်ချင်းများက အားပေးစကားပြောနေပေမယ့် သူမ တို့အားလုံးက သနားနေကြသည်။ မိဘဆွေမျိုးသားချင်းမရှိတဲ့ အခုလို နယ်မှလာပြီး အလုပ်လာလုပ်သော သူမတို့ကို အားကိုး



www.burmeseclassic.com

www.burmeseclassic.com



အားထား ယောက်ျားတစ်ယောက်လောက်တော့ရှိစေချင်ေ
အမှန်ပဲ၊

"ဟဲ့ ကောင်မတွေ ... ဘာအတင်းတွေ ချနေတာလ

အပြင်မှပြန်လာသော နန်းဦးစင်က အခန်းထဲသို့ ဝင်
ချင်း သူမ၏သူငယ်ချင်းများ စကားပြောနေကြသည်ကို အတ
ချနေသည်ဟုထင်ပြီး ပြောလိုက်ခြင်းဖြစ်သည်။

ထိုအခါ သုန်သုန်က ဖါးစပ်ထဲမှ အစားတစ်ဖက်
...

"ဟဲ့ ဦးစင် ... နင် ဘာမှမသိဘဲ စွတ်မပြောနဲ့ မိ
ဝေတစ်ယောက် ဆွေးနေတာ၊ ငါတို့က အားပေးစကား ပြော
တာ၊ နင့်လိုများ မှတ်နေလား"

သုန်သုန်၏ ရန်စွယ်ငေါငေါဖြင့် ပြောလိုက်သောစ
ကြောင့် နန်းဦးစင်က သုဝေဖေင်နားသို့ ကပ်လာပြီး ...

"ဘာတွေဖြစ်လို့လဲ ဝေ ... ငါတို့လည်း ပြော

ထိုအခါ သုဝေဖေင် နန်းဦးစင်ကိုကြည့်လိုက်သည်။ ဒီ
မှဲ့ သူက မပြောဖြစ်ဘဲ အနားမှာရှိနေသော သုန်သန်ကပဲ ...

ဒီလို စင်ရယ် ... ဟု အစချီကာ သုဝေဖေင်၏ရည်





သူမရဲ၏ ခရီးထွက်ရမည့်အကြောင်းကို အစမှအဆုံး ပြောလိုက်
လေသည်။

ထို့နောက် နန်းဦးစင်က ...

"ဒါဆို သုဝေ မင်္ဂလာရက်ဝေးပြီပေါ့"

"ဒါပေါ့ ... ဒါကြောင့် ဝေ လွမ်းနေတာပေါ့"

"အေးလေ ... ဘာတတ်နိုင်မှာလဲ၊ ဖူးစာဆုံရင်တော့
နင်တို့ ပြန်ဆုံမှာပါ"

ဟု နန်းဦးစင်က အားပေးစကား ပြောလိုက်လေတော့
သည်။ သူမတို့အားလုံး ဝမ်းနည်းစကားများ ပြောနေကြ၍ မိနန်း
ဘ မကြည့်ရက် မကြားရက်ဖြစ်လာ၍ ...

"ကဲ မိန်းမတို့ ... တို့တွေ ဒီလိုပဲနေလို့ မဖြစ်ဘူး၊
သာ ... အပြင်မှာ တစ်ခုခုသွားစားရင်း စိတ်အပန်းဖြေကြရ
အောင်"

ဟုပြောကာ အားလုံးကို အပြင်သို့ ခေါ်ခဲ့ကြလေတော့
သည်။

❑❑❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

### ခရီးဦးအစ

ဦးအုန်းခိုင်တို့ ယနေ့ ခရီးစထွက်ခဲ့ကြသည်။ မန္တလေးသို့ ကားဖြင့် ထွက်ခဲ့ကြသည်။

သူတို့အားလုံး ကားတစ်စီးတည်း လုံးချင်းငှားကာ မန္တလေးသို့ ထွက်ခဲ့ကြရာ လူရဲကတော့ ပတ်ဝန်းကျင်ရှုခင်းများ ငေးကာ သုဝေဖင်ကို သတိရနေမိသည်။

လူရဲလွမ်းနေတာ ဦးအုန်းခိုင်က အမှတ်တမဲ့ သတိထား မိကာ ...

"လူရဲ ... လူရဲ"





"ခြော် ... ဦး ဘာပြောစရာရှိလို့လဲ"

"ဘာမှမရှိပါဘူး၊ မောင်လူရဲ ငိုင်တိုင်တိုင်ဖြစ်နေသလား လို့ပါ"

"ဗျာ"

"လူရဲ လွမ်းနေပြီမဟုတ်လား၊ ဒီခရီးက ဦးတို့ရဲ့ အကြာ ကြီးဖြစ်ချင်မှဖြစ်မှာပါ၊ ဦးရဲ့လုပ်ငန်းတွေ အောင်မြင်ရင် လူရဲ အတွက် ဝမ်းသာစရာစကားတွေပါ ကြားရမှာပါ"

"ဗျာ ... ဘယ်လို ဦး၊ ဦးပြောတာ ကျွန်တော် နား မရှင်းလို့ပါ"

"ခုတော့ နားရှင်းဦးမှာ မဟုတ်ပါဘူး၊ အခုခရီးစဉ် ပြီးဆုံးတဲ့အခါ မောင်လူရဲ နားရှင်းသွားပါလိမ့်မယ်"

ကားလေးက တရိပ်ရိပ်ဖြင့် သွားနေလေသည်။ လမ်း၌ မြို့များကို တစ်မြို့ပြီးတစ်မြို့ ဖြတ်ကျော်သွားပေမယ့် သူတို့နားဖို့ စီစဉ်ထားသောမြို့သို့ မရောက်သေး၍ မနားဖြစ်သေးပါ။

သူတို့အားလုံး ထိုခရီးစဉ်ကို မျှော်လင့်ခြင်းကြီးစွာဖြင့် စိတ်ကူးများယဉ်ကာ ငေးသူကငေးပြီး ငိုက်သူကငိုက်လျက် လိုက်ပါလာခဲ့ကြသည် မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန် ... ဆန်းရှိန်ဆိုသည် သူ၏အနားတွင် ရှိသော အောင်လွင်ကို စကားစလိုက်သည်။

"အောင်လွင် ... အောင်လွင် ... အိပ်ချင်နေပြီလား"

"ဟုတ်တယ် ... ညက အိပ်မလို့မပျော်ဘူး။ ခုမှ အိပ်ချင်နေတာ"

"ဘာဖြစ်လို့ ညက အိပ်မပျော်တာလဲ"

"ညက ငါ့ရဲ့အဖေ့ကို သတိရလို့ပါ"

"ပြောပါဦး ... မင်းအဖေက ဘာဖြစ်နေလို့လဲ"

ထိုအခါ အောင်လွင်ဆိုသောသူငယ်လေးက မျက်နှာလေး ညှိုးကာ ဆန်းရှိန်ကို ကြည့်လိုက်သည်။

ပြီးနောက် ...

"အဖေက ကျန်းမာရေးသိပ်မကောင်းဘူး။ အမေက လည်း မရှိတော့ဘူးဆိုတော့ အဖေတစ်ယောက်တည်း ဘယ်လို များနေမလဲလို့ စိတ်ပူနေလို့ပါ"

ဆန်းရှိန်သည် အောင်လွင့်ကိုကြည့်ကာ သနားသွားမိသည်။ သူများကိုသာ သူက သနားမိသည်။ သူကတော့ ဘာထူး လို့လဲ အမေတစ်ခု သားတစ်ခုဘဝနဲ့ ဘဝကို ရုန်းကန်ခဲ့ရသည်





ှုတ်ပါလား။

ယခု ... ဦးအုန်းခိုင်ဆီကို အလုပ်ရမယ်ဆိုလို့ သူလည်း ူတစ်ဦး၏အဆက်အသွယ်နဲ့ ရောက်လာခဲ့ခြင်းဖြစ်သည်။

သူ့မှာ အဖေတော့ မရှိတော့ပါ။ တောလယ်လိုက်ရင်း ားကောင်ကိုက်၍ သေဆုံးသွားကြောင်း အမေ ပြောပြလို့ ခဲ့ရသည်။

အမေ့ကို သူသနားသည်။ သူ့ကို ဒီအရွယ်ထိရောက် ောင် ဈေးရောင်းတာတစ်မျိုး၊ လယ်ငှားရင်းတစ်မျိုး၊ ဉယျာဉ် ိုက်ရင်းတစ်မျိုး အမျိုးမျိုးပြုစုကျွေးမွေးခဲ့၍ ယခုတစ်ခါတော့ ူဘ မြို့မြို့မြက်မြက်ရမယ်ဆိုလို့ ဦးအုန်းခိုင်ရဲ့အလုပ်ကို လက် ခဲ့သည်။

အမေကတော့ သူနဲ့ခွဲကာ နေရမယ်ဆိုလို့ သိပ်တော့ ာ်မခံချင်ပါ။ ဒါပေမဲ့ အမေ့ကို အမျိုးမျိုး နားချပြောပြ၍ ာက်ဆုံးမှာ လက်ခံလိုက်သည်။

ဒါကြောင့် သူ အောင်လွင်ရဲ့ မိတဆိုးလေးဘဝကို ားခဲ့ရသည်။ သူက ဖတဆိုး၊ အောင်လွင်က မိတဆိုးဆိုတော့ ူအကျိုးပေးဟု တွေးနေမိသည်။ ဆန်းရှိန် အောင်လွင့်ကို



www.burmeseclassic.com

www.burmeseclassic.com



တွေ့လိုက်ရတော့ သူ၏ရင်ထဲမှာ ခွေမျိုးရင်းချာလို စိတ်ထဲမှာ တွေးမိသည်။

ထို့နောက် ဆန်းရှိန်က ...

"ဒါနဲ့ အောင်လွင် ... မင်းတို့က ဘယ်မှာနေကြတာလဲ"

"ကျွန်တော်တို့က မော်လမြိုင်မှုပွန်ကလေ"

"ဟင် ... ဟုတ်လား။ ငါတို့က ဖင်းကျိုက်ဇာတိပဲ ဒါဆို တို့တွေက တစ်နယ်တည်းသားတွေပဲ၊ မွန်ပြည်နယ်ထဲက တစ်မြို့စီကပေါ့"

"ဟုတ်တယ်နော်၊ ကျွန်တော်တို့က အခုမှ မိတ်ဖွဲ့ခဲ့ကြတာ၊ နောက်ကျတယ်လို့ ထင်မိတယ်"

ထိုအခါ ဆန်းရှိန်က ...

"အောင်လွင်ရယ် ... မင်းကို ငါ အရမ်းခင်သွားပြီ တို့တွေ ညီအစ်ကိုလို ဆက်ဆံသွားမယ်နော်"

"အေး ... ကောင်းတယ် ဆန်းရှိန်"

ဆန်းရှိန်နဲ့အောင်လွင်တို့ ပြောနေတာကို အနားတွင် ကပ် နားထောင်နေသော ဖင်မဲက ...





"ငါ့နာမည်က ဖင်မဲ၊ မင်းတို့နဲ့ ငါလည်း မိတ်ဖွေဖွဲ့ချင်သို့ပါ"

ထိုအခါ ဆန်းရှိန်က ...

"ရပါတယ် ဖင်မဲရယ်၊ ငါတို့က တစ်ခရီးတည်း သွားကြမယ့်သူတွေပဲဥစ္စာ၊ အားလုံး ညီအစ်ကိုလို ခင်သင့်တယ်၊ ခါမှလည်း တစ်ဦးရဲ့အကူအညီကို တစ်ဦးက ကူညီပေးလို့ရမှာပေါ့"

သူတို့အားလုံး ငါးဦးက နောက်ခန်းထဲတွင် စုပြီးလိုက်ပါလာခဲ့ကြသည်။ သူတို့နဲ့အတူ ကျော်စိုးပါ ပါလာခဲ့ကြသည်။ ကားရဲ့ရှေ့ခန်းမှာက လူရဲနဲ့ ဦးအုန်းခိုင်တို့ ထိုင်ကြသည်။

ဆန်းရှိန်နှင့် အောင်လွင်တို့ပြောနေသောစကားကို ဖင်မဲက ကြားကာ သူပါ မိတ်ဝင်ဖွဲ့လေသည်။ ဖင်မဲ၏မိတ်ဖွဲ့မှုကို ဆန်းရှိန်တို့က ကြည်ကြည်ဖြူဖြူပဲ လက်ခံကြလေသည်။

ထိုသို့ရှိနေခိုက် ချန်ကေရှိတ်ဆိုသော တရုတ်လေးကလည်း ...

"ဟေ့ ... ဝါကိုလည်း ပစ်မထားကြနဲ့နော်၊ ဝါလည်း မိတ်ဖွဲ့ချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် အစ်ကိုတို့ရယ်၊ ဒီအထဲမှာက ကျွန်တော်က အငယ်ဆုံးဖြစ်ပါလိမ့်မယ်၊ ကျွန်တော်လည်း မိတ်ဖွဲ့ချင်ပါတယ်"

ဟု နောက်ဆုံးနေရာမှ ခြေမကြီး (မျိုးတင့်) ဆိုသောသူက ပြောလိုက်လေသည်။

ထိုအခါ ...

"ဟား ဟား ဟား ဟား"

အားလုံး မထင်မှတ်ဘဲ ပြိုင်တူရယ်လိုက်ကြလေသည်။ ပြီးနောက် ဖင်မဲက ...

"ကဲ အားလုံး ... ကျွန်တော်တို့ ညီအစ်ကိုတွေ ဖြစ်သွားကြပြီ၊ ဒီတော့ တစ်ယောက်ရဲ့အခက်အခဲကို တစ်ယောက် အကူအညီပေးကြတာပေါ့ဗျာ၊ အားလုံး သဘောတူကြတယ်နော်"

ဟုပြောကာ မိတ်ဖွဲ့မှုအစီအစဉ်လေးကို ပျော်ရွှင်စွာဖြင့် အဆုံးသတ်လိုက်ကြလေတော့သည်။

❑❑❑



## အခန်း (၁၆)

## တောလမ်းခရီးစ

မန္တလေးသို့ နောက်တစ်နေ့ရောက်သည်။ ထိုမှတစ်ဆင့် [illegible]မော်ဘက်သို့ ကားစီးရပြန်သည်။

ဗန်းမော်ရောက်တော့ တောလမ်းခရီးကိုတော့ ခြေလျင်ပဲ [illegible]ကြလေတော့သည်။

ထိုတောလမ်းခရီးမစခင် ရွာတစ်ရွာသို့ ဝင်ခဲ့လေသည်။ [illegible]ရွာက မော်ချိုက်ရွာဟု ခေါ်လေသည်။ ထိုရွာမှ လမ်းပြတစ်ဦး [illegible] ခရီးဆက်ခဲ့ကြရပြန်သည်။

အရိပ်အာဝါသကောင်းသော သစ်ပင်ကြီးတစ်ပင်



www.burmeseclassic.com

www.burmeseclassic.com



အောက်တွင် ဦးအုန်းခိုင်က နားကာ မြေပုံစာရွက်ကို ထုတ်ယူလိုက်သည်။

သူတို့ရောက်နေသောနေရာနဲ့ ဆက်ပြီးသွားရမယ့်နေရာကို ခရီးစဉ်ကို တိုင်းတာကာ လမ်းကြောင်းရှာနေမိသည်။

ထိုအခါ ဦးအုန်းခိုင်က ခရီးစဉ်ကိုကြည့်ကာ လူရဲကို လှမ်းပြောလိုက်သည်။

"ရှေ့ဆက်ရမယ့်ခရီးကတော့ တော်တော်ခက်ခဲလိမ့်မယ်၊ ခရီးလည်း ကြမ်းမယ်လို့ထင်တယ်၊ လူရဲက ကျန်တဲ့လူတွေကို သတိပေးစကားပြောလိုက်ပါ၊ ရေကိုလည်း ကြိုချက်ပြီးဆောင်ထားကြပါလို့၊ ရေအေးကိုတော့ မသောက်မိပါစေနဲ့ ...။

ဒီညတော့ ဒီနားမှာပဲ နားကြရအောင်၊ လူရဲတို့ စားစရာသားကောင် ရှာချင်ရှာကြပေါ့၊ ဦးကတော့ နားလိုက်ဦးမယ်"

"ဟုတ်ကဲ့ပါ ဦး"

ဟုပြောကာ လူရဲက ဦးအုန်းခိုင်အနားမှ ထလာခဲ့သည်။ ကျော်စိုးအနားသို့ရောက်သော် ...

"လူရဲ ... အဘိုးကြီး ဘာတွေပြောလိုက်တာလဲ"

"သတိပေးစကားတွေ ပြောလိုက်တာပဲ၊ ဒီကနေဆက်ပြီး သွားရမယ့်ခရီးက နည်းနည်းကြမ်းမယ်လို့ပြောတယ်"





ထို့နောက် လူရဲက ဆန်းရှိန်တို့ဘက်သို့လှည့်ကာ ...

"ကဲ ... မင်းတို့ စားစရာလေးဘာလေး သားကောင်တွေ ရှာချင်ရှာကြ၊ တစ်ယောက်တည်းတော့ မသွားကြနဲ့နော်"

ဟုပြောကာ ဖင်မဲဘက်သို့လှည့်ပြီး ...

"ဖင်မဲ ... ညီလေးက အစ်ကိုနဲ့လိုက်ခဲ့၊ ခြေမကြီးနဲ့ကျော်စိုးက ထမင်းချက်ထား၊ ချိန်ကေရှိတ်နဲ့အတူပေါ့"

ဟုပြောကာ လူရဲက သေနတ်ထမ်း၍ ရှေ့မှထွက်သွားသည်။ လူရဲနောက်မှ ဖင်မဲကလည်း ဒူးမြားတစ်လက်ထမ်းကာ လူရဲနောက်မှ လိုက်သွားလေသည်။

ဆန်းရှိန်နှင့်အောင်လွင်တို့အတွဲမှာ လူရဲတို့၏ ဆန့်ကျင်ဘက်ဆီ ထွက်ခွာသွားခဲ့ကြသည်။

လူရဲတို့ စမ်းချောင်းတစ်ခုအနားသို့ ရောက်လာခဲ့သည်။ ထိုအခါ တောတိုးသံတစ်ခု ...

'ချွတ် ချွတ်'

'ဖလပ် ဖလပ်'

'ဝူး ဝူး ရှူး ရှူး'



www.burmeseclassic.com

www.burmeseclassic.com



ထိုအသံတွေကြောင့် ဖင်မဲက လူရဲကိုကြည့်လိုက်သည်
ထိုအခါ လူရဲကလည်း ခေါင်းညိတ်ပြကာ ထိုအသံများ လာ
ဘက်သို့ စူးစမ်းလိုက်ကြသည်။ ထိုအသံရှင်က ပတ်ဝန်းကျင်
သတိမထားဘဲ အစာကိုသာ အငမ်းမရ စားသောက်နေသည်

လူရဲလည်း ထိုအသံနေရာကို လှမ်းမြင်လိုက်ရသည်
ဝါးရုံချုံတစ်ခုထဲမှ ဖြစ်နေသည်။ ထိုဝါးရုံချုံကို သေချာစွာ စူး
လိုက်သောအခါ 'သားကောင်ဟုထင်ရသော အကောင်
ကောင်က ဝါးရုံကြားထဲ ရောက်နေပြီး ရန်သူကိုပင် သတိမထ
တော့ပါ။

ထိုသားကောင်ကို တခြားသားကောင်တစ်ကောင်
လည်း ချောင်းနေတာ မည်သူမှမသိလိုက်ကြပါ။ ထိုချောင်း
သော သားကောင်က ဝါးရုံ၏ဘေး ဆယ်ပေအကွာလော
ဖြစ်လေသည်။

သားကောင်၏လှုပ်ရှားမှုကို မျက်တောင်မခတ်ဘဲ ငြိ
သက်စွာ ကြည့်နေသည်။ ထိုကဲ့သို့ ဝါးရုံထဲက သားကောင်
ချောင်းနေသော ရန်သူနှစ်ဦးမှာ တစ်ဦးက လူသားဖြစ်သ
တခြားရန်သူကတော့ ...။





'ဝေါင်း'

'ကျွီ ကျွီ'

ဟူသော အသံများဖြင့် နှစ်ကောင်စလုံး လုံးထွေးကာ သတ်ပုတ်လျက်ရှိသည်။ တောဝက်မှာလည်း ဟင်းမျိုးကြီး၏ သက်သည်းနှင့် ခုန်အုပ်လိုက်သောအရှိန်ကြောင့် ရှေ့လက် တစ်ချောင်းတစ်ခုလုံး စုတ်ပြတ်ကာ အသက်ငင်လျက်ရှိနေလေသည်။

ဟင်းမျိုးကြီး (ကျား) မှာလည်း တောဝက်၏အစွယ်ပင့်အား အရှိန်ကြောင့် လက်ပြင်အောက် နှလုံးသားတည့်တည့်သို့ စူးဝင်ကာ မချိမဆံ့ နာကျင်သောဝေဒနာကြောင့် ...

'ရှူး ရှူး'

'ဝေါင်း ဝေါင်း'

ဟူသောအသံမှာ အသံအားပျော့လျက် တဖြည်းဖြည်း ငြိမ်သက်သွားလေတော့သည်။

လူရဲနှင့် ဖင်မဲတို့မှာ မြင်လိုက်ရသောမြင်ကွင်းကြောင့် ခွင်တက်ရှူမျှော်ရင်း ငြိမ်သွားသောအခါမှ မရဲတရဲဖြင့် ဝါးရုံနားသို့ကပ်ကာ နောက်ကွယ်မှ ချောင်းကြည့်လိုက်ကြသည်။

ထိုအခါ ထူးမြောင်က ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုလှရဲရေ ... ကံကောင်းချင်တော့ သားကောင် နှစ်ကောင်စလုံးက သူ့စရိတ်နဲ့သူ ချောကုန်ကြပြီ၊ ကျွန်တော်တို့က တော့ ကျည်တစ်တောင့်တောင်မသုံးရဘဲ သားကောင်နှစ်ကောင် ရလိုက်တာပဲ၊ ကံကောင်းလိုက်တဲ့ ဒီနေ့အဖြစ်မျိုး ကျွန်တော် တော့ အမှတ်ရနေတော့မယ်ဗျ"

ဖင်မဲ့အပြောကို လှရဲက သဘောကျပြုံးလျက် ခေါင်း ညိတ်လိုက်လေတော့သည်။

ထိုအခါ ဖင်မဲက ဆက်ပြီး ...

"ဒါပေမဲ့ ကိုလှရဲ ... ကျွန်တော်တို့အတွက်လည်း ကံ ကောင်းသွားတယ်နော်၊ တကယ်လို့သာ ကျွန်တော်တို့က ဝါးရုံ တောထဲက သားကောင်ကိုသာ မဲပြီး အဓိကထားပြီး ပစ်မယ် ဆိုရင် တခြားသားကောင်ရန်ကို ကျွန်တော်တို့ခံရမှာ၊ အခုတော့ တခြားသားကောင်က အရင်လက်ဦးမှုယူလိုက်လို့ ကျွန်တော်တို့ ကံကောင်းသွားတာတယ်နော်၊ နှစ်ကောင်စလုံး ငြိမ်သွားကြပြီ ဒါပေမဲ့ ..."

'ရှူး ရှူး ရှူး'

ဟု ပြောလိုက်သော ဖင်မဲ၏စကားက ရှေ့သို့ မဆက်ပါ





"နှာမှုတ်သံတော့ ကြားနေရတယ်၊ တစ်ကောင်ကောင် တော့ မသေသေးဘဲ ရှိနေဦးမှာ၊ ဒါဆိုရင် ကျန်တဲ့အကောင်ကော ဘယ်ရောက်သွားပြီလဲ"

ဖင်မဲက လှရဲကိုမေးသလိုနှင့် တစ်ယောက်တည်း ပြော နေသည်။ ထိုအခါ လှရဲက အခြေအနေကို စူးစမ်းသလို လေ့လာ အကဲခတ်ကာ ဖင်မဲ၏အမေးကို အဖြေမပေးသေးဘဲ နားစွင့်နေ လိုက်သည်။

၁၀ မိနစ်၊ ၁၅ မိနစ်ခန့် ကြာသောအခါမှ ထိုသား ကောင်အနားသို့ တဖြည်းဖြည်းချင်း ချဉ်းကပ်ကာ မြင်နိုင်သမျှ မြင်ရသောနေရာသို့ရောက်လေသော် ...

"ဟင်"

"ဟာ"

"အစ်ကို ... ဘယ်လိုဖြစ်သွားတာလဲ၊ သားကောင်က နှစ်ကောင်စလုံးပါလား"

သားကောင်နှစ်ကောင်စလုံးမှာ မြေပြင်တွင် တစ်နေရာစီ ဖြစ်နေတာ တွေ့လိုက်ရသည်။ တစ်ကောင်က တောဝက်ဖြစ်ပြီး ကောင်မှာ တော်တော်ထွားလေသည်။ အစွယ်နှစ်ချောင်းမှာ



www.burmeseclassic.com

www.burmeseclassic.com



သွေးများပေကျံကာ ထိုတောဝက်လဲနေသောနေရာတွင် သွေးများ အိုင်လျက် ရှိနေသည်။

တောဝက်၏အနီး ငါးပေအကွာလောက်တွင် ဟင်းမျိုး ကောင် (ကျား) အကောင်ပေါက်လေးကတော့ မသေသေးဘဲ နှာ မှုတ်လျက်ရှိနေသည်။ ထိုဟင်းမျိုး(ကျား)အကောင်ပေါက်မှာ အရွယ်မသေးလှပါ။ သို့သော် တောဝက်၏အစွယ်ကြောင့်ဟု ထင်ရသော ဒဏ်ရာက ထိုဟင်းမျိုး၏နှလုံးတည့်တည့်ကို ထိသွား သည်ဟု ထင်ရသည်။

ထို့ကြောင့်လည်း ဟင်းမျိုကောင်က ချက်ကောင်းကိုထိ ထား၍ မထနိုင်တော့ဘဲ ထိုနေရာမှာပင် မသေသေးဘဲ ရှိနေသေး သည်။

"အစ်ကိုရေ ... ကျွန်တော်တို့တော့ သေနတ်တစ်ချက် မှ မပစ်ရဘဲ သားကောင်နှစ်ကောင် တစ်ခါတည်း ရလိုက်တာ ပဲ"

"ဒါပေါ့ကွ ... တို့ရဲ့ကုသိုလ်ကံက ကောင်းနေလို့ပေါ့ ဒီနိမိတ်အရဆိုရင်တော့ အခု တို့သွားရမယ့်နေရာမှာလည်း ကံကောင်းကြလိမ့်မယ်လို့ ယူဆလို့ရတာပေါ့"





ဟုပြောကာ လူရဲက တောဝက်နဲ့ဟင်းမျိုးနားသို့ ရောက် သသော် မသေမရှင်ဖြစ်နေသော ဟင်းမျိုး(ကျား)ကို အသေပေး ိုက်လေတော့သည်။

"အင်း ... ဟင်းမျိုးကြီးက သိပ်မကြီးလှသေးပေမယ့် စ်ကောင်စလုံးနဲ့ဆိုရင် ငါတို့အုပ်စု တစ်ပတ်စာလောက်တော့ င်းအတွက် မပူရတော့ဘူး"

ဟု စိတ်ထဲမှတွေးနေတုန်း ထိုဟင်းမျိုးကို သေချာစွာ ကြည့်နေမိသည်။ ထိုအခါ စိတ်ထဲမှာ ထင့်ခနဲဖြစ်သွားသည်။ ဘယ်ကြောင့်ဆိုသော် သူတို့ရလိုက်သော ဟင်းမျိုးမှာ တခြား င်းမျိုးများကဲ့သို့ မဟုတ်ဘဲ နီလာစင်းကျားမျိုးဖြစ်နေတာ တွေ့ ိုက်ရသည်။

ထိုနီလာစင်းကျားမျိုးသည် ရှားပါးသောကျားမျိုးဖြစ် သည်။ ထိုကျားမျိုးမှ ကျားအမျိုးပေါင်း ခြောက်မျိုးထဲမှာ ကြောက် အကောင်းဆုံး နီလာစင်းကျားမျိုးဖြစ်နေတာ တွေ့လိုက်ရ သည်။

ထိုကျားမျိုး ခြောက်မျိုးမှာ ကျားသစ်၊ သစ်ကြုတ်၊ ားကြုတ်၊ ဝါစိထုပ်၊ တန်းစက်ကျ၊ နီလာစင်းကျားမျိုးတို့သည်



www.burmeseclassic.com

www.burmeseclassic.com



ကျားဘုရင်မျိုး ဖြစ်ကြသည်။ အကြီးမားဆုံးကျားများ ဖြစ်
သည်။ ကိုးတောင်ပြည့် ကိုးတောင်ကျော်ကျားမျိုးလည်း ဖြ
သည်။

သတ္တိအရာတွင်လည်း နီလာစင်းကျားမျိုးကို ယှဉ်၍
ပေ။ နီလာစင်းကျားဟုခေါ်ရခြင်းကလည်း ကိုယ်အလျားအတိုင်
စင်းကျားရှိပြီး ခေါင်းသည်လည်း ကိုယ်နှင့်လိုက်အောင် တုတ်
ထွားလေသည်။

နီလာစင်းကျားများမှာကား သတ္တိအရာတွင် အလ
ကောင်းကြသည်။ ဘယ်သားကောင်ကိုမှ လွှတ်ပေးရိုးထုံးစံ
ပေ။ သို့သော်လည်း အစာရမွက်ကြီးခြင်း၊ ဒေါသကြီးခြင်း
ပေ။

နီလာစင်းကျားများမှာ တောဘုရင်ဖြစ်သည့်အတွ
တောတိုင်း တောင်တိုင်းကိုပင် သူပိုင်တောအဖြစ် သတ်မှတ်
သွားလာကျက်စားလေ့ရှိသည်။

မည်သည့်သားကောင်ကိုမှ ဂရုမစိုက်သည့်သဘော
ရှိလေသည်။ နီလာစင်းကျားမျိုးကို ကြီးသည်ဖြစ်စေ၊ ငယ်သ
ဖြစ်စေ မည်သည့်သားရဲသားကောင်များက ထိပါးရဲခြင်း မရှိ





တစ်စုံတစ်ခုသော ရန်သူတို့ကသာ သူတို့အား ဖျက်ဆီး
စက်ပါက နီလာစင်းကျားများမှာ ထိုရန်သူအား ရသည့်နည်း
ဖြင့် တုံ့ပြန်တတ်သည်ကို လူရဲက သိရှိထား၍ ယခုရခဲ့သော
လာစင်းကျားကို သူတို့၏နားနေရာသို့ ယူသွားရမှာကို လန့်နေမိ
သည်။

ယခုရလိုက်သော ဟင်းမျိုးကို သယ်သွားရင် ကောင်း
လား ထားခဲ့ရင်ကောင်းမလားလို့ ဝေခွဲမရ ဖြစ်နေမိသည်။
အခါ ဖငမဲက ...

"ကိုလူရဲ ... ဘာစဉ်းစားနေတာလဲ၊ သယ်မယ်လေ"

လူရဲလည်း ခေါင်းတချက်ညိတ်ကာ သားကောင် နှစ်
ကောင်ကို ဝါးလျှိုကာ ထမ်းလာခဲ့ကြလေသည်။

သူတို့နားနေသော သစ်ပင်ကြီးနားသို့ မရောက်ခင်
ကြေရှိတ်က လူရဲတို့ထမ်းလာသော အရာကို တွေ့လိုက်၍
သာအားရဖြင့် ...

"ဟ ... ဆရာကြီးတို့က အရမ်းတော်တာပဲ၊ သေနတ်
တောင် မကြားရဘဲ ဒီနှစ်ကောင်ရလာတယ်၊ ဝတော့နား
သည်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဖင်မဲက နောက်ချင်၍ . . .

"ချန်ကေရှိတ်ကလည်း ဒါ ကျွန်တော့်လက်ချက်
နှစ်ကောင်စလုံးကို ဟော်သီမြားနဲ့ ပစ်လိုက်တာ"

ထိုအခါ ချန်ကေရှိတ်က ကျားကြီးကို ပတ်ကာ လျှော
ကြည့်နေသည်။ လူရဲလက်ထဲမှ ချန်ကေရှိတ်က လက်လွဲ
ကူထမ်းလိုက်သည်။ ထိုအခါ ကျော်စိုးက ထင်းရှားရာမှ
ရောက်လာပြီး သားကောင်နှစ်ကောင်ရလာခဲ့သော လူရဲတို့
ကြည့်ကာ အံ့သြနေမိသည်။

ဝါးလုံးလျှိုကာ ထမ်းလာသော ကျား၏လက်ပြ
အောက်မှ သွေးများက တောက်လျှောက်ကျလာ၍ သူတို့နား
သော နေရာမရောက်ခင် သစ်ပင်၏ခွဆုံ မြစ်ဆုံတစ်ခုတွ
တင်လိုက်ကြသည်။

ချန်ကေရှိတ်က မြားချက် ဘယ်နေရာထိပြီး သေသွာ
သလဲဆိုတာ သိချင်၍ ဒဏ်ရာကိုလိုက်ရှာနေသည်။ ဒဏ်
မြားချက် ရှာမတွေ့၍ . . .

"ဖင်မဲ . . . ဘယ်နားကို မြားက မှန်တာလဲ"

ထိုအခါ ဖင်မဲက လက်ပြင်နားသို့ လက်ညှိုးထိုး





လိုက်သည်။ ချန်ကေရှိတ်လည်း ကျားကြီး၏လက်မောင်းကို ကြည့်လိုက်သောအခါ သွေးများကျနေ၍ အပေါက်မှာကြီးနေ၍

"မဖြစ်နိုင်ဘူး ဖင်မဲ၊ ဝက်ကိုလည်း ဘယ်လိုရခဲ့တာလဲ"

"ဝက်ကိုတော့ ခဲနဲ့ထုလိုက်တာလေ"

"ဟာ . . . ဒီကောင်တော့"

"ဟား ဟား ဟား"

အားလုံး ဝိုင်းရယ်ကြလေသည်။ ချန်ကေရှိတ်ပုံစံမှာ အူကြောင်ကျားဖြစ်နေသဖြင့် အားလုံးကခင်၍ စကြ,နောက်ကြလေသည်။ မည်သို့ပင်ဆိုစေကာမူ ချန်ကေရှိတ်တစ်ယောက်ကတော့ တောဝက်၏ဒဏ်ရာကို လိုက်ရှာကြည့်နေပြန်သည်။ တောဝက် မှာ ကျားကြီး၏လက်ဝါးရိုက်ချက်ကြောင့် လက်ပြင်၏ အပေါ်ဘက်တွင် ဒဏ်ရာရရှိပြီး သေသွားခဲ့သည်ကို တွေ့လိုက်ရလေသည်။ ထို့နောက် ကျော်စိုးက . . .

"လူရဲ . . . ကျားကြီးရဲ့ အဝါစင်းက တစ်မျိုးပါလား၊ အလျားလိုက် အစင်းကြီးပဲ၊ ဒီကျားမျိုးက ရှားတယ်၊ တခြားကျားတွေလို ကန့်လန့်အစင်းကျား မဟုတ်ဘူးနော်"

'ဟုတ်တယ် ကျော်စိုး၊ ဒီကျားကြီးကို ယူသွားလာခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



ငါတော့ မျက်ခုံးခပ်လှုပ်လှုပ်ပဲ''

''ဘာဖြစ်လို့လဲ''

''ဘာဖြစ်လို့လဲဆိုရင် ဒီနီလာစင်းကျားမျိုးဟာ သူတို့ရဲ့အဖော်တစ်ကောင်ကောင်ပျောက်သွားရင် အနံ့ခံလိုက်လာတတ်တယ်၊ အဲဒီအခါကျရင် တို့အတွက် အန္တရာယ်ရှိတာပေါ့ပြီးတော့ အခုရလာတဲ့ ကျားပေါက်လေးကလည်း ငယ်သေးတယ်၊ သူ့ရဲ့အဖေ အမေတွေသိရင်တော့ မလွယ်ဘူး၊ တို့နောက်ကို လိုက်လာမှာပဲစိုးတယ်''

ကျော်စိုးမှာ လူရဲပြောလိုက်သောစကားကြောင့် စိတ်ထဲမှာ နည်းနည်းတော့ ကြောက်လာမိသည်။

ကျော်စိုးက ခြေမကြီးကိုခေါ်ပြီး သုံးဦးသား သားကောင်ကို ကိုင်နေကြလေသည်။ ကျားကြီးကို အရေခွံဆုတ်နေတုန်း ဆန်းရှိန်နဲ့အောင်လွင် ပြန်ရောက်လာကြသည်။ သူတို့လက်ထဲတွင် ယုန်နှစ်ကောင်နဲ့ တောကြက်တစ်ကောင်ပါလာသည်။

ထိုအခါ အောင်လွင်က ချန်ကေရှိတ်တို့ သားကောင်ဖျက်နေသည့်နေရာသို့ ရောက်လာပြီး ...

''ဟင် ... ဟုတ်လှချည်လား၊ ဆရာတို့က ရမယ်





တော့ နှစ်ကောင်တောင်ပါလား၊ ဒါနဲ့ သေနတ်သံလည်း မကြားပါလား''

ထိုအခါ ကျော်စိုးက အကြောင်းစုံကို လူရဲပြောပြထား၍ သိထားရသမျှ ဆန်းရှိန်တို့ကို ပြန်ပြောပြနေသည်။

''ဒါနဲ့ မင်းတို့လည်း သွားတာလာတာ သတိဝီရိယထားပြီး သွားနော်''

''ဘာဖြစ်လို့လဲ''

''အခုရလာတဲ့ကျားက လူရဲအပြောအရ အန္တရာယ်ရှိတယ်ကွ''

''ဟင် ... ဘာဖြစ်လို့လဲ ကိုကျော်စိုး''

ကျော်စိုးက နီလာစင်းကျားကြီးတို့ရဲ့ ဓလေ့ စရိုက်လက္ခဏာနှင့် တုံ့ပြန်တတ်သောအကြောင်းများကို သေချာစွာ ရှင်းပြလေသည်။

ညနေစာကို သူတို့အဖွဲ့ တောဝက်သားဟင်းဖြင့် မြိန်ရှက်စွာ စားသုံးခဲ့လေသည်။ ကျန်အသားများကို ကြပ်တင်ကာ ထုပ်ပိုး၍ ယူခဲ့လေသည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

## လူလေးဦးနှင့် ဦးအုန်းခိုင်

ညနေစာစားသောက်ပြီး၍ လူရဲ နားနေသောနေရာ ခပ်လှမ်းလှမ်းသို့ လမ်းလျှောက်ရင်း အဝေးသို့လှမ်းကာ ကြည့်သည်။ သူကြည့်လိုက်သောနေရာမှာ တောင်ကြားတစ်ခုမှ ရေတံခွန်လေးက တသွင်သွင်စီးဆင်းနေလေသည်။

ထိုရေတံခွန်ကို လူရဲ လှမ်းကာကြည့်ရင်း ရန်ကုန်မြို့တော်တွင်ကျန်ခဲ့သော ဝေကို သတိရမိသည်။ အခုဆိုရင် ဝေလည်း သူ့ကိုလွမ်းနေမှာပဲ၊ လူရဲနဲ့ နောက်ဆုံးတွေ့တဲ့အချိန်က သူဝေ့ဖင်ပြောလိုက်သောစကားကို ကြားယောင်နေမိသည်။





"အစ်ကို အမြန်ဆုံးပြန်ရောက်လာပါစေလို့ ဝေ ဆုတောင်းပေးနေမယ်နော်၊ ဝေ အစ်ကိုနဲ့ခွဲနေရတာ လွမ်းနေမှာ"

ဟု ပြောလိုက်သောစကားကို လူရဲကြားယောင်နေမိသည်။

"လူရဲ ... လူရဲ"

အနောက်မှခေါ်လိုက်သောအသံကြောင့် လူရဲ အတွေးများပြတ်ကာ နောက်သို့လှည့်ကြည့်လိုက်သည်။

"ကျော်စိုးပါလား"

ဟုပြောကာ အနားတွင်ရှိသော သစ်မြစ်ဆုံတစ်ခုပေါ်တွင် သူက အရင်ထိုင်ကာ ကျော်စိုးကို လှမ်းပြောလိုက်သည်။ ထိုအခါ ကျော်စိုးက လူရဲနားသို့ ကပ်ကာ ထိုင်လိုက်သည်။

"မင်းကို မေးစရာရှိလို့"

"မေးလေ"

"အခု မင်းတို့ရလာတဲ့ ကျားကြီးအကြောင်းပါ။ တကယ်ပဲ အန္တရာယ်ရှိလားဆိုတာ သိချင်လို့ပါ"

"ဟုတ်တယ်၊ ဒီလိုကျားမျိုးက သူတို့ရဲ့ မိသားစုထဲက တစ်ကောင်ကောင် အသတ်ခံရတယ်ဆိုရင် သူတို့က အနံ့ခံလိုက်



www.burmeseclassic.com

www.burmeseclassic.com



တတ်တယ်၊ တုံ့ပြန်တတ်တယ်၊ ခက်တာက တို့က မသတ်ဘဲနဲ့ သူ့ရဲ့သားသမီးဆိုရင် အန္တရာယ်ရှိနိုင်တယ်၊ ဒါပေမဲ့ အခုရလာတဲ့ ကျားက တစ်ကောင်တည်းဆိုရင်တော့ အကြောင်းမဟုတ်ပါဘူး မိသားစုနဲ့ မကင်းဘူးဆိုရင် မင်းတို့ ငါတို့ သတိထားရတော့မယ်"

"ဒါဆိုရင် ဘယ်လိုလုပ်ကြမလဲ"

ကျော်စိုးက ကြောက်စိတ်ဝင်လာကာ မလုံမလဲဖြစ်သွားသည်။ ကျော်စိုး အကြောက်လွန်သွားသွားသည်ကို လူရဲ သတိထားမိလိုက်သည်။ စိုးရိမ်ပူပန်နေသော ကျော်စိုးကို ကြည့်ကာ ...

"ဘာမှမကြောက်နဲ့၊ ငါတို့က သတိထားနေရင် ဒီကျား တို့နားမကပ်နိုင်ပါဘူး၊ ပြီးတော့ တို့က လူအများနဲ့နေတယ်ဆိုတော့ သူတို့၊ တို့နားကိုမလာဝံ့ပါဘူး၊ ဒါပေမဲ့ သူတို့ကတော့ အလစ်ကိုချောင်းနေမှာပဲနော်၊ ဒါကိုတော့ သတိထားရမယ်"

ထိုအချိန်တွင် ဦးအုန်းခိုင်တစ်ယောက် သူ၏ရွက်ဖျင်တဲထဲတွင် ပေစာများနှင့် အလုပ်ရှုပ်နေသည်။ တစ်ခါတစ်ခါ သဘောကျကာပြုံးလျက် တစ်ခါတစ်ခါ အားမလို အားမရဖြစ်ကာ ပေစာထုပ်ကိုဖတ်လိုက်၊ မြေပုံစာရွက်ကိုကြည့်လိုက်နဲ့





အလိုမကျဖြစ်နေသည်။

ဦးအုန်းခိုင် ပေစာများနှင့် အလုပ်ရှုပ်နေချိန်တွင် သူတို့၏ ခပ်လှမ်းလှမ်းမှ လူလေးဦးချောင်းမြောင်းသည်ကို သူတို့အားလုံး သတိ မထားမိပါ။ ထိုလူလေးဦးစလုံးကလည်း မျက်နှာတွင် အနက်ရောင် ခေါင်းစွပ်များ စွပ်ထားသည်။

ညနေစောင်းလာ၍ နေဝင်တော့မည်ဖြစ်လေသည်။ နေဝင်တော့မည်ဖြစ်၍ ပတ်ဝန်းကျင်တစ်ခုလုံး ပုစဉ်းရင်ကွဲသံမှ အပ တိတ်ဆိတ်သွားလေသည်။ တစ်ခါတစ်ခါ ...

"ဂိ. ဂိ ဂိ"

ဇီးကွက်တစ်ကောင်က သူတို့၏အပေါ်မှ အသံပေးကာ ပြတ်သွားလေသည်။ လူရဲတို့အားလုံး တစ်ယောက်တစ်လှည့် ကင်းစောင့်အိပ်ကြလေသည်။ ညဦးပိုင်းတွင် လူရဲနဲ့ ကျော်စိုးက အရင်စောင့်သည်။ ကျန်လူများက စောစော အိပ်ရာ ဝင်ခဲ့လေသည်။

ထိုအခါ သူတို့ကင်းစောင့်နေသော အနောက်ဘက် ပေ ၅၀ လောက်အကွာလောက်တွင် နီရဲသောမျက်လုံးနှစ်လုံးသည် သူတို့ကို ကြည့်နေသည်။ လူရဲက မီးပုံ၏ဘေးတွင်ထိုင်ကာ



www.burmeseclassic.com

www.burmeseclassic.com



ရေခွေးအိုးကို မီးထိုးနေသည်။ လူ့ရဲကတော့ နီရဲသော မီးလုံးလိုလို၊ မျက်လုံးလိုလိုအရာအား ဂရုတစိုက်နှင့် ကြည့်နေသည်ကို တစ်ဦးတစ်ယောက်လေမှ သတိမထားမိပါ။

ထိုအချိန် မီးပုံဘေးတွင် ထိုင်နေကြသော ဆန်းရှိန်နဲ့ အောင်လွင်တို့နှစ်ဦးက အရင်ထကာ အိပ်ရာပြင်လေသည်။ မီးပုံ၏ဘေး ၁၀ ပေကွာလောက်တွင် သူတို့နှစ်ဦးက နေရာယူထားကြလေသည်။

ချန်ကေရှိတ်ကတော့ မီးပုံဘေးတွင် နေ့ခင်းကရလာသော တောဝက်သားကင်ကို တုတ်ထိုး၍ မီးကင်နေလေသည်။

ဖင်မဲနဲ့ခြေမကြီးတို့နှစ်ဦးသည် ကျားသရေကို သစ်ပင်တစ်ခု၏ကိုင်းဖျား၌ လှန်းထားရာသို့ ကြည့်ပြီး ...

"ဖင်မဲ ... ဒီကျားသရေက တစ်မျိုးပဲနော်၊ တခြားကျားတွေလို ကန့်လန့်စင်းမဟုတ်ဘဲ၊ အလျားလိုက်အစင်းကျားကြီးနော်၊ ငါတော့ ဒီတစ်ခါပဲ မြင်ဖူးတယ်"

"ဟုတ်တယ် ခြေမကြီး၊ ဒီကျားသရေကိုကြည့်ပြီး ငါတော့ ကျောချမ်းတယ်"

ထိုအချိန်တွင် အမှောင်ထဲမှ မျက်လုံးနှစ်လုံးသည် ကျားသားရေကိုကြည့်နေသည်။ တစ်ချက် တစ်ချက် ...

'ရှူး ရှူး'

ဟု နှာမှုတ်သံ ကြားရသည်။ ထိုနှာမှုတ်သံကို အိပ်ရာထဲရောက်နေသော ဆန်းရှိန်က ကြားလိုက်သည်။ ထိုအခါ ဆန်းရှိန်က အိပ်ရာမှထထိုင်ကာ ပတ်ဝန်းကျင်သို့ လှည့်ပတ်ကြည့်လိုက်သည်။ ပတ်ဝန်းကျင်တစ်ခုလုံးက အမှောင်အတိဖြစ်နေ၍၊ ဘာမှမမြင်ရပါ။

ထိုကဲ့သို့ ဆန်းရှိန်၏အဖြစ်အပျက်ကို အောင်လွင်ကတော့ တစ်ဖက်သို့လှည့်ကာ အိပ်နေ၍ ဘာမှမသိလိုက်ပါ။

ဆန်းရှိန်နှင့် အောင်လွင်တို့က လူ့ရဲ၏ကျောနောက်တွင်ဖြစ်နေ၍ လူ့ရဲလည်း သတိမထားမိပါ။ ဆန်းရှိန်မှာ စနိုးစနောင့်ဖြစ်နေမိသည်။ ပတ်ဝန်းကျင်ကိုလည်း မလုံမလဲဖြစ်ကာ ကြက်သီးထမိသည်။

ဆက်အိပ်ဖို့ကလည်း မအိပ်ရဲတော့၍ လူ့ရဲအနီးသို့ သွားလာပြီး ...

"ကိုလူ့ရဲ ... ကိုလူ့ရဲ"

"ဟင် ... ဆန်းရှိန်ပါလား၊ ဘာလဲ အိပ်မပျော်လို့လား"



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးရင်း ဦးအုန်းခိုင်၏ ရှက်ဖျင်တဲလေးဘက်သို့ ကြည့်လိုက်မိသည်။ ထိုအခါ ဦးအုန်းခိုင်ကတော့ သူ၏တဲလေး အတွင်းတွင် မအိပ်နိုင်သေးဘဲ အလုပ်ရှုပ်နေသည်ဟု ထင်မိသည်။

"ကိုလူရဲကို ပြောစရာရှိလို့ပါ"

"ပြောလေ ဆန်းရှိန်"

"ကျွန်တော့်စိတ်ထဲမှာ ကျွန်တော်တို့ကို တစ်ဦးဦးက ချောင်းကြည့်နေသလို ခံစားနေရတယ်၊ ပြီးတော့ အသက်ရှူသံ လိုလို နှာမှုတ်သံလိုလိုလည်း ကြားရတယ်"

ဆန်းရှိန်သည် ၎င်း၏စိတ်ထဲ ခံစားချက်ကို၊ လူရဲထံ ရင်လာဖွင့်နေမိသလို လူရဲကလည်း ဆန်းရှိန်၏ခံစားချက်ကို နားလည်လိုက်သည်။ သူလည်းပဲ ဆန်းရှိန်လို ခံစားလိုက်ရသည် မဟုတ်ပါလား။

"ဆန်းရှိန် ... သတိထားပြီးအိပ်နော်၊ သားကောင်တစ် ကောင်ရဲ့ အလစ်အငိုက်ကို မခံရအောင် သတိထား"

"ဟုတ်ကဲ့ပါ ကိုလူရဲ၊ ဒါပေမဲ့ ... ကျွန်တော့်စိတ်ထဲ ထင့်နေတော့ ကျွန်တော် အိပ်လို့ရမှာမဟုတ်တော့ဘူး။ ဒီတော့





ကိုလူရဲနဲ့ အဖော်လုပ်ရင်း စကားပြောမယ်လေ"

"အေး ... ကောင်းတယ်"

ဆန်းရှိန်က မီးပုံထဲတွင် ထင်းနည်းနေ၍ အနားတွင်ပုံ ထားသော ထင်းတုံးထဲမှ အကြီးဆုံးတစ်တုံးကိုရွေးကာ မီးပုံထဲ သို့ ထည့်လိုက်သည်။ ထိုအချိန်တွင် ချန်ကောရှိတ်က ဝက်သား ဟင်းလေး ကျက်သွား၍ ...

"ကိုလူရဲ ... စားမလား"

ဟု လူရဲနှင့် ဆန်းရှိန်ဘက်သို့ မေးလိုက်သည်။ ထိုအခါ သူရဲက ...

"စားပါ ... ခင်ဗျားပဲ ဝအောင်စား၊ ဒါမှ အိပ်လို့ပျော် မှာ"

"ဟား ဟား ... ဝနော်၊ မြို့မှာဆို ဝက်သားပဲ စား တယ်၊ အခုနော် တောထဲမှာလည်း ဝက်သားပဲစားရတယ်၊ ဒါပေမဲ့ ... ဒီတောဝက်သားက ပိုပြီးစားကောင်းတယ်"

"တောဝက်သားက မြို့မှာရှိတဲ့ ဝက်တွေထက် ပိုပြီး စားကောင်းမှာပေါ့၊ တောဝက်သားက မြို့ဝက်သားထက် ဆိုနည်းတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



လူရဲက ပြောရင်း ချန်ကေရှိတ်ကိုကြည့်ကာ သဘော ကျနေသည်။ ချန်ကေရှိတ်က တရုတ်လူမျိုးဆိုတော့ ဝက်သား အတော်ကြိုက်မှာပဲဟု ထင်မိသည်။

ထိုကဲ့သို့ပြောနေရင်း ချန်ကေရှိတ်၏နောက်ဘက်သို့ မထင်မှတ်ဘဲ မျက်စိ ရောက်သွားသည်။ ထိုအခါ ... ချန် ကေရှိတ်၏အနောက် ၁၅ ပေအကွာတွင် မျက်လုံးများဟု ထင် သော နီရဲနေသော အလုံးနှစ်လုံးကို လူရဲက ရုတ်တရက် မြ လိုက်သည်။ စိတ်ထဲမှာလည်း တစ်မျိုးခံစားလိုက်ရပြီး ထိုမျက် လုံးဟုထင်ရသော နီရဲနေသည့် အရာကို သတိထားကြည့် နေသည်။

ထိုကဲ့သို့ လူရဲကြည့်နေသောအကြည့်ကို ထိုအလုံး နှစ်လုံးက သတိထားမိပြီး အနောက်သို့ ဖြည်းဖြည်းချင်း ဆုတ် သွားသည်။ မဟန်တော့သောအနေအထားကြောင့် ဆုတ်သွား တာလား၊ ဒါမှမဟုတ် နောက်တစ်ကြိမ်ပြန်၍ ကြိုးစားမှာလ မသိပါ။

လူရဲတစ်ယောက် မသက်မသာဖြစ်လာမိသည်။ ထိုအ အနားတွင်ထိုင်နေသော ဆန်းရှိန်ကို ကပ်ပြီး ...





"အန္တရာယ်တော့ ရှိနေပြီ၊ သတိထား"

"ဘာလဲ ကိုလူရဲ"

ဟုပြောကာ ဘေးသို့လှည့်ကာ ကြည့်လိုက်သည်။ သို့ သော် ဘာမှမတွေ့ပါ။ အဘယ်ကြောင့်ဆိုသော် အန္တရာယ်က သူ၏နောက်တွင် ရှိနေသည်ကို လူရဲမှလွဲ၍ ဆန်းရှိန်မသိပါ။ ထိုအခါ လူရဲက ဆန်းရှိန်ကို ...

"အန္တရာယ်က တို့နဲ့ လက်တစ်ကမ်းမှာရောက်နေပြီ၊ သတိဝီရိယထား၊ လက်နက်တစ်ခုခုတော့ လက်ထဲမှာဆောင် ထား။ ဒီတစ်ခါ မျက်လုံးနှစ်လုံးတွေ့ရင် ငါတော့ ပစ်ထည့်လိုက် တော့မယ်"

"ကိုလူရဲ ဘာကောင် တွေ့လို့လဲ"

ဆန်းရှိန်က သိချင်၍ မေးလိုက်သော်လည်း လူရဲက အမှန်အတိုင်းမပြောဘဲ ...

"သားကောင်တစ်ကောင်တော့ ဖြစ်မှာပါ။ ဘာကောင် လဲတော့ ငါလည်း မသိဘူး"

တကယ်တော့ လူရဲက ကျားတစ်ကောင်ရဲ့မျက်လုံး ဆိုတာ သိခဲ့ပေမယ့် ဆန်းရှိန် ကြောက်သွားမှာစိုးလို့ အမှန်အတိုင်း



www.burmeseclassic.com

www.burmeseclassic.com



မပြောခဲ့ပါ။

လူရဲက ဆန်းရှိန်ကို လက်နက်ကိုင်ထားဖို့ ပြောလိုက်ရင်း သူကလည်း ခါးတွင်ရှိသော သေနတ်တစ်လက်ကို အမြန်ယူထားလိုက်သည်။ နောက် ဦးအုန်းခိုင်တဲဘက်သို့ လှမ်းကြည့်လိုက်သည်။

ထိုအခါ ထိုသားကောင်က ဦးအုန်းခိုင်၏တဲဘက်သို့ ရောက်သွားသည်။ အဘယ့်ကြောင့်ဆိုသော် ဦးအုန်းခိုင်၏ အနောက်ဘက်တွင် နီရဲသောမျက်လုံးနှစ်လုံးကို လူရဲက မြင်လိုက်သည်။ ထိုသို့မြင်လိုက်၍ ဆန်းရှိန်ကို လက်ဟန်ခြေဟန်ဖြင့် ထိုးပြလိုက်သည်။

ဆန်းရှိန်လည်း သဘောပေါက်သည်ဆိုတဲ့သဘောဖြင့် ခေါင်းညိတ်ပြရင်း အောင်လွင် အိပ်နေသောနေရာသို့ လှမ်းကြည့်လိုက်သည်။

အောင်လွင်တစ်ယောက်ကတော့ နှစ်နှစ်ခြိုက်ခြိုက် အိပ်လို့ကောင်းနေသည်။ ချန်ကေရှိတ်ကတော့ ဝက်သား ကင်စားပြီးလို့ ရေကိုမော့သောက်နေခိုက် လူရဲနဲ့ဆန်းရှိန်တို့ လှုပ်ရှားမှုကို ရုတ်တရက် မြင်လိုက်၍ သူပါ လန့်သွားသည်။





ထိုနောက် သူ၏နားတွင်ရှိသော တောရှင်းဓားရှည်ကို ကောက်ကိုင်လိုက်သည်။

ထိုအချိန်တွင် လူရဲနှင့်ဆန်းရှိန်က ဦးအုန်းခိုင်တဲနားသို့ ဖြည်းဖြည်းချင်း ခြေလှမ်းဖြင့် လျှောက်သွားကာ တဲအတွင်းရှိ ဦးအုန်းခိုင်ကို အကဲခတ်လိုက်သည်။ ထိုအချိန်မှာ ဦးအုန်းခိုင်က မြေပုံတစ်ခုကို အာရုံစူးစိုက်နေသဖြင့် ပတ်ဝန်းကျင်ကို ဂရုမစိုက်အားဘဲ ဖြစ်နေသည်။

ထိုအခြေနေကို အခွင့်ကောင်းယူကာ လှုပ်ရှားမှုပြုရန် စောင့်ကြည့်နေသော မျက်လုံးနီကြီးက တဖြည်းဖြည်းချင်း တိုးလာခဲ့သည်။ ဒါကို လူရဲက သတိထားကြည့်နေသည်။ မျက်လုံးနီကြီးက ဦးအုန်းခိုင်၏တဲနားသို့အရောက် လူရဲ သေနတ်ဖြင့် ချိန်ထားလိုက်သည်။ ဆန်းရှိန်က ဒူးလေးသေနတ်ကို ချိန်ထားသည်။

သားကောင်က တဲတွင်းမှ လူရိပ်ကိုသာ အာရုံစူးစိုက်နေပြီး တဲအပြင်ရှိ လူအန္တရာယ်ကို သတိမထားမိပါ။ သူ၏ သားကောင် လှုပ်ရှားမှုကိုသာ မျက်ခြည်မပြတ် ကြည့်နေသည်။ ထိုအချိန်တွင် ချက်ကောင်းရနေပြီဖြစ်သော လူရဲက မောင်း



www.burmeseclassic.com

www.burmeseclassic.com



ခလုတ်ကို ဆွဲလိုက်လေသည်။

‘ဒိုင်း’

‘ရွှီး ဒုတ်’

‘ဝေါင်း ဝေါင်း ဝေါင်း’

ဟူသောအသံများ၏ အနောက်တွင် . . .

‘ဖတ် ဖုတ်’

‘ရှူး ရှူး’

ဟူသော အသံများထွက်လာသလို သေနတ်သံကြောင့် အောင်လွင်၊ ခြေမကြီးနှင့်ဖင်မဲတို့ နိုးသွားလေသည်။ ချန်ကေရှိုလည်း လူရဲတို့နားသို့ ရောက်လာကြသည်။

ထိုအချိန်တွင် သားကောင်ဆီမှ နှာမှုတ်သံ ‘ရှူး ရှူး’ ဟူသောအသံက ဆက်တိုက်ထွက်နေသည်။

လူရဲတို့ ထိုသားကောင်၏အရိပ်အခြည်ကို စောင့်ကြည့်နေခိုက် ဦးအုန်းခိုင်က လူရဲကို . . .

“လူရဲ ဘာဖြစ်တာလဲ”

လူရဲက . . .

“သားကောင်တစ်ကောင် ချောင်းနေလို့ ကျွန်တော် ပစ်ထည့်လိုက်တယ်၊ အဲဒါ အခြေအနေ စောင့်ကြည့်နေကြတာပါ”

ထိုအချိန် ဆန်းရှိန်နှင့်အောင်လွင်တို့သည် သားကောင်ဘုထင်ရသော ချုံနွားဆီသို့ ဓာတ်မီးထိုးကာ တဖြည်းဖြည်း ချဉ်းကပ်သွားကြသည်။ သူတို့ချဉ်းကပ်သွားနေခိုက် လူရဲက သားကောင် ပြန်လည်လှုပ်ရှားလာပါက အဆင်သင့်ဖြစ်ရန် သေနတ်ကို ချိန်ထားလိုက်သည်။

ခြေမကြီးနဲ့ဖင်မဲကလည်း ငါးပေခန့်ရှိသော ဝါးလုံးကိုချွန်းကို လက်ထဲတွင် အဆင်သင့်ကိုင်ထားကြသည်။

ဆန်းရှိန် သားကောင်အနားသို့ ရောက်သောအခါ . . .

“ဟာင်”

အောင်လွင်က . . .

“ဟာ . . . ကျားကြီးပါလား၊ ကံကောင်းလို့ပေါ့”

လူရဲတို့ဘက်သို့ လက်ယပ်ခေါ်ပြီး . . .

“ကိုလူရဲ . . . ကိုလူရဲ . . . ကျားကြီးဗျ၊ အကောင်အကြီးကြီးဗျ၊ ကံကောင်းလို့ဗျာ၊ ဒီကျားကြီးချောင်းနေတာ ကြာပြီထင်တယ်”







www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ လူရဲက ...

"ဟုတ်တယ် အောင်လွင်၊ ဒီကျားကြီးက မင်းကို ချောင်းနေတာ"

"ဗျာ"

"ဟုတ်တယ် ... မင်းက အိပ်နေတာ။ ငါတို့က သူ့ကို ကြည့်နေမှန်းသိလို့ မင်းနားက ပြန်ဆုတ်သွားပြီး ဦးလေးနားကို ရောက်သွားတာ"

ကျားကြီး ဦးလေးတဲနားရောက်တော့ ကျွန်တော်တို့လည်း အနားကို ကပ်လိုက်လာခဲ့တယ်၊ ကျားက ကျွန်တော်တို့လိုက်လာတာ မသိဘူး၊ သူ့ရဲ့သားကောင်ကိုသာ ငမ်းနေတယ်"

အဲဒီအချိန်မှာ ကျွန်တော်လည်း အပိုင်တွက်ပြီး ပစ်ထည့်လိုက်တာပဲ၊ ဆန်းရှိန်လည်း ကျွန်တော်ပစ်ပြီး အဲဒီကောင်ကို ဒူးလေးနဲ့ ထပ်ပစ်လိုက်တယ်။

ထိုအချိန် ဆန်းရှိန်က ကျားကြီးနားသို့ရောက်နေပြီး အောင်လွင်လည်း ရောက်လာသည်။

"ဟာ ... ကျားကြီးရဲ့ကိုယ်ကို ကြည့်စမ်းပါဦး။ တို့ဆီမှာ





ရှိတဲ့ ကျားသရေလိုပဲ အလျားလိုက် အစင်းကျားကြီးပဲ"

"ဟုတ်တယ် ဆန်းရှိန်၊ ဒီကျားမျိုးတွေက သူတို့ရဲ့အမျိုးတစ်ကောင်ကောင်သေသွားရင် အခုလိုပဲ ကလဲ့စားချေတတ်ကြတယ်၊ ဒီကောင်မျိုးဖြစ်မယ်ဆိုတာလည်း ငါ ကြိုသိပြီးသားပါ။ ပြီးတော့ မင်းတို့က ကျားသားရေကို သစ်ကိုင်းမှာလှန်းထားတော့ ပိုပြီး ဆိုးသွားတာပဲ၊ အန္တရာယ်ကို ဖိတ်ခေါ်လိုက်သလို ဖြစ်သွားတာပေါ့ ...၊

ဒါပေမဲ့ တစ်ခုတော့ကောင်းပါတယ်၊ အခု နောက်တစ်ကောင် ထပ်ရလိုက်တာပေါ့"

ဟု လူရဲကပြောပြီး ကျားကြီးကို ကြည့်လိုက်ရာ အမဖြစ်နေတာ တွေ့လိုက်ရသည်။ သေသွားတဲ့ကျားရဲ့အမေများ ဖြစ်နေမလားလို့ တွေးလိုက်မိသည်။

ဒါဆို ကျားထီးသာ အမှန်တကယ်ရှိရင် အမပျောက်လို့ လိုက်ရှာမှာပဲ၊ ဒီတော့ ကြိုတင်ပြင်ဆင်ထားပြီး အားလုံးကို သတိဝီရိယနဲ့နေဖို့ မှာထားရမယ်ဟု စိတ်ထဲမှ တေးထားလိုက်မိသည်။

အောင်လွင်နဲ့ဆန်းရှိန်တို့ ကျားကြီးကို ဝါးလုံးလျှိုကာ



www.burmeseclassic.com

www.burmeseclassic.com



မ,နေကြသည်။

ခြေမကြီးက ဆက်ပြီး အိပ်လို့ရမှာမဟုတ်တဲ့အတွက် ဒီညတော့ ကျားဖျက်ပွဲ ကျင်းပရတော့မည်ဟု။

❑❑❑

## အခန်း (၁၈)

## ကံဆိုးသွားသောကျားကြီး

လူရဲနဲ့ ကျော်စိုးတို့သည် မီးပုံဘေး ဝင်ထိုင်လိုက်သည်။ ထိုအခါ ကျော်စိုးက လူရဲကို ...

"လူရဲ ... ကျားကြီးကို ဘယ်လိုတွေ့လိုက်တာလဲ"

"ပထမတော့ ငါလည်း မတွေ့ဘူး။ ငါ့နားကို ဆန်းရှိန်က စကားလာပြောတယ်၊ ငါလည်း သူ့ကိုကြည့်ရင်း သူ့နောက်က နီရဲနေတဲ့ မီးလုံးလို မျက်လုံးနှစ်လုံးကို တွေ့လိုက်ရတာပဲ၊ ကျားကြီးက အောင်လွင်ကို ဆွဲဖို့ ချောင်းနေတာ၊ ပတ်ဝန်းကျင်ကို ကြည့်လိုက်တော့ ငါနဲ့ မျက်လုံးချင်းဆုံသွားပြီး နောက်ပြန်ဆုတ်



www.burmeseclassic.com

www.burmeseclassic.com



သွားတာ ငါတွေ့လိုက်ရတယ် ...။

ဒါနဲ့ ငါလည်း ဒီကျားကြီးဟာ နီလာစင်းကျားကြီး ဖြစ်မှာပဲဆိုတာ ထင်လိုက်မိတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့ရဲ့အမျိုးအနွယ်ထဲက တစ်ကောင်က တို့ဆီမှာရှိတယ်ဆိုတာ သူသိထားလို့ပဲ ...။

ပြီးတော့ ... တို့ထဲက တစ်ယောက်ယောက်ကို အထင်မှာ ဆွဲဖို့ချောင်းနေတာ ငါ ရိပ်မိလိုက်တယ်၊ ကျားကြီး နောက်ပြန်ဆုတ်သွားတာ လုံးဝ ပြန်လှည့်သွားလိမ့်မယ်လို့ ငါမထင်ဘူး။

ဒါနဲ့ ... ဦးအုန်းခိုင်ရှိတဲ့ တဲနားကို ကျားကြီး ရောက်သွားလိမ့်မယ်ဆိုတာ ငါတွက်မိတယ်၊ ဒါကလည်း ဘာဖြစ်လို့လဲဆိုတော့ ဦးအုန်းခိုင်က တဲထဲမှာ တစ်ယောက်တည်းရှိနေလို့ပဲ၊ ဒါကို ကျားကြီးကလည်း သတိထားမိပါလိမ့်မယ်''

ကျော်စိုးတစ်ယောက် လူရဲရှင်းပြသည်ကို ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေမိသည်။ လူရဲ၏ထင်မြင်ချက်များကလည်း ဟုတ်နိုင်ခြေရှိနေတာကိုး။

လူရဲက ဆက်ပြီး ...

''ဒါနဲ့ ငါလည်း ဦးအုန်းခိုင်ရဲ့အနောက်ဘက်မှာက တော





အုပ်လေ၊ သူနဲ့ ဆန့်ကျင်ဘက်ကဆိုလျှင် ကျားကြီးကို ငါတွေ့မှာမဟုတ်ဘူး၊ ကျားကြီးကလည်း ငါတို့ လိုက်လာလိမ့်မယ်လို့ မထင်ဘူးလေ ...။

ဒီတော့ ကျားကြီးက ဦးအုန်းခိုင်ကို သားကောင်အဖြစ် သတ်မှတ်လိုက်တာပေါ့၊ ဒါပေမဲ့ ... ကျားကြီးက ကံဆိုးသွားတယ်၊ ငါတို့ကို သူထင်သလို မဟုတ်ဘူးဆိုတာ သူ မသိလိုက်လို့ သားကောင်ကိုသာ အငမ်းဖြစ်နေတော့ အခုလို တို့လက်ချက်နဲ့ သေသွားတာပေါ့''

ကျော်စိုးက ခေါင်းညိတ်ကာ စဉ်းစားပြီး ...

''အခုသေသွားတဲ့ နီလာစင်းကျား ကျားကြီးက အမဖြစ်နေတော့ အထီးလည်းရှိနိုင်သေးတာပေါ့နော်''

''ပြောလို့မရဘူး ... ရှိချင်လည်းရှိနိုင်တယ်၊ အခု ကျားမကြီးပျောက်နေရင်တော့ အထီးလည်း မကြာခင် ရောက်လာနိုင်တာပဲ၊ ဒီတော့ ဘာပဲဖြစ်ဖြစ် တို့တတွေ သတိဝီရိယထားဖို့တော့ လိုမယ်''

ထိုသို့ လူရဲနှင့်ကျော်စိုးတို့ စကားပြောနေသည့် နေရာအနီးသို့ ဦးအုန်းခိုင်ရောက်လာခဲ့သည်။ ပြီးနောက် ...



www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်တယ် … မောင်လှူရဲပြောတာ ဖြစ်နိုင်တယ် အခုသေသွားတဲ့ ကျားမျိုးက တုံ့ပြန်ကလဲ့စားခြေတတ်တဲ့ အကျင့်ရှိတယ်၊ ပြီးတော့ … သူတို့ရဲ့အမျိုးအနွယ်ထဲက တစ်ကောင်ကောင် သေသွားလျှင်လည်း နောက်ကနေ တောက် လျှောက်လိုက်တတ်တယ်၊ သတ္တိလည်း အရမ်းကောင်းတာ …၊

တချို့သားကောင်တွေဆိုရင် ဒီလို စင်းကျား ကျားမျိုးကို ကြောက်ကြတယ်၊ တောဘုရင်လို့လည်း သတ်မှတ်ကြတယ်လေ သူတို့မျိုးနွယ်ချင်းတောင်မှ အခုတွေ့တဲ့ အလျားလိုက်စင်းကျားမျိုး ဆိုရင် လေးစားကြတယ်၊ ကြောက်ကြတယ် …၊

အခု လှူရဲပြောသလိုပဲ အမတစ်ကောင်သေသွားရင် အထီးသာတကယ်ရှိခဲ့ရင် မကြာခင် ရောက်လာမှာပဲ၊ သူတို့ တွေက အနံ့ခံသိပ်ကောင်းကြတာ”

ဦးအုန်းခိုင်နှင့်လှူရဲတို့ စကားပြောနေသည်ကို ကျန်သော သူများ တွေ့၍ မီးပုံနားသို့ အားလုံး ဝိုင်းလာကြသည်။ ကျားကြီး၏သဘာဝကို နားထောင်လိုက်ရ၍ နည်းနည်းတော့ ကြောက်လာကြသည်။

ထိုအခါ ခြေမကြီးက …





“ဦး ကျွန်တော်တို့ ဒီကျားကြီးကို ဘယ်လိုလုပ်ကြမလဲ”

ဦးအုန်းခိုင်က …

“တို့မှာလည်း အသားတွေအများကြီး ကျန်သေးတာပဲ၊ ဘားလို့လည်းကုန်မှာ မဟုတ်ဘူး၊ ဒီတော့ အရေခွံဆုတ်ပြီး ယူခဲ့ပေါ့၊ အသားကိုတော့ မြေမြှုပ်လိုက်ပေါ့”

ဟု ဦးအုန်းခိုင်ပြောသည့်အတိုင်း ပြုလုပ်ရန် ခြေမကြီး နှင့်ဖင်မဲ ကျားကြီးနားသို့ ရောက်လာခဲ့ကြသည်။

ဒီညတော့ သူတို့အားလုံး အိပ်မပျော်ကြတော့ဘဲ ထိတ် တလန့်လန့်ဖြင့် ပတ်ဝန်းကျင်ကို နားရောမျက်စိပါ ပွင့်လျက် ရှုးစမ်းနေလိုက်ကြလေတော့သည်။

❑

အိပ်ရာထဲတွင် ဆန်းရှိန်နဲ့အောင်လွင်တို့က တစ်နေရာ၊ ခြေမကြီးနဲ့ဖင်မဲတို့ကတစ်နေရာ၊ ချန်ကေရှိတ်ကတော့ သူတို့ နှစ်ဦးကြားမှာ ဝင်အိပ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဦးကြားဆိုပေမယ့် တစ်ဦးနဲ့တစ်ဦး ငါးပေလောက် တော့ ကွာလေသည်။

ထိုအခါ ... ခြေမကြီးနှင့်ဖင်မဲတို့ မျက်နှာချင်းဆိုင် ကြည့်ကာ ...

"ဆရာကြီး ဒီတောထဲလာကာ အကြောင်းတစ်ခု တော့ရှိမယ်ထင်တယ်၊ တို့တော့ သူခေါ်လို့ ငွေမျက်မျက်လေး မယ်ဆိုလို့သာ လိုက်လာခဲ့တာ၊ ဘာလာလုပ်လဲ၊ ဘာလာရှာ ဆိုတာ အခုထိ ဘာမှမသိရသေးဘူး"

ထိုအခါ ဖင်မဲက ...

"ဆရာကြီးက အဓိပ္ပာယ်မရှိပဲတော့ ဒီတော ဒီတော ထဲ လာမှာမဟုတ်ဘူး၊ ပြီးတော့ ... လူအများကြီးခေါ်ပြီ ငွေကုန်ကျများတာ အကျိုးရှိတဲ့အလုပ်တစ်ခုခုတော့ ရှိမှာ ပြီးတော့ ... ဆရာကြီးရဲ့စိတ်ထားကလည်း ကောက်ကျစ်မယ့် မရှိပါဘူး၊ ဆရာကြီးရဲ့မျက်နှာက အမြဲတမ်းပြုံးပြီး တို့တွေအပေ မှာလည်း ကြင်နာတာ မင်းလည်း သိတာပဲ"

သူတို့ပြောတာတွေကို ချန်ကေရှိတ်က ကြားပြီး ...

"ဆရာကြီးနော် ဝတို့ကိုခေါ်တာလည်း အဲဒီအတိုင်းပဲ





ဘူ တောထဲသွားရင် လိုက်မလားလို့ ပြောတယ်၊ ဘာလုပ်ရ ထဲလို့မေးတော့ ထမင်းချက်ရမယ်လို့ ပြောတယ်၊ ပြီးတော့ ... ငွေတွေ အများကြီးရရင်နော်၊ ဝကိုလည်း ပေးမယ်လို့ပြောလို့ သည်း တစ်ကိုယ်ရေသမားဖြစ်တော့ လိုက်မယ်လို့ ပြော လိုက်တာပေါ့"

ဖင်မဲက ချန်ကေရှိတ်ပြောသည်မှာ သဘာဝကျသည် ဟု လက်ခံလိုက်သည်။ ချန်ကေရှိတ်ကိုတော့ ထမင်းချက်ဖို့ ခေါ်တယ်၊ သူတို့ကျတော့ ဘာအတွက်ခေါ်တာလဲဟု စိတ်ထဲမှာ တွေးကာ စဉ်းစားနေမိသည်။

"အင်း- ... အိပ်တာပဲကောင်းပါတယ်လေ၊ စဉ်းစား နေလို့ အိပ်ရေးမဝဘဲ ခေါင်းခဲနေဦးမယ်"

ဟု အတွေးများဖြတ်ကာ တစ်ဖက်ဆီသို့လှည့် အိပ် လိုက်လေသည်။ မီးပုံဘေးတွင်တော့ လူရဲနှင့်ကျော်စိုးတို့သာ ရှိလေသည်။

ဆန်းရှိန်နဲ့ အောင်လွင်တို့ကတော့ အိပ်နေကြပြီဖြစ်လေ သည်။

ထိုအချိန်တွင် ကျော်စိုးက ...



www.burmeseclassic.com

www.burmeseclassic.com



"လှူရဲ ... အိပ်ချင်အိပ်လေ၊ ငါ စောင့်ပေးပါ့မယ်"

ဟု ပြောလိုက်လေမှ လှူရဲမှာ အိပ်ချင်လာ၍ သမ်း
လိုက်လေသည်။

"ဝါး ဟား ဟား"

မီးပုံ၏သေးနွေးတွင်ပင် တာလပတ်လေးခင်းကာ အိပ်ရ
လိုက်လေတော့သည်။

❑❑❑

## အခန်း (၁၉)

### အဖော်ပျောက်ရှာသော နီလာစင်းကျား

ဂူတစ်ခုထဲတွင် ကျားကြီးတစ်ကောင် ခေါက်တုံ့ခေါက်
ပြန် လျှောက်နေသည်။ ပြီးနောက် ဂူပြင်သို့ထွက်ကာ ပတ်ဝန်း
ကျင်ကိုလည်း ရှာသလို ဝင်လိုက်ထွက်လိုက် ဂနာမငြိမ် ဖြစ်ကာ

'ဝေါင်း ဝေါင်း'

ဟူသောအသံပါ ပေးလျက်ရှိနေသည်။ ထိုသို့အသံပေး
လိုက်သော်လည်း တစ်ဖက်မှ ဘာမှ တုံ့ပြန်မှုမရှိသဖြင့် ကျားကြီး
မှာ စိတ်ဆိုးလာသည်။ ပြီးနောက် ဂူ၏အပြင်သို့ ထွက်လာခဲ့
သည်။ ပြီးနောက် ပတ်ဝန်းကျင်အနံ့ခံကာ ကျားကြီးမှာ ခြေရာခံ

ခု နှစ် စဉ် ကြွယ် စ ပေ

www.burmeseclassic.com

www.burmeseclassic.com



အနံ့ခံရင်း နောက်မှလိုက်လာခဲ့ကြသည်။ ထိုအခါ ရှေ့နား
တောတိုးသံလိုလိုများ ကြားလိုက်ရသည်။ ကျားကြီးမှာ ထိုအသံ
များရှိရာသို့ ခြေသံကို ဖြည်းဖြည်းချင်းလျှောက်ကာ လိုက်လာခဲ့
သည်။

ထိုအချိန်တွင် ကျော်စိုးက ...

"လူရဲ ... လူရဲ"

ဟု ခေါ်လိုက်သည်။

"ဘာပြောမလို့လဲ ကျော်စိုး"

"စိတ်ထဲမှာတစ်မျိုးပဲကွ၊ တို့နောက်က တစ်ယောက်
ယောက် လိုက်လာနေသလိုမျိုး ဖြစ်နေမိတယ်"

လူရဲလည်း ကျော်စိုးပြောလိုက်မှ နောက်သို့လှည့်
ကြည့်ရင်း နောက်ဆုံးမှလိုက်လာသော အောင်လွင်နားသို့
လျှောက်လာခဲ့သည်။ ထို အချိန်တွင် ကျားကြီးက အောင်လွင်၏
နောက် ၁၀ ပေအကွာ လောက်သို့ ရောက်နေပေပြီ။

ကျားကြီးက အောင်လွင်ကိုသာ မဲနေ၍ တခြားဘာကို
မမှုဘဲ ချက်ကောင်းကိုမိမှ ဆွဲမည်ဟု ပြင်နေရာ လူရဲက ကျား
ကြီး၏အရိပ်ကို မြင်လိုက်ရသည်။





ကျားကြီးက အောင်လွင်ကို ခုန်အုပ်လိုက်စဉ် လူရဲက
သေနတ်နှင့် ထိုးချိန်ပစ်လိုက်သည်။

'ဒိုင်း ဒိုင်း'

နှစ်ချက်ဆင့် ပစ်လိုက်သော ကျည်ဆံကြောင့်
ကျားကြီးမှာ မြေပြင်သို့ ...

'ဘုန်း'

ဟူသောအသံကြီးဖြင့် ပြုတ်ကျသွားလေသည်။ ပြီး
နောက် ချက်ချင်းထပြေးပြန်လေသည်။ လူရဲပစ်လိုက်သော
သေနတ်သံက လေထဲတွင် ရောက်နေသော ကျားကြီးကို ချက်
ကောင်းမထိ၍ ကျားကြီး မြေပြင်အကျ အခုလို ထပြေးနိုင်ခဲ့ခြင်း
ဖြစ်သည်။

"တောက်"

ဟူသော တောက်ခေါက်သံကြောင့် အနားတွင် ကင်း
စောင့်နေသော ကျော်စိုးက ...

"လူရဲ ... လူရဲ ... ဘာဖြစ်တာလဲ ... ဘာဖြစ်
တာလဲ"

ထိုအခါကျမှ လူရဲလည်း အိပ်ရာကထကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ကျော်စိုး . . . ငါ အိပ်မက်မက်နေတာ။ အိ
မက်ထဲမှာ ကျားကြီးတစ်ကောင် တို့နောက်က လိုက်လာတယ်
အိပ်မက်ထဲမှာ မြင်ရတယ်၊ အဲဒီကျားကြီးကို ငါက ပစ်လိုက်တ
ချက်ကောင်းမထိဘဲ ကျားကြီး တောထဲပြန်ဝင်သွားတယ်"

"ဩော် . . . ဒါကြောင့် မင်းက တောက်ခေါက်တာကိ

"ဟင် . . . ဟုတ်လား။ ငါ တောက်ခေါက်မိတယ် ဟု
လား"

"ဟုတ်တယ် လူရဲ၊ မင်းတောက်ခေါက်တာ အကျ
ကြီးပဲ၊ ငါတောင် လန့်သွားတာပဲ"

သို့သော်လည်း လူရဲမှာ အိပ်မက်ထဲမှ ကျားကြီး
မြင်ယောင်နေမိသည်။ ထိုကျားကြီးသည် သူတို့လက်ထဲတွ
ရှိသည့် ကျားသရေတွေနဲ့ ပတ်သက်နေမှာ အမှန်ပဲ၊ သတိထ
ထားရမယ် . . .

ဟု တွေးရင်း ကျော်စိုးအနီးတွင် ထိုင်လိုက်သည်။ ကျေ
စိုးက မီးဖိုနားတွင် ကြပ်ကင်ထားသော အသားတုံးတစ်တုံး
ဝါးချွန်လေးနဲ့ ထိုးကာ မီးထဲသို့ ကင်လိုက်လေသည်။

ခဏကြာသော် လူရဲကို ကမ်းပေးလိုက်သည်။

ခုနစ်စဉ်ကြယ်တာပေ



"ရော့လူရဲ . . . ရေနွေးနဲ့မြည်း။ မအိပ်ငိုက်တော့ဘူး
ပေါ့ကွာ"

"အေးကွ . . . မအိပ်ချင်တော့ပါဘူး၊ ငါ့မျက်စိထဲမှာ
ကျားကြီးကိုပဲ မြင်ယောင်နေတယ်"

"ဒါဟာ နိမိတ်ပဲ လူရဲ။ ဒီအတိုင်းဆိုရင် ကျားကြီးဟာ
အခုသေသွားတဲ့ ကျားမရဲ့အဖော် ဖြစ်လိမ့်မယ်၊ အခုလောက်ဆို
ကျားကြီးလည်း ဘယ်လောက်ဒေါသဖြစ်နေမလဲဆိုတာ စဉ်းစား
ကြည့်တော့"

လူရဲက ခေါင်းတညိတ်ညိတ်ဖြင့် အသားတုံးမှ အသား
များကို ဖဲ့ကာစားနေလိုက်သည်။

❑❑❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

## ကံဆိုးသွားသော သစ်ကျား

နောက်တစ်နေ့တွင် ဦးအုန်းခိုင်တို့ ခရီးစထွက်ခဲ့ကြ သည်။ ရှေ့ဆုံးမှ ဆန်းရှိန်က ဦးဆောင်ကာ တောရှင်းဓားရှည် တစ်ချောင်းဖြင့် ရှေ့မှသွားလေသည်။ သူ၏နောက်မှ အောင်လွင် က လိုက်သည်။ ပြီး ဦးအုန်းခိုင်က နောက်က၊ ဦးအုန်းခိုင်၏ နောက်မှ ဖင်မဲနဲ့ခြေမကြီး လိုက်သည်။ လူရဲနဲ့ကျော်စိုး နောက်ဆုံးမှ လိုက်လာကြသည်။

လူရဲက ကျော်စိုးကိုစောင့်ရင်း ခါကာလိုက်လာခဲ့ကြ ရင်း တောက တဖြည်းဖြည်း နက်လာခဲ့သည်။ တောနက်လာ





သလို နေရောင်ကလည်း မမြင်ရလောက်အောင် သစ်ပင်ကြီးများ ရဲ့ အုံ့ဆိုင်းမှုများက ပတ်ဝန်းကျင်တစ်ခုလုံး ကြောက်စရာအသွင် ဖြစ်နေသည်။ တစ်ခါတစ်ခါ ငှက်တစ်ကောင်ရဲ့အော်သံမှအပ မကြားရဘဲ တိတ်ဆိတ်နေလျက်ရှိသည်။

ရှေ့မှ တောရှင်းသွားနေသော ဆန်းရှိန်နဲ့ အောင်လွင်က နောက်သို့ တစ်ခါတစ်ခါပြန်လှည့်ကြည့်ရင်း ဦးအုန်းခိုင်ကို ကြည့်မိသည်။ ထိုအခါ ဦးအုန်းခိုင်က ခေါင်းညိတ်ပြလိုက်သည်။

ဦးအုန်းခိုင်၏ခေါင်းညိတ်ပြမှုကို ဆန်းရှိန်က နားလည် သဘောပေါက်သည်။ သူဆက်လုပ်ရမည့်အလုပ်ကို သူနားလည် လိုက်သည်ဟု ခေါင်းညိတ်ပြန်ပြောလိုက်လေသည်။

ဒီလိုနှင့် ရှေ့သို့သွားနေသော ဆန်းရှိန်နဲ့အောင်လွင် တို့နောက်ကို သူတို့အားလုံး နောက်မှ လိုက်ကြရမည် မဟုတ် ပါလား။

ထိုအချိန်တွင် လူရဲက ပြောင်းရှည်သေနတ်ကိုထမ်း ကာ ရှေ့သို့ တက်လာခဲ့သည်။ ပြီးနောက် ဦးအုန်းခိုင်နားသို့ရောက် လာပြီး ...

"ဦး ... ထူးပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... နီးစပ်လာပြီ။ သိပ်မလိုတော့ဘူး။ ဒီတော အုပ်ကျော်ရင် ရှေ့မှာ ထူးခြားတာ မြင်ရလိမ့်မယ်လို့ ဦးထင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ဦးတို့သွားနေတဲ့နေရာနဲ့ အခုနေရာက နည်းနည်းပဲလိုတော့တယ်"

ဟု ဦးအုန်းခိုင်ကပြောရင်း လူရဲက သူ၏ရှေ့ရှိ သစ်ပင် တစ်ပင်ပေါ် မျက်စိကရောက်သွားသည်။ ခွကြားတွင် ကျားသစ် တစ်ကောင်က ချောင်းနေတာ လူရဲကမြင်လိုက်သည်။ လူရဲက အကျင့်ပါနေသည်။ သူ ဘယ်နေရာရောက်ရောက် ပတ်ဝန်းကျင် ကို အမြဲလေ့လာနေကျဖြစ်သည်။ ယခုလည်း ဦးအုန်းခိုင်နဲ့ စကားပြောနေပေမယ့် သူ၏မျက်လုံးက ပတ်ဝန်းကျင်ကို လေ့လာ အကဲခတ်နေကျဖြစ်သည်။

အခုလည်း ကျားသစ်ကို သူတွေ့လိုက်၍ ပခုံးပေါ်ထမ်း ထားသော သေနတ်ကို လက်ထဲသို့ အဆင်သင့်အနေအထားသို့ ပြောင်းကာ ကိုင်လိုက်သည်။

ထိုအချိန်တွင် ကျားသစ်က နောက်ဆုံးမှလိုက်လာသော ကျော်စိုးကို ချောင်းနေသည်။ လူရဲကလည်း ရိပ်မိလိုက်သည်။ ဒီကောင် နောက်ဆုံးမှ လူကို ခုန်အုပ်လိမ့်မယ်ဆိုတာ တွက်ပြီး





ဖြစ်၍ သူ၏ခြေလှမ်းများနေးကာ နောက်ဆုံးလူနားသို့ မရောက် တစ်ရောက်တွင် ကျားသစ်က ခုန်လိုက်သည်။

"ဒိုင်း"

"ဖလပ် ဖလပ်"

ဟူသော ငှက်များထပြေးသောအသံနဲ့ သေနတ်သံက တစ်ပြိုင်တည်း ဖြစ်သွားသည်။ ပြီးနောက် ...

"ဘုန်း"

ဟူသော မြေပြင်သို့ သစ်တုံးကြီးတစ်တုံးကျသံအလား မြည်သောအသံကြောင့် သွားနေကြသောသူများအားလုံး ...

"ဟာ"

"ဟင်"

"အမယ်လေး"

အာမေဍိတ်သံများကြားမှ အံ့ဩကာ ကျားသစ်ကြီးကို ငေးနေကြလေသည်။

"အမယ်လေး ကံကောင်းလို့ပါလား"

ဟု ဆန်းရှိန်က တုန်တုန်ယင်ယင်ဖြင့် ပြောလိုက် လေသည်။



www.burmeseclassic.com

www.burmeseclassic.com



“ကျားသစ်ဆိုတာမျိုးက ... လူအများကြီး သွားနေရင် နောက်ဆုံးကာ လူကိုပဲ သူတို့ရဲ့သားကောင်လို့ သဘောထားတယ်၊ ဒါကို ငါသိလို့ နောက်မှာချန်ခဲ့ပြီး ကျော်စိုးနားကို ရောက်အောင် လာခဲ့တာပဲ၊ ငါထင်တဲ့အတိုင်းပဲ ဒီကောင်ကြီးက နောက်ဆုံးမှ လိုက်လာတဲ့ ကျော်စိုးကို ခုန်အုပ်လိုက်တယ်လေ၊ ငါက သိထားပြီးသားဆိုတော့ သူက အခုန်, ငါက အပစ် ကျည်ဆန်က ကျားသစ်ရဲ့နဖူးတည့်တည့် ထိသွားတာပဲ”

ဖင်မဲက ...

“ငါတို့တော့ ကျားသစ်သားစားရပြန်ပြီပေါ့ကွ၊ လူ့ရဲ ပါလာမှပဲ သားကောင်ကြီးတွေရဲ့အသား စားရတာပဲ၊ အသားတွေဆို သယ်လို့တောင် မနိုင်တော့ဘူး”

“မနိုင်ရင် မသယ်နဲ့ပေါ့၊ သားရေပဲယူလေ”

ဟု ခြေမကြီးက ဝင်ပြောလိုက်သည်။ ထိုအခါ လူရဲက

“ဖင်မဲ ... သားရေပဲဖျက်ပြီးယူပါ၊ အသားတွေက အများကြီးပဲဥစ္စာ၊ အသားတွေ ယူလာရင်လည်း လမ်းမှာပုပ်သွားမယ်၊ ဒီတော့ သားရေပဲယူပြီး ကျန်တဲ့သားကောင်တွေ စားဖို့ အတွက် ချန်ထားလိုက်ပေါ့”





“ဟုတ် ... ကိုလူရဲ”

ဟုပြောကာ ဖင်မဲ ခြေမကြီး၊ ချန်ကေရှိတ်တို့ ကျားသစ် အရေခွံကို ဝိုင်းပြီး ဆုတ်နေလေသည်။

ကျော်စိုးက နားနေရင်း ...

“လူရဲ မင်းကို ကျေးဇူးတင်ပါတယ်။ မင်းသာ မကယ်ရင် အခုလောက်ဆို ကျားသစ်ကြောင့် ငါ သေနေမလားပဲ”

“ဘာမှမဖြစ်ပါဘူးကွ၊ တို့တွေက ဦးအုန်းခိုင်ရဲ့ ဆေးစွမ်းကြောင့် အားအင်တွေ, သတိတွေ ရှိပြီးသားပါ၊ ဘာမှမစိုးရိမ်ပါနဲ့”

ခြေမကြီးတို့ ကျားသစ်အရေခွံဆုတ်ပြီး၍ သူတို့အားလုံး ခရီးစထွက်ခဲ့ကြလေသည်။

လမ်းတွင် ဦးအုန်းခိုင်က ...

“အန္တရာယ်ဆိုတာ ကြိုတင်သိနိုင်၊ မြင်နိုင်တာမဟုတ်ဘူး၊ မျက်စိရှေ့နားပါ လျှင်မှ။ မောင်လူရဲရဲ့ ဖြတ်လတ်မှုကို တော့ ဦးသဘောကျတယ်၊ လက်ဖြောင့်တာလည်း ဦးချီးကျူးပါတယ်၊ မောင်လူရဲကို ဦးနားမှာ အဖော်အဖြစ် ပါလာတာ ဦး အတွက် ကံကောင်းတာပါပဲ၊ အားလည်းရှိတယ်၊ ခုစခနေမှာ



www.burmeseclassic.com

www.burmeseclassic.com



မောင်လှရဲလည်း အကျိုးကျေးဇူးတွေ ခံစားရမှာပါ ...၊ ဒါနဲ့မောင်လှရဲ ... ကျားသစ်ရဲ့အစွယ်တို့ အရိုးတို့ မယူဘူးလား ... ဆေးဖြစ်ဝါးဖြစ်ပေါ့''

''ဟုတ်ကဲ့ဦး ယူထားပါတယ်၊ ဒါမျိုးက ရခဲတယ်မဟုတ်လား။ ကြုံမှ ကံကောင်းမှရတာ၊ ပြီးတော့ ကျွန်တော့်ရဲ့ လက်ချက်ကြောင့်ရခဲ့တာ၊ ပြောစမှတ်ဖြစ်တာပေါ့''

ဦးအုန်းခိုင်က မောင်လှရဲပြောတာနားထောင်ရင်း ခေါင်းတညိတ်ညိတ်ဖြင့် လှရဲကို ချီးကျူးနေမိသည်။ လှရဲ၏ လျင်မြန်ဖြတ်လတ်မှုနဲ့ လက်ဖြောင့်မှုများကို ချီးမကျူးဘဲ မနေနိုင်ပါ။

သူတို့အားလုံး ကိစ္စများပြီးဆုံး၍ ခရီးစထွက်ခဲ့ကြလေသည်။ လမ်းတစ်လျှောက်လုံး တော၏အရိပ်ကြောင့် နေပျောက်များ မကြာမကြာမှ တွေ့ရသည်။ တောကြီး၍ သစ်ရိပ်ဝါးရိပ်များမိုးသို့မြင့်မားနေ၍ အပင်၏အရွက်များ အုပ်ဆိုင်းနေမှုကြောင့် အလင်းရောင်မှာ တစ်ခါတစ်ခါမှသာ မြင်ရလေသည်။

ပတ်ဝန်းကျင်၏ အေးစိမ့်မှုကြောင့် ချမ်းစိမ့်စိမ့်လို ဖြစ်မိသည်။ သူတို့အားလုံး မနက်ကတည်းက ဝတ်လာခဲ့သော အနွေးထည်များ ယခုထို မချွတ်ရသေးပါ။ ထိုအခါ တောရိပ်မှအထွက်





တောစပ်တစ်ခုနားသို့ ရောက်လာခဲ့သည်။ ထိုတောစပ်မှ ရှေ့သို့ နည်းနည်းဆက်ပြီး လျှောက်လာခဲ့ရာ လျှိုကြီးတစ်ခုကို တွေ့လိုက်ရသည်။

ထိုအချိန်ကျမှ မိမိတို့ရောက်နေသောနေရာမှာ ကျောက်တောင်တစ်ခု၏ အပေါ်သို့ရောက်နေကြောင်း တွေ့လိုက်ရသည်။ လျှို၏အောက်သို့ ငုပ်ကြည့်လိုက်သောအခါ ပေနှစ်ရာလောက်နက်မည်ဟု ထင်ရသည်။

ထိုချောက်၏တစ်ဖက်ကမ်းတွင် ကျောက်နံရံတစ်ခုကရှိနေသည်။ ထိုနံရံ၏ဘေးတွင် လူသွားလမ်းသာသာလောက်သာကျယ်သော လမ်းလေးတစ်ခု တွေ့လိုက်ရသည်။ ထိုအခါ ဦးအုန်းခိုင်က ပတ်ဝန်းကျင်ကို လေ့လာအကဲခတ်ပြီးနောက် သူ၏လူများကို ပြောလိုက်လေသည်။

''ကဲ ... အားလုံး ဒီမှာ စခန်းချမယ်၊ ဟိုဘက်ကိုကူးဖို့ နည်းလမ်းရှာကြတာပေါ့''

ဟုပြောကာ အားလုံးနားဖို့ ပြင်ကြလေသည်။ ဦးအုန်းခိုင်နဲ့မောင်လှရဲတို့က လျှို၏ထိပ်ဖက်သို့လျှောက်ကာ လိုက်ကြည့်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့လျှောက်လာရင်း စခန်းချနေသောနေရာနဲ့ ခပ်လှမ်းလှမ်းတွင် သစ်ပင်ကြီးတစ်ပင်ကို တွေ့လိုက်ရသည်။ ထိုသစ်ပင်ရဲ့အရှည်ကိုကြည့်ကာ တစ်ဖက်လျှိုသို့ ရောက်နိုင်ကြောင်း တွေ့ရ၍ ထိုသစ်ပင်ကိုခုတ်ရန် ညွှန်ကြားလေသည်။

ထိုအခါ မောင်လူရဲက စခန်းသို့ပြန်လာပြီး သစ်ပင်ခုတ်ရန် လူနှစ်ယောက်ခေါ်ခဲ့လေသည်။ အောင်လွင်နဲ့ ဖင်မဲကို ခေါ်ပြီး ခုတ်နိုင်းလေသည်။

မကြာသောအချိန်အတွင်းတွင် ထိုသစ်ပင်ကြီး တစ်ဖက်လျှိုထိပ်သို့ရောက်လုပြီ၊ အကိုင်းအခက်များ တစ်ဖက်ကျောက်နံရံကို တွန်းထားသလို ဖြစ်နေသည်။

သူတို့အားလုံး ပျော်သွားသည်။ စခန်းချပြီး စားသောက်ကြလေသည်။ စားသောက်ပြီး၍ ခရီးဆက်ရန် ပြင်ကြလေတော့သည်။

❑ ❑ ❑



## အခန်း (၂၁)

## ဆင်သချိုင်းနဲ့ ဆင်စွယ်နက်

ဦးအုန်းဆိုင်တို့ သစ်လုံးတံတားကိုဖြတ်ကာ တစ်ဖက်လျှိုဧါလမ်းလေးအတိုင်း ဆက်ခဲ့ကြသည်။ တောင်ပတ်လမ်းမှဆက်ကာ မြေပြင်တစ်ခုသို့ ရောက်လာခဲ့သည်။ မြေပြင်ဟုသာဆင်ရပေမယ့် ပတ်ဝန်းကျင်မှာတော့ ကျောက်နံရံတောင်များကအချို့တစ်ဝက် ရှိနေသေးသည်။

ပြီးနောက် ထိုကျောက်နံရံများကြား တစ်ခုသို့ရောက်လေသော် သားကောင်များဧါရန်က ဘေးကင်းသည်ဟု ယူဆကာ ခန်းချရန် ဆုံးဖြတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင်လူရဲ ... လူတွေအားလုံးကို ဒီနေရာ စခန်းချမယ်လို့ ပြောပါ"

စခန်းချရန် စီစဉ်စရာရှိတာများ စီစဉ်စေပြီး အား ပြီးဆုံးသွားသောအခါ ဦးအုန်းခိုင်က ...

"ဦးနဲ့အတူ မောင်လူရဲနဲ့ဆန်းရှိန် လိုက်ခဲ့ပါ။ ဒီနေရာ နေပြီး ရှာပုံတော်ဖွင့်ကြတာပေါ့၊ ဘာဖြစ်လို့လဲဆိုတော့ ဒီနေ ပတ်ဝန်းကျင်လောက်မှာ ဦးတို့လိုချင်တဲ့အရာ ရှာနေတဲ့ပစ္စည်း တွေနဲ့ မဝေးလောက်တော့ဘူး ...၊

တို့လူတွေလည်း ပင်ပန်းကြလောက်ပြီ။ သူတို့ကိုလည်း အနားပေးရင်း တို့သုံးဦးပဲ ဆက်ပြီးရှာကြတာပေါ့၊ နောက် ဒီနေရာကလည်း သားကောင်ကြီးတွေရဲ့ အန္တရာယ်နဲ့လည်း ကင်း တယ်၊ ပတ်ဝန်းကျင်မှာက သားကောင်တွေ ရောက်မလာနိုင် ကျောက်နံရံတွေ ကာထားတော့ တို့လူတွေရဲ့အန္တရာယ်အတွက် လည်း စိတ်ချရတာပေါ့၊ ဒါပေမဲ့ ဆင်တွေကတော့ ဒီနေရာ မကြာမကြာလာတတ်တာကလွဲပြီး ကျန်တဲ့သားကောင်တွေ တော့ မလာကြပါဘူး။ ဆင်တွေရန်ပဲကြောက်ရမယ်၊ အခု ရှာမယ့်ပစ္စည်းကလည်းက ဆင်တွေရှိတဲ့နေရာနားကို သွား





ရှာရမှာပဲ"

"ဟုတ်ကဲ့ပါ ဦး၊ ကောင်းသလိုသာ စီစဉ်ပါ"

ဟုပြောကာ ခရီးထွက်ဖို့ လူရဲနဲ့ဆန်းရှိန်တို့ ပြင်ဆင်လေသည်။ ဦးအုန်းခိုင်က သူ၏လူများကို စီစဉ်ညွှန်ကြားနေလေသည်။

"ကဲ တပည့်တို့ ... ဒီကနေပြီး ဆရာတို့ ခရီးတစ်ခု ဆက်မယ်၊ တပည့်တို့က ဒီနေရာကပဲ စောင့်ပြီးနားကြ၊ စားကြပေါ့၊ ဦးတို့ကတော့ ဆက်ပြီး ရှာစရာရှိတာလေး ဆက်ပြီး ရှာရဦးမှာမို့ တပည့်တို့ ဘာမှ စိတ်မပူကြပါနဲ့၊ ဒါပေမဲ့ ဒီနေရာက ဆင်တွေတော့ပေါတယ်၊ သတိထားနေပါ ...၊

ညပိုင်းရောက်လာရင်လည်း မီးဖိုပြီးနေဖို့ မမေ့ကြနဲ့၊ စိတ်ချရတယ်ဆိုပေမယ့် တစ်ခါတစ်ခါ သားကောင်ကြီးတွေရဲ့ ချောင်းမြောင်းပြီး အန္တရာယ်ပြုတာလည်း ရှိတယ်၊ မီးကိုသာ မပြတ်ဖိုထားပါ"

❑



www.burmeseclassic.com

www.burmeseclassic.com



ဦးအုန်းခိုင်တို့ သူ၏တပည့်များကို မှာကြားကာ စခန်း
သုံးယောက်သားထွက်လာခဲ့ကြသည်။ ပြီးနောက် စမ်းချောင်း ထ
ဖက်သို့ကူးကာ ခရီး အတန်ပေါက်ရောက်ခဲ့ကြသည်။ နှစ်နာ
ကျော်ကြာပြီးနောက် ဦးအုန်းခိုင်က ...

"ဒီနေရာကနေ အရှေ့စူးစူးသွားရင် သိပ်မဝေးတော့
ဘူး၊ လမ်းခရီးတစ်လျှောက်လည်း သတိတော့ထားရလိမ့်မယ်"

ထိုအခါ ဆန်းရှိန်က ...

"ဘာက မဝေးလို့ ဘာကိုသတိထားရမှာလဲ ဆရာကြီး"

ထိုအခါ ဆရာကြီးဆိုသူ ဦးအုန်းခိုင်က ...

"မဝေးတော့ဘူးဆိုတာ ဆင်သချိုင်းကိုရောက်ဖို့ ပြော
တာပါ။ သတိထားရမှာဆိုတာက ဆင်ရိုင်းအုပ်စုကိုပြောတာ

သာမာန်ဆင်တွေရဲ့ သချိုင်းဆိုရင်တော့ အကြောင်
မဟုတ်ပါဘူး။ ဆင်စွယ်နက်ရှိတဲ့ နေရာဆိုရင်တော့ သတိထ
ရမယ် ...၊

သာမာန်ဆင်တွေရဲ့ အရိုးချတဲ့နေရာနဲ့ ကိုက်တစ်ရ
ဝန်းကျင်မှာ ဆင်စွယ်နက်ဆင်တွေ အရိုးချတဲ့သဘောရှိတယ်





ထိုအခါ လှရဲက ...

"ဒါဆိုရင် ဆင်စွယ်နက်ရှာဖို့ မခက်တော့ဘူးပေါ့၊ ဆင်
သချိုင်းကို အရင်ရှာရမှာပေါ့နော်"

"ဒါပေါ့၊ ဆင်သချိုင်းအရင်ရှာပြီးရင်တော့ ကျန်တာ
ွယ်သွားပြီပေါ့"

"ပြီးတော့ ဆင်သချိုင်းတွေ့ပြီးရင် သူ့ရဲ့ပတ်ဝန်းကျင်
ဆိုက် ကိုက်တစ်ရာပတ်လည်တူးမှာပေါ့နော်"

"ဟား ဟား ... ဘယ်ဟုတ်ပါ့မလဲ မောင်လှရဲ။
ဆင်စွယ်နက်ဆိုတာ အမြှုတေတစ်မျိုးပါ။ သူ့မှာ အစွမ်းထက်တဲ့
အမြှုတေဖြစ်လို့ ကံစပ် ကံတူရင်ဖြစ်စေ၊ အတ္တမဟုတ်တဲ့
ာမျိုးဖြစ်တဲ့သူအတွက်ဟာ ဆင်စွယ်နက်ရဲ့အစွမ်းက ပြလာပါ
လိမ့်မယ် ...၊

ပြီးတော့ သူ့ရဲ့စွမ်းအင်ဓာတ်တွေဟာ ထိုးဖောက်ထွက်
ာတတ်တဲ့သဘော ရှိတယ် ...၊

နောက်ပြီး ဦးက အတ္တစိတ်နဲ့ လုပ်ဆောင်တာမဟုတ်ဘူး။
ရစိတ်နဲ့လုပ်တဲ့ ဦးရဲ့စေတနာကံကို ဆင်စွယ်နက်က အစွမ်း
ာတ်တွေပြလာပါလိမ့်မယ်လို့ ဦးတော့ ယုံတယ်"



www.burmeseclassic.com

www.burmeseclassic.com



မောင်လူရဲ သဘောပေါက်ကာ ငြိမ်းလိုက်သည်။ ထို့နောက် ဦးအုန်းခိုင်က . . .

"မောင်လူရဲတို့လည်း သတ်မှတ်ထားတဲ့နေရာရောက်ရင် စိတ်ရှည်ရှည်ထားပြီး လေ့လာရလိမ့်မယ်၊ မကြာခင်မှာ ဆင်သချိုင်းကိုတွေ့ရတော့မှာပါ။ ဘာဖြစ်လို့လဲဆိုတော့ မြေပုံအရဆိုရင် ဒီတော၊ ဒီပတ်ဝန်းကျင်ဆိုတာ သေချာသလောက် ဖြစ်နေလို့ပဲ"

"ကျွန်တော်တို့လည်း လုံခြုံတဲ့နေရာရှာရမှာပေါ့နော်"

"ဒါပေါ့ . . . ဒီနေရာတစ်ဝိုက်ဟာ သိပ်စိတ်မချရဘူး ဒီတော့ ဦးတို့ လင့်စင်ထိုးပြီးနေရမယ်၊ သစ်ပင်ကြီးတစ်ပင်ကို ရွေးရလိမ့်မယ်"

မောင်လူရဲက ဦးအုန်းခိုင်ပြောတာကို မှတ်သားပြီး ရောက်ရှိနေရာမှ ပတ်ဝန်းကျင်ကို လှည့်ပတ်ကာကြည့်နေသည်။ လင့်စင်ထိုးဖို့ အကောင်းဆုံးသစ်ပင်ကို ရွေးလိုက်သည်။

ပြီးနောက် ဆန်းရှိန်ကို သူလိုချင်သောသစ်ပင်ကို လင့်စင်ထိုးရန် လက်ညှိုးထိုးပြလိုက်သည်။

ထို့နောက် လူရဲနဲ့ဆန်းရှိန်က လင့်စင်ထိုးရန် စီစဉ်လိုက်





ကြသည်။ မကြာခင်အချိန်အတွင်းမှာပင် လမင်းကြီးပျောက်ကာ သုံးဦးလုံး တက်ရောက်ကာနားနေလိုက်ကြသည်။

မကြာခင် နေဝင်တော့မှာမို့ အနားယူရင်း အချိန်ကုန်အောင် စောင့်နေလိုက်ကြသည်။

ပြီးနောက် လင့်စင်ပေါ် သူတို့နှင့်ပါလာသော အစားအစာများ ထုတ်ကာ စားကြလေသည်။ ထိုအခါ ဆရာကြီးက . . .

"ဆန်းရှိန်ရေ . . . အာသာပြေ ဝက်သားခြောက်တော့ စားထား၊ စခန်းရောက်မှပဲ ထမင်းစားပေါ့နော်"

"ဟာ . . . ရပါတယ်ဆရာကြီးရယ်၊ ကျွန်တော် စားသာပါတယ်၊ ရောက်တဲ့နေရာမှာ ရောက်သလိုကျင့်ကြံစားသုံးရမှာပေါ့"

အချိန်က ညဘက်သို့ ကူးလာခဲ့လေပြီ။ လင့်စင်ပေါ်မှ ဆလိုက်မီးထွန်းထား၍ အောက်မှ သားကောင်လေးများ သွားလာနေသည်ကို မြင်တွေ့နေရသည်။

ထိုအချိန်တွင် သမင်လေးတစ်ကောင်ကို ကျူးကျော်ချောင်းနေတာ လင့်စင်ပေါ်မှ လူရဲ မြင်လိုက်သည်။ သမင်



www.burmeseclassic.com

www.burmeseclassic.com



လေးခမျာ လင့်စင်အောက်မှ အစာကောက်စားနေတာ ကျာ
ချောင်းနေတာ မမြင်ပါ။

ထိုအခါ ကျားက သမင်လေးနားသို့ ခြေကိုဖွနင်းကာ
လျှောက်လာပြီး ခုန်အုပ်လိုက်လေသည်။ ထိုသို့ ကျားကခုန်
လူရဲက သေနတ်ဖြင့် အပစ်။

"ဒိုင်း"

အသံက တောတစ်ခုလုံး ဆူသွားလေသည်။ သမင်လေး
လည်း သေနတ်သံကြောင့် နီးရာချုံထဲသို့ ပြေးဝင်ကာ ထွက်ပြေး
သွားလေသည်။ ကျားကြီးမှာ လူရဲ၏သေနတ်သံကြောင့်
အသက်ငင်ကာ မသေသေးဘဲ ထရန်လုပ်လိုက်၊ ပြန်လဲလိုက်
ဖြစ်နေသည်။

ကျားကြီး၏လက်ပြင်ကို ထိသွားတယ်ဆိုတာ လူရဲ
သိလိုက်သည်။ လက်ပြင်ဒဏ်ရာရသဖြင့် လက်မထောက်နိုင်ဘဲ
ပြန်လဲကျသွားသည်ကို သိလိုက်သည်။

ထို့ကြောင့် လူရဲသည် ကျားကြီးကို သေနတ်နှင့်
တစ်ချက် ထပ်ပစ်လိုက်သည်။

"ဒိုင်း"





ဒုတိယအချက်ကြောင့် ကျားကြီးမှာ လုံးဝမလှုပ်မယှက်
တော့ဘဲ ငြိမ်သွားလေတော့သည်။

ဦးအုန်းခိုင်က လူရဲ၏လက်ကို သိနေ၍ သဘောကျစွာ
ပြုံးလိုက်လေသည်။ ထိုအခါ ဆန်းရှိန်က လင့်စင်ပေါ်မှဆင်းရန်
ပြင်လိုက်သည်။

ထိုအခါ ဦးအုန်းခိုင်က လက်ဖြင့် လှမ်းဆွဲလိုက်သည်။

"မသွားနဲ့ဆန်းရှိန်၊ ဒီအချိန်မျိုးမှာ လင့်စင်ပေါ်မှ ဘယ်မှ
သွားသင့်ဘူး။ အပုပ်ချိန်မှာ သားကောင်တွေရဲ့ ပရိယာယ်တွေ
အများသား။ မနက်မှ ဆင်းပြီး စီစဉ်ကြတာပေါ့၊

သားကောင်တွေကို ဘယ်တော့မှ မယုံစားနဲ့၊ တောထဲ
မှာဆိုင် သားကောင်တွေနဲ့ နာနာဘာဝတွေရဲ့ လှည့်စားမှုတွေ
ခံရတတ်တယ်၊ အကြောက်ရဆုံးကတော့ နာနာဘာဝတွေရဲ့
လှည့်စားမှုက အကြောက်ရဆုံးပဲ"

ထိုသို့ပြောနေရင်း လူရဲက ပတ်ဝန်းကျင်ကို မျက်စိ
ကစားလိုက်သည်။ ဒါကလည်း လူရဲထိုင်နေရာကနေပြီး အရှေ့
သည့်တည့်မှ တစ်ခါတစ်ခါ လင်းခနဲ လင်းခနဲ ဖြစ်သွား၍
သေသေချာချာ ကြည့်နေလိုက်သည်။ ထိုသို့ဖြစ်သွားသည်ကို



www.burmeseclassic.com

www.burmeseclassic.com



ထူးဆန်းသလိုဖြစ်နေ၍ နောက်တစ်ခါဖြစ်လာမယ့်အချိန်ကို စောင့်ကြည့်လိုက်လေသည်။ ထိုအခါမှာ နောက်ထပ်တစ်ခါ လင်းခနဲ ထပ်ဖြစ်သွားပြန်သည်။ ထို့နောက် လူရဲက . . .

"ဦး ဦး . . . ဟိုကမ်းပါးယံနားက အလင်းရောင်တစ်ခု လင်းခနဲဖြစ်သွားတာ တွေ့လိုက်ရတယ်၊ နည်းနည်းဆန်းသလိုပဲ"

ဦးအုန်းခိုင်လည်း အပြုံးတစ်ခုဆောင်ကာ လူရဲထိုးပြသောဘက်သို့ ကြည့်နေလိုက်သည်။ ထိုသို့ ကြည့်နေခိုက်မှာပဲ နောက်ထပ်တစ်ခါ လင်းခနဲ ဖြစ်သွားပြန်သည်။

"သေချာပြီ . . . သေချာပြီ။ ဒါ အစွမ်းပြနေတာပဲဖြစ်မယ်"

"ကောင်းသောနိမိတ်ပြချင်း ဖြစ်ပါစေလို့ ဆုတောင်းရမယ်"

"အဲဒီနေရာကိုသွားရင် အန္တရာယ်တော့များမယ်ထင်တယ်၊ ဆင်ပေါတဲ့နေရာဖြစ်လို့ သတိတော့ထားရမယ်"

လူရဲက ပြောလိုက်သည်။ ထိုအခါ ဦးအုန်းခိုင်က . . .

"ဆင်ပေါတဲ့နေရာဖြစ်လို့ ဆင်သွားရာလမ်းဖြစ်မှာပေါ့





ဒါဆိုရင် တို့ရှာနေတဲ့ ဆင်စွယ်နက်ရှိတဲ့နေရာကို ရောက်ဖို့ဆိုတာ မဝေးတော့ဘူးပေါ့"

သူတို့မြင်လိုက်ရသော နေရာကို သေချာစွာ မှတ်သားပြီး တစ်ယောက်တစ်လှည့် ကင်းစောင့်အိပ်ကြလေတော့သည်။

❑❑❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

### ဆင်စွယ်နက်နဲ့ လူတစ်စု

ဦးအုန်းခိုင်တို့ မနက်မိုးလင်းသော် လင့်စင်မှဆင်းကာ ညက တွေ့လိုက်ရသော အလင်းရောင်ရှိသော တောအုပ်သို့ ထွက်လာခဲ့ကြသည်။

တောကိုဖြတ် တောင်ကိုကျော်ကာ ညနေစောင်း လောက်တွင် ရောက်ရှိလာသည်။

ဦးအုန်းခိုင်က ညက မြင်လိုက်ရသောနေရာနဲ့ အနီးဆုံး သို့ ရောက်ရှိလာသည်။ ထိုအခါ တောင်ကြားတစ်ခုထဲသို့ ဝင် လိုက်သောအခါ ...





"ဟာ"

"ဟင်"

အားလုံး အံ့သြသွားကြရသည်။ အဘယ့်ကြောင့်ဆိုသော် သူတို့တွေ့လိုက်ရသောအရာမှာ ဆင်ရိုးများ တောင်လိုပုံနေတာ တွေ့လိုက်၍ အားလုံးအံ့သြရခြင်း ဖြစ်သည်။

"ဒါ ... ဆင်သင်္ချိုင်းပဲ၊ တို့ရှာတဲ့အရာဟာလည်း ဒီနား ပတ်ဝန်းကျင်လောက်မှာ ရှိနိုင်တယ်"

"ဆင်စွယ်တွေ၊ ဆင်ရိုးတွေ အများကြီးပဲနော်၊ ကျွန်တော်တို့ ဒီအရိုးတွေသာ ရောင်းစားရင် သူဌေးဖြစ်ပြီ"

ဟု ဆန်းရှိန်က အားရဝမ်းသာစွာ ပြောလိုက်သည်။

ဆန်းရှိန်ရဲ့ သက်တမ်းတစ်လျှောက်မှာလည်း ယခုလောက် ဆင်စွယ်တွေ၊ ဆင်ရိုးတွေ တောင်လိုပုံပြီး တစ်ခါမှ မမြင်ဖူးခဲ့ပါ။ ယခုတွေ့လိုက်ရတော့ အံ့သြလို့မဆုံး ဖြစ်မိသည်။

လူရဲက ပတ်ဝန်းကျင်ကို လေ့လာနေသည်။ သူ၏စိတ်ထဲမှာတော့ အန္တရာယ်ရနံ့တစ်ခုခု ရသလို ခံစားမိသည်။

သူတို့သုံးဦး ဆင်သင်္ချိုင်းမှ ထွက်ရန်အပြုတွင် အပေါ်က ဝဲထိုး၍ အလွန်တရာ ကြီးမားလှသော လုံးပတ် သုံးပေပတ်



www.burmeseclassic.com

www.burmeseclassic.com



လည်ကျော်လောက်ရှိမည့် မြွေကြီးတစ်ကောင်က ပိတ်၍ စောင့်နေသည်။

မြွေကြီးကို ကြည့်လိုက်သည်နှင့် နစ်ချို့မြွေကြီးဖြစ်ကြောင်း အတတ်ပြောနိုင်သည်။

မြွေကြီးသည် သူတို့ပြန်မည့်ထိပ်ကွင် လမ်းရှိနေ၍ ဦးအုန်းခိုင်က ဆက်မသွားဘဲ ရပ်ကြည့်နေသည်။ ပြီးနောက် နှုတ်မှ . . .

"အသင်မြွေကြီး . . . ကျွန်ုပ်တို့ သင့်ကိုရန်မပြုလိုပါ။ သင့်လမ်းကို သင်သွားပါ။ ကျွန်ုပ်တို့သည်လည်း လောဘကြောင့် ဒီနေရာ ဒီဌာနသို့ရောက်လာခြင်းမဟုတ်ပါ။ ဒါကြောင့် ကျွန်ုပ်တို့ကို ရန်မပြုပါနဲ့"

ဟု ပြောလိုက်သောအခါ မြွေကြီးမှာ ကျောက်တောင်နံဘေးသို့ တဖြည်းဖြည်းဝင်ကာ ပျောက်ကွယ်သွားလေသည်။

ဆန်းရှိန်မှာ မြွေကြီးကိုမြင်လိုက်ရသည့်အချိန်တွင် ဖောချွေးများကျပြီး ကြောက်လန့်နေမိသည်။ ထိုကဲ့သို့ ကြီးမားလွန်းသောမြွေကို တစ်ခါမှ မမြင်ဖူး၍ ရုတ်တရက် တွေ့လိုက်ရသဖြင့် အံ့ဩကာ ကြောက်ရွံ့ထိတ်လန့်နေမိသည်။





ဦးအုန်းခိုင်က ပြောလိုက်၍ မြွေကြီးမှာ စကားနားလည်သလို ဘေးကျောက်တောင်နားကပ်ကာ ဝင်ရောက်ပျောက်ကွယ်သွားမှ ကြောက်စိတ်များ ပြေပျောက်သွားလေတော့သည်။

သူတို့သုံးယောက်သည် ဒီဆင်သချိုင်းနားတွင် တစ်ထောက်နားကြသည်။ ပြီးနောက် . . . ဦးအုန်းခိုင်က အိတ်ထဲမှ ဇယောင်းတိုင်နှစ်ထုပ် ထုတ်ကာ အရေအတွက်ပြုလေသည်။ အားလုံး ၃၁ တိုင်ကို စုစည်းကာ ပြင်ညီကျောက်ပြားပေါ်တွင် တင်လိုက်သည်။ ပြီးနောက် မီးညှိကာ ပါးစပ်မှ ရေရွတ်နေလေတော့သည်။

ဦးအုန်းခိုင်၏လုပ်ရပ်ကို လှူရဲနဲ့ဆန်းရှိန်တို့က နားလည်သလို ကြည့်နေမိသည်။ ပြီးနောက် ဦးအုန်းခိုင်က ဆုတောင်းပြုတာ ပြီးဆုံးသွားလေသည်။

လဆန်းရက်ဖြစ်၍ ပတ်ဝန်းကျင်မှာ နည်းနည်းမှောင်စပြုလာသည်။ သူတို့ရောက်နေသောနေရာကလည်း တောင်ကြားဆိုပေမယ့် အေးစိမ့်သောအရသာ ခံစားလာရသည်။

ညသည် မှောင်လာခဲ့သည်။ ထိုစဉ် ခပ်လှမ်းလှမ်းမှ တောင်စွယ်ဘေးတစ်ခုတွင် မနေ့ညကကဲ့သို့ အလင်း၏ဝင်းခနဲ



www.burmeseclassic.com

www.burmeseclassic.com



ဝင်းခနဲထွက်နေတာ တွေ့လိုက်ရသည်။

ထိုအချင်းအရာကို မြင်လိုက်ရသော ဦးအုန်းခိုင်က အပြုံး တစ်ချပြုံးကာ . . .

"သိဒ္ဓိရှင်ဆရာတော်၊ ဘိုးတော်တို့ရဲ့ စောင့်ရှောက်မှု ကြောင့် ကျုပ်တို့ လိုအင်ဆန္ဒတွေပြည့်တော့မယ် မောင်လူရဲ့ ဒါဟာ . . . ကျုပ်တို့ မပျက်မယွင်းတဲ့သစ္စာကြောင့်ပဲလို့ ကျုပ် ယုံကြည်တယ်၊ ယနေ့အထိ ကျုပ်ထိန်းသိမ်းခဲ့တဲ့သစ္စာတရား ဟာ ပျက်ယွင်းမှု မရှိဘူး . . .၊

ကျုပ် ခုနက မီးထွန်းတာ ၃၁ . . ဘုံသားတွေကို ရည်ရွယ် ပြီးထွန်းတာ။ သူတို့တစ်တွေကို တိုင်တည်ပြီး မှန်သောသစ္စာကို ဆိုတယ် . . .၊

ဤမှန်သောသစ္စာကြောင့် ကျုပ်ရဲ့ရည်မှန်းချက်တွေ ပြည့်တော့မယ်၊ ကျုပ် ဝမ်းသာတယ်၊ ကျုပ်သာ ရည်မှန်းချက် ပြည့်ဝခဲ့ရင် မောင်လူရဲတို့ရဲ့ ကူညီပေးမှုတွေကိုလည်း ဦးမမေ့ ပါဘူး"

ထိုခါ ဆန်းရှိန်က . . .

"ဆရာကြီး . . . ဖယောင်းတိုင်တွေ အကုန်စုပြီး





ထွန်းတာ ကြည့်ပြီး ဘာကြောင့် တစ်တိုင်ချင်းမထွန်းတာလဲလို့ တွေးစားနေတာ"

"ဒါလား . . . ဒီနေရာက အကာအကွယ်မရှိဘူးလေ၊ တစ်တိုင်ချင်းထွန်းရင် စိတ်မချရဘူး၊ ဒါကြောင့် အားလုံး ထွန်းတော့ တော်ရုံတန်ရုံ လေဒဏ်ကိုခံနိုင်တာပေါ့"

ဆန်းရှိန်လည်း ဆရာကြီးပြောမှ . . .

"ဟုတ်ပေသားပဲ"

ဟု ခေါင်းတညိတ်ညိတ် ဖြစ်မိသည်။

ဒီညအဖို့တော့ ဦးအုန်းခိုင် မြင်တွေ့လိုက်ရသော အလင်း တန်းနေရာနဲ့ သူတို့နဲ့က သိပ်မကွာလှပါ။ ဒါကြောင့် မနက်မိုး လင်းမှပဲ သွားကြည့်တော့မည်ဟု ဆုံးဖြတ်လိုက်ကြသည်။

ယခုညအဖို့ ကောင်းကောင်းအိပ်ပျော်တော့မည် ဖြစ် လေသည်။

နံနက်မိုးလင်းသော် ဦးအုန်းခိုင်တို့ ညက တွေ့လိုက် သောနေရာသို့ ထွက်လာခဲ့ကြလေသည်။ ထိုအခါ တောင်ခါးပန်း ခံဘေးမှ ဆင်အုပ်တစ်အုပ်က အသံပေးကာ ထွက်လာကြ သည်။ ဆင်အုပ်နဲ့ သူတို့မှာ သိပ်မကွာပါ။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဆန်းရှိန်က …

"ဆရာကြီး ဆရာကြီး … ဟိုမှာ ဆင်ရိုင်းတွေ ဆင်ရိုင်းတွေ။ ကျွန်တော်တို့ ပြေးရအောင်"

ဆန်းရှိန်ရဲ့ပြောစကားကြောင့် …

ဆရာကြီးက …

"မပြေးနဲ့ ဆန်းရှိန်၊ မင်းတို့ ငါ့နောက် လိုက်သာ လိုက်လာခဲ့ကြ"

ထိုအချိန်တွင် ဆင်ရိုင်းအုပ်က သူတို့နားသို့ နီးလာခဲ့ ကြသည်။ ထိုအခါ ရှေ့ဆုံးမှ စွယ်စုံဆင်ကြီးက ဦးအုန်းခိုင်နားသို့ ရောက်ခါနီးတွင် နှာမောင်းကို အပေါ်သို့ထောင်ကာ …

"ဝူး ဝူး ဝူး"

ဟု အော်ဟစ်ပြီး သူတို့ဆင်အုပ်ဘက်သို့ လှည့်ကာ အော်လိုက်သည်။ ပြီးနောက် ဘေးတစ်ဖက်ရှိ တောအုပ်ဘက်သို့ လှည့်ကာ လမ်းကြောင်းပြောင်းပြီး ဝင်သွားကြလေသည်။ ထိုသို့ ဆင်တို့ ထွက်ပြေးသွားသောအရာကို ဆန်းရှိန်နဲ့ လူရဲတို့က နားမလည်သလိုဖြစ်ပြီး ဦးအုန်းခိုင်ကို ကြည့်နေမိသည်။

ဦးအုန်းခိုင်က အောင်မြင်သောအပြုံးဖြင့် ကျေနပ်





နေမိသည်။ ဆင်စွယ်နက်၏အစွမ်းကိုလည်း ပိုပြီး ယုံကြည်လာသည်။ ထိုသို့ဖြစ်သွားသော ဆင်များကို ကြည့်နေစဉ် …

"ဆရာကြီး ဆရာကြီး … ဆင်တွေ ဘယ်လိုဖြစ်သွားတာလဲ။ ထူးဆန်းလိုက်တာ။ ကျွန်တော်တို့တော့ ဒုက္ခဖြစ်ပြီလို့ ထင်နေတာ"

ဟု ဆန်းရှိန်က အံ့သြသောမျက်နှာဖြင့် ဆရာကြီး ဦးအုန်းခိုင်ကို မေးလိုက်သည်။ ဦးအုန်းခိုင်က ဆန်းရှိန်ကိုကြည့်ကာ …အိတ်ထဲသို့ လက်နှိုက်လိုက်သည်။ ထိုအခါ ရှူ့အိတ်နီလေး …လုံး ပါလာသည်။ ပြီးနောက် ထိုအိတ်ထဲမှ ဆင်စွယ်နက်ဖြင့် …ထား သော ရုပ်တုလေးကို ပြလိုက်သည်။ ပြီးနောက် …

"ဒီဆင်စွယ်နက်ရုပ်တုရဲ့အစွမ်းပေါ့"

ဟု ပြောလိုက်သည်။

"ဆင်စွယ်နက်ဟာ သူတို့ဆင်တို့ရဲ့ အရှင်သခင်လို့ …ည်း ဆိုလို့ရတယ်၊ အကြီးအကဲဆိုလည်း ပြောလို့ရတယ်၊ …င်စွယ်နက်ရဲ့အစွမ်းဟာ လက်ရှိ သက်ရှိဆင်တို့တောင်မှ …ကြောက်လန့်တုန်လှုပ်တယ်ဆိုတာ မင်းတို့မျက်မြင်ပဲ မဟုတ်…း …၊



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်လည်း ဒီဆင်စွယ်နက်ရှိနိုင်တဲ့နေရာကို ဆ
တို့ လာခဲ့တာပဲ၊ အခုဆိုရင် မဝေးလှတဲ့ ဆင်စွယ်နက်ရှိတဲ့နေ
ကို မြင်တွေ့လိုက်ရပြီး တူးဖော်ဖို့ပဲ လိုတော့တယ်''

ထိုအခါ လူရဲက ...

''ဦး ဒီဆင်စွယ်နက်ကိုရပြီးရင် ဘယ်နေရာမှာ အသုံး
ချမှာလဲဟင်''

ဦး ဒီဆင်စွယ်နက်ကို လာရှာတယ်ဆိုတာလည်း
ကြီးထဲမှာ အလဿသ မဖြစ်စေချင်လို့ပါ။ ကမ္ဘာမှာ အလှ
ရှားပါးတဲ့ ဆင်ကောင်ရေတစ်သန်းမှာမှ တစ်ကောင်လောက်သာ
ပါလာတတ်တဲ့ စွယ်နက်ဆင်ဟာ အလွန်အစွမ်းထက်တယ်ဆို
...၊

ဆင်စွယ်နက်ဟာ ကိုယ့်နိုင်ငံအတွင်းမှာရှိနေတာ သိ
ပါလျက်နဲ့ မြေကြီးထဲ မြှုပ်နေတာကို ဦးမလိုလားဘူး။ တို့မြန်
တွေရဲ့ဂုဏ်ကို ဆောင်ချင်တယ်၊ ပြီးတော့ ချမ်းသာချင်လို့ လာ
တာလည်း မဟုတ်ဘူး။ ဦးသာ ဒီဆင်စွယ်နက်ကိုရခဲ့ရင် ကမ္ဘာ
သိစေချင်တယ်၊ အလွန်ရှားပါး၊ တန်ဖိုးမဖြတ်နိုင်တဲ့ ပြည်ထဲ
ပစ္စည်းများဟာ တို့မြန်မာပြည်မှာ ရှိသလို ဒီဆင်စွယ်နက်ဟာလည်း





တို့အမိမြန်မာပြည်မှာ ရှိတယ်ဆိုတာ ကမ္ဘာက သိစေချင်တယ်
သ ...၊

ဒါကြောင့် တန်ဖိုးမဖြတ်နိုင်တဲ့ရတနာဆင်စွယ်နက်ကို
ကိုယ့်တိုင်းပြည်ထဲမှာ ရှိတယ်ဆိုတာ အခုလို အကုန်ကျခံ၊
ဆင်ပန်းခံ၊ ဒုက္ခခံပြီး ရှာဖွေဖော်ထုတ်တာပဲ ...၊

ဦးအနေနဲ့ ဒီရတနာဆင်စွယ်နက်ကို ရပြီး ဦးရဲ့လုပ်
ဆောင်ချက်အောင်မြင်ခဲ့ရင် ဦး အရာရာကို စွန့်လွှတ်ပြီး တစ်နေ
ရာကို ထွက်ခွာသွားတော့မှာပါ ...။

ဦးဆန္ဒပြည့်ဝခဲ့သလို မောင်လူရဲတို့အားလုံးကို ဦးဆန္ဒ
အတိုင်း ဆန္ဒတွေ ပြည့်ဝစေမှာပါ။ ဦးက ကိုယ်ကျိုးအတွက်
ရည်ရွယ်ပါဘူး''

ဦးအုန်းခိုင်၏ ရှည်လျားစွာပြောပြ ရှင်းပြသော ဆင်စွယ်
နက်၏ရလာဒ်အကျိုးကို မောင်လူရဲတစ်ယောက် နားလည်
သဘောပေါက်မိသည်။ ဦးအုန်းခိုင်ကိုလည်း လေးစားမိသည်။
ဦးအုန်းခိုင်၏ရည်ရွယ်ချက်ကိုလည်း အောင်မြင်စေချင်တဲ့ဆန္ဒကို
သည်း ဆုတောင်းပေးနေမိသည်။

ယခုလို သူတို့လည်း ဦးအုန်းခိုင်နဲ့အတူ လိုက်လာ



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရွက်ပေးရလို့ ဦးအုန်းခိုင်၏ဆန္ဒကို လိုက်လျှောပေးရ
လား မသိပါ၊ အားလုံး အန္တရာယ်ကင်းစွာ ရှိနေခဲ့ကြသည်
မဟုတ်ပါလား။

ယခုဆိုရင် သူတို့ထွက်လာခဲ့သည်မှာ နှစ်လပင်ပြည့်
တော့မည်။ မျှော်လင့်ချက်ရောင်ခြည်လေးတော့ သန်းလာပြီ
ယူဆရပါသည်။ ယခုလည်း ဆင်စွယ်နက်ရဲ့အစွမ်းပြမှု အလင်း
တန်းလေးရှိရာသို့ သွားနေပြီဖြစ်၍ ဦးအုန်းခိုင်မျှော်လင့်သည့်
ဆင်စွယ်နက်ရဲ့ အလင်းတန်းတစ်ခု ဖြစ်ပါစေဟု ဆုတောင်း
လိုက်ပါသည်။

ဦးအုန်းခိုင်တို့ တောင်ခါးပန်းကိုပတ်ကာ လျှောက်နေကြ
သည်။ မောင်လူရဲက တောင်ခါးပန်း၏ ဘေးအောက်ဘက်
တစ်ခါတစ်ခါ ကြည့်မိသည်။ တောင်၏ လျှိုအောက်သို့ ကြည့်
သည်။ ပေ ၂၀၀ လောက်နက်လိမ့်မည်ဟု ယူဆရပါသည်။

ဒီလိုနေရာမျိုးမှာ ဆင်သချိုင်းရှိတယ်ဆိုတာ ဘယ်သူ
များ သိနိုင်ပါ့မလဲ။ ဆင်သချိုင်းမပြောနဲ့ ဆင်စွယ်နက်ရှိတာ
ဆိုတာလည်း မည်သူကမှ ယုံလိမ့်လည်မထင်ပါ။

လူရဲတို့လျှောက်နေသော တောင်ခါးပန်းအဆုံး မြောက်





ပိုင်းသို့ ဆင်းလာခဲ့ကြပြီး ရှေ့သို့ လှမ်းမျှော်ကြည့်မိသည်။

ထိုအခါ ရှေ့မှသွားနေသော ဦးအုန်းခိုင်က လက်ပြလိုက်
သည်။

"မောင်လူရဲ ... ဟိုရှေ့ကမြင်နေရတဲ့ တောင်ကမူ
လေးက ညက မြင်လိုက်ရတဲ့နေရာ မဟုတ်လား"

"ဟုတ်တယ် ဦး၊ ဒီနေရာတစ်ဝိုက်မှာပါပဲ"

ထိုနေရာသို့ သူတို့သုံးဦးစလုံး အမြန်လျှောက်လာခဲ့ကြ
သည်။

ဦးအုန်းခိုင်က ထိုနေရာတစ်ဝိုက်သို့ လေ့လာအကဲခတ်
လိုက်သောအခါ ထိုတောင်နားတစ်ဝိုက် ပတ်ပတ်လည်တွင်
ရှင်းလင်း၍ မြေပြင်ဖြစ်နေတာ တွေ့ရသည်။ ထိုနေရာတွင်
ဘာအပင်မှ မပေါက်ဘဲ ပတ်ပတ်လည်ပြောင်ရှင်းပြီး သန့်ပြန့်နေ
တာ ထူးဆန်းစွာ တွေ့လိုက်ရသည်။

ထိုအချိန်တွင် ထိုကွင်း၏အလယ်မှ တစ်ချက်တစ်ချက်
နေရောင်ကြောင့် လင်းခနဲ ဝင်းခနဲ တစ်ချက်ပေါ်သွားသည်။
ထိုပေါ်လိုက်သောအချိန်တွင် ဦးအုန်းခိုင်က သတိထားမိကာ
ထိုနေရာနားသို့ လျှောက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင်လှုရဲ ... ဒီနေရာတစ်ပိုက် တူးရအောင်"

ဟု ပြောလိုက်သည်။

မောင်လှုရဲလည်း ကျောပိုးအိတ်ချကာ ပြောင်ရှင်းနေသော ကွက်လပ်၏အလယ်ကောင်မှစပြီး တူးလေသည်။ ဆန်းရှိန်လည်း တူးလေသည်။

ထိုအချိန်တွင် ဦးအုန်းခိုင်က ပါးစပ်မှ ဘုရားစာများ ဂါထာများရွတ်ဆို၍ ဘုရားကို အာရုံပြုနေသည်။

မကြာသောအချိန်းအတွင်းစွင် ...

"ဦး ... တွေ့ပြီ တွေ့ပြီ"

အနက်ရောင်အစွယ်တစ်ခု အစပိုင်းလေးပေါ်နေတာကို မြင်လိုက်၍ ဝမ်းသာအားရ ပြောလိုက်သောလှုရဲအသံကြောင့် ဦးအုန်းခိုင် ဝမ်းသာသွားသည်။

လှုရဲနားသို့ လျှောက်လာကာ ...

"မောင်လှုရဲ ... ဆက်တူး ဆက်တူး၊ ဒီအစွယ်လေး ဖြစ်နိုင်တယ်"

ဦးအုန်းခိုင်အပြောကြောင့် လှုရဲနဲ့ဆန်းရှိန်တို့ ထိုအစွယ်လေးနားတစ်ပိုက်ကို ဇွေ့ဖိုက်ကာ ဂရုတစိုက် ပတ်ကာတူး





လေသည်။ ထိုအစွယ်လေး ထိခိုက်မှုမရှိစေရန် ဓားဦးချွန်လေးဖြင့် သေသေချာချာ ဂရုတစိုက်တူးလေသော် နာရီဝက်ခန့်ကြာသော အခါ ၅ ပေကျော်လောက်ရှိသော ဆင်စွယ်နက်တစ်ချောင်း ရရှိလိုက်သည်။

ထိုအခါ ဦးအုန်းခိုင်က ...

"နောက်တစ်ချောင်းရှိလိမ့်ဦးမယ် မောင်လှုရဲ၊ ဆက်တူး"

ဟုပြောပြီး ရရှိလာသောဆင်စွယ်နက်ကို ယူ၍ သေသေချာချာ ကြည့်လိုက်သည်။ ထိုဆင်စွယ်နက်ကိုကြည့်ပြီး ဦးအုန်းခိုင် တစ်ယောက် ဝမ်းသာပီတိ ဖြစ်နေလေသည်။

မောင်လှုရဲက ...

"ဦး ... နောက်တစ်ချောင်း ထပ်တွေ့ပြီ"

လှုရဲအသံကြောင့် ဦးအုန်းခိုင် ခေါင်းတညိတ်ညိတ်ဖြင့် လှုရဲကို ...

"တို့ရည်ရွယ်ချက်တွေ အိပ်မက်တွေ အကောင်အထည်ပေါ်ပြီပေါ့ကွ။ တို့တိုင်းပြည်ရဲ့ ရတနာတစ်ပါး ထင်ရှားလိုက်သလိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဦးအုန်းခိုင် ဘာဆက်ပြောရမှန်းမသိအောင် ဝမ်းသာနေမိသည်။ မောင်လူရဲတို့လည်း ဆင်စွယ်နက်နှစ်ချောင်းစလုံး ရလိုက်၍ ထိုဆင်စွယ်နက်တွင် ပေနေသောမြေကြီးများ၊ ရွှံ့များကို ခေ့ျးကြောရန် သန့်ရှင်းသောပိတ်စတစ်ခုဖြင့် ပတ်လိုက်သည်။

ပြီးလျှင် စမ်းချောင်းရှိရာသို့သွားပြီး သန့်ရှင်းမှုပြုရန် သုံးဦးသား ထွက်လာလိုက်လျှင်ဆိုရင်ပဲ . . .

"ဟား ဟား ဟား"

"အဲဒီဆင်စွယ်နက်တစ်စုံကို ကျုပ်ကိုပေးပါ"

အသံလာရာသို့ ဦးအုန်းခိုင်က ကြည့်လိုက်သည်။ ထိုအခါ . . . ကျောက်တုံးကျောက်ဆိုင်များကြားမှ လူ ၄ ဦး ထွက်လာခဲ့သည်။

"ဟင် . . . စောလွင်ပါလား"

"ဟုတ်တယ် ဦးအုန်းခိုင်၊ ကျုပ် စောလွင် (ခ) ကက်ဆက်ကြီးပါပဲ၊ ဟဲ ဟဲ ဟဲ . . . အနှစ်နှစ်အလလက ဦးအုန်းခိုင်ရဲ့ ကြိုးစည်မှုတွေကို လေ့လာနေတာကြာပြီ။ ဆင်စွယ်နက်ရဲ့အကြောင်းကို ဦး စုံစမ်းနေတယ်ဆိုတဲ့ အသံကို ကြားပြီးကတည်းက





ကျုပ် နောက်ကနေ လိုက်နေတာ။ အခုတော့ ကျုပ် နောက်ယောင်ခံ လိုက်ရကျိုးနပ်ပြီ"

အမှန်တော့ စောလွင် (ခ) ကက်ဆက်ကြီးဆိုသူသည် ဦးအုန်းခိုင်ထံမှ ထွက်သွားသော အလုပ်သမားတစ်ဦး ဖြစ်ပါသည်။ ဦးအုန်းခိုင်၏လုပ်ငန်းကိစ္စအားလုံးကို တချို့တစ်ဝက်သိရှိထားပြီးဖြစ်တဲ့အတွက် အခုလို အချိုကြီးရမယ့် အခွင့်အရေးကို စောင့်နေခဲ့တာ မဟုတ်လား။

ထိုအခါ ဦးအုန်းခိုင်က . . .

"မင်း တော်တော် အကြံပက်စက်တာပဲ၊ ဒီရတနာပစ္စည်းဟာ မသမာသူတွေနဲ့ မထိုက်တန်ပါဘူး။ မင်း ဒုက္ခရောက်မှာ မကြောက်ဘူးလား"

"ဘာဒုက္ခရောက်မှာလဲ။ အခုပဲ အဆင်သင့်ရလိုက်ပြီလေ၊ ဒီရတနာကို နယ်စပ်မှာ သွားရောင်းရင် ကျွန်တော်တို့ သန်းကြွယ်သူဌေးဖြစ်ပြီ . . . ဟား ဟား ဟား"

ကက်ဆက်ကြီး၏အပြောကို ဦးအုန်းခိုင် စိုက်ကြည့်နေသည်။

ထိုအခါ ကက်ဆက်ကြီးက သူ၏တပည့်ကြီး ဖြစ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



သူကို ...

"ဟော့ကောင် ဝင်းကြည် ... ပစ္စည်းသွားယူလေ"

ဟုပြောကာ လက်နက်များဖြင့် ဦးအုန်းခိုင်တို့ကို ချိန်ထားသည်။ ထိုအခါ လူရဲက အခြေအနေကို လေ့လာအကဲခတ်ကာ ကိုယ်ခန္ဓာနှင့်ကွယ်ထားသော လက်ထဲတွင်ကိုင်ထားသည့် ဓားမြှောင်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လိုက်သည်။ ပြီးနောက် ဆန်းရှိန်ကို မျက်စိမှိတ်ပြလိုက်သည်။

ထိုအချိန်တွင် ကက်ဆက်ကြီး၏တပည့် ဝင်းကြည် (ဖရီး) ဆိုသူက လူရဲနားသို့ရောက်လာသည်။ လူရဲက လျှပ်တစ်ပြက် မထင်မှတ်သော လျင်မြန်မှုဖြင့် ဓားမြှောင်နှင့် ပစ်ပေါက်လိုက်သည်။

"ဖွပ်"

"အား"

ဟူသော အသံနှင့်အတူ ဝင်းကြည် (ဖရီး) မှာ ခွေကျသွားလေသည်။

တစ်ပြိုင်တည်းလို ကက်ဆက်ကြီးက သူ၏လက်ထဲမှ သေနတ်ဖြင့် ဦးအုန်းခိုင်ကို ပစ်ထည့်လိုက်သည်။





"ချောက် ချောက်"

သေနတ်က ကျည်မထွက်ပါ။

ထိုအခါ လူရဲက နောက်ထပ်ဓားမြှောင်ဖြင့် ထပ်မံပစ်ပေါက်လိုက်သည်။

"ဝိုး"

"ဒေါက်"

ကက်ဆက်ကြီး ငုံ့ရှောင်လိုက်လေသည်။

ဓားမြှောင်က ကျောက်နံရံ၌ စိုက်သွားလေသည်။ ကက်ဆက်ကြီးတို့ သုံးယောက်မှာ ရုတ်တရက် ကြောင်သွားသည်။ ထိုသို့ ကြောင်နေသည်ကို ဆန်းရှိန်က သူနှင့်အနီးဆုံးရှိ လူအား လက်ထဲတွင်ကိုင်ထားသော ဆင်စွယ်နက်ဖြင့် ထိုးထည့်လိုက်သည်။

ထိုလူ လဲကျသွားသည်။ ထို့ကြောင့် ယခုဆိုရင် သုံးယောက်ခြင်းဖြစ်သွား၍ လူရဲက ကက်ဆက်ကြီးအား ဝင်ပြီးတိုက်ခိုက်သည်။ ဦးအုန်းခိုင်က လက်ထဲရှိ ဆင်စွယ်နက်တစ်ခုဖြင့် ကျန်တစ်ဦးကို ထိုးထည့်လိုက်သည်။ မထင်မှတ်ထားသော ဖြစ်ပျက်မှုများကြောင့် ထိုလူမှာ လဲကျသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် လူရဲက ကက်ဆက်ကြီးအနားသို့ တိုးဝင်လာပြီး ညာခြေဖြင့် လက်နက်ကိုင်ထားသောလက်ကို ကန်ထည့်လိုက်သည်။ လူရဲ၏ကန်ချက်ကြောင့် ကက်ဆက်ကြီး တစ်ယောက် ယိုင်တိုင်တိုင် ဖြစ်သွားသည်။

လူရဲက ချက်ချင်း ကက်ဆက်ကြီးဆီသို့ တိုးသွားပြီး လဲကျမလိုဖြစ်နေသော ကက်ဆက်ကြီးကို နောက်တစ်ချက် ထပ်ကန်ထည့်လိုက်ရာ ကက်ဆက်ကြီးမှာ မဟန်တော့ဘဲ နောက်ပြန်လဲကျသွားလေတော့သည်။ ဆန်းရှိန်နဲ့ သူ၏လူကတော့ သူ တစ်ပြန် ကိုယ်တစ်ပြန်ဖြစ်နေခိုက် ဦးအုန်းခိုင်က ထိုလူနားသို့ သွားကာ ဆင်စွယ်နက်ဖြင့် နောက်မှ ရိုက်ထည့်လိုက်သည်။

"ဒုတ်"

"အား"

ဟူသောအသံဖြင့် ထိုလူမှာ လဲကျသွားလေသည်။ ပြီးနောက် လူရဲဘက်သို့ လှည့်ကြည့်လိုက်သောအခါ လူရဲက ကက်ဆက်ကြီးကို အပေါ်မှ ခွလျက် လက်သီးမိုးရွယ်လျက် ရှိလေသည်။

တကယ်တော့ ကက်ဆက်ကြီးတို့အဖွဲ့မှာ ဘာကိုယ်ခံ





ညာမှ မတတ်ဘဲ မူးမူးရူးရူး လက်နက်အားကိုးဖြင့် ရောက်လာခဲ့ကြသည်။ အခုတော့ မထင်ထားတဲ့ တိုက်ကွက်ကြောင့် ရုတ်တရက် ခံလိုက်ရ၍ မရှုမလှ ဆုံးရှုံးခဲ့ရသည်။

ကက်ဆက်ကြီး၏ တပည့်နှစ်ဦးကတော့ ဆင်စွယ်နက်ကြောင့် သေသွားသည်။ ကက်ဆက်ကြီးနှင့် နောက်တစ်ဦးက သည်း ကြာရှည်ခံမှာမဟုတ်ပါ။ ဘာကြောင့်လဲဆိုတော့ ဒီနေရာဟာ သားကောင်ကြီးတွေ သွားလာတတ်တဲ့နေရာဖြစ်လို့ပဲ။

"မောင်လူရဲ ... ထားခဲ့တော့။ သူတို့အပြစ်နဲ့သူတို့ ခံပေတော့"

ဟုပြောကာ ဆင်စွယ်နက်ကို သေချာစွာ ပြန်လည် ဆုတ်ပိုးလိုက်ကြသည်။ ပြီးနောက် သုံးဦးသား ထိုနေရာမှ ထွက်လာခဲ့ကြလေတော့သည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၃)

## ဆင့်စွယ်နက်နဲ့ နီလာစင်းကျား

ကက်ဆက်ကြီးတို့ကိုတိုက်ခိုက်ချေမှုန်းပြီး စမ်းချောင်းရှိရာသို့ လာခဲ့ကြသည်။ စမ်းချောင်းတွင် ဦးအုန်းခိုင်နှင့် လူရဲတို့ ဆင်စွယ်နက်ကို သေချာစွာ တိုက်ချွတ်ဆေးကြောလေသည်။

ပြီးနောက် ရေများခြောက်သွားစေရန် အဝတ်စတစ်ခုဖြင့် တိုက်လေသည်။

ပြီး . . . ထိုဆင်စွယ်နက်နှစ်ခုကို ကတ္တီပါစဖြင့် သေချာစွာ ထုတ်ရန်အလုပ်တွင် . . .

"ချွတ် ချွတ်"





"ကြွပ် ကြွပ်"

လူရဲတို့ သူတို့၏နောက်မှ သစ်ရွက်ခြောက် နင်းသံများ ကြား၍ အသက်မရှူဘဲ ညိမ်ကာနေလိုက်ကြသည်။

ထိုခြေသံရှင်မှာ ကျားကြီးတစ်ကောင်ဖြစ်နေသည်။ ထို ကျားကြီးမှာ ရေသောက်ဆင်းလာခြင်းဖြစ်သည်။

လူရဲတို့လည်း ကျားကြီးရောက်အလာနဲ့ ဆုံဖြစ်သွား၍ ထသွားရန် အချိန်မရတော့ဘဲ ငြိမ်နေလိုက်ရသည်။ သို့သော် လည်း . . .

"ဝေါင်း ဝေါင်း"

ကျားကြီးမှာ သူတို့ကိုတွေ့လိုက်ရ၍ ရှေ့သို့ ဆက်တိုး လာသည်။

ထိုအခါ ဦးအုန်းခိုင်က ထုပ်ပိုးရန် ပြင်ဆင်နေသော ဆင်စွယ်နက်ကို ဆက်ပြီးမထုပ်တော့ဘဲ လက်နက်သဖွယ် မြန်လည်း အသုံးချရန် ပြင်ဆင်လိုက်သောအခါ . . .

ဆင်စွယ်နက်ဆီမှ လင်းခနဲ ဝင်းခနဲ အလင်းရောင်တစ်ခု ထွက်ပေါ်လာသဖြင့် ကျားကြီးမှာ နောက်သို့ ခြေလှမ်း နှစ်လှမ်း၊ သုံးလှမ်း ဆုတ်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျားကြီး ခြေလှမ်းဆုတ်သွားသည်ကို လူရဲနှင့်ဆန်းရှိ
တို့ အံ့ဩနေမိကြသည်။

ပြီးနောက် ကျားကြီးမှာ ခွေးတစ်ကောင်ကဲ့သို့ အ
နောက်သို့လှန်ပြီး ဖင်တစ်ပိုင်း တရွတ်ဆွဲဖြင့် လာရာလမ်းအတိုင်း
ပြန်လှည့်သွားသည်ကို တွေ့လိုက်ရသည်။

တကယ်တော့ . . . ကျားကြီးသည် ဆင်စွယ်နက်ကို
တွေ့ရ၍ ထိုကဲ့သို့ဖြစ်သွားသည်ကို ဦးအုန်းခိုင်က သိလိုက်သည်။

ထိုအခါ ဆန်းရှိန်က မနေနိုင်၍ သိချင်စိတ်ကြောင့်
ဦးအုန်းခိုင် ကို မေးလိုက်သည်။

"ဆရာကြီး . . . ကျားကြီး ဘယ်လိုဖြစ်သွားတာလဲ"

"ဒါဟာ ဟောဒီဆင်စွယ်နက်ရဲ့အစွမ်းကြောင့်ပေါ့။ ခု
က ကက်ဆက်ကြီး သေနတ်ကျည်မထွက်တာလည်း ဆင်စွယ်
နက်ကြောင့်ပဲ"

"ဆင်စွယ်နက်ဟာ တော်တော်စွမ်းတာပဲနော်၊ ဒီ
ကြောင့်လည်း တန်ဖိုးမဖြတ်နိုင်တဲ့ ရတနာတစ်ပါးပါပဲ"

မောင်လူရဲက နားထောင်ရင်း ဆင်စွယ်တစ်ချောင်းကို
ယူကာ သေချာစွာကြည့်နေမိသည်။ မဟူရာရောင်တောက်နေ





သော ဆင်စွယ်နက်ရဲ့အစွမ်းသတ္တိကတော့ အံ့မခန်းပါပဲလားဟု
မှတ်ယူနေမိသည်။

တကယ်တော့ ခုနက နီလာစင်းကျား ကျားကြီးသည်
သူတို့နောက်ကို လိုက်ချောင်းနေသောကျားဖြစ်သည်ဆိုတာ
သူတို့သုံးဦးစလုံး မသိကြပါ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

### အပြန်ခရီး ဖောင်ဖွဲ့ပြီး

ဦးအုန်းခိုင်တို့ စခန်းသို့ပြန်ရောက်လာကြသည်။

ချုန်ကေရှိတ်က အသားကင်နေသည်။ ချုန်ကေရှိတ် အနီး ထိုင်စကားပြောနေသော အောင်လွင်မှာ ဆရာကြီးတို့ကို တွေ့လိုက်၍ . . .

"ဟော . . . ဟိုမှာ ဆရာကြီးတို့ ပြန်လာကြပြီ"

ဆန်းရှိန်မှာ စခန်းနားသို့မရောက်မီကပင် အသားကင် နံ့ကို ရ၍ . . .

"ဟေး အောင်လွင် ဘာကောင်ကြီး ကင်နေတာလဲကွ"





"ဆတ်ကြီးလေ၊ မနေ့ကမှ ရထားတာ။ ခြေမကြီးတို့ ဖစ်လာတာ"

"မွှေးလိုက်တာကွာ၊ ဗိုက်တောင် ဆာလာပြီ"

ထိုအခါ ဖင်မဲနဲ့ကျော်စိုးက ဆရာကြီးတို့လက်ထဲမှ ဆင်စွယ်နက်နှစ်ချောင်းကို လှမ်းယူလိုက်သည်။ ပြီးနောက် ဆရာကြီး၏တဲအတွင်းသို့ သွားထားပေးလိုက်သည်။

ကျော်စိုးက . . .

"ဆရာကြီး အားလုံးအဆင်ပြေခဲ့လား"

"အေး . . . အဆင်ပြေပါတယ်၊ မောင်လူရဲပါလာမှ တော့ ဘာမှအဆင်မပြေစရာ မရှိပါဘူး"

"ကဲ . . . ဆရာကြီးတို့ ပင်ပန်းလာကြတယ်၊ နားလိုက် ပါဦး။ ကျွန်တော်တို့ အသားကင်ကျက်ရင် လာပို့ပေးလိုက်ပါ့ မယ်"

ထိုအခါ ဆရာကြီးက ခေါင်းညိတ်ပြလိုက်သည်။

ကျော်စိုးလည်း ဆရာကြီးဦးအုန်းခိုင်နားမှ ထွက်လာ ခဲ့သည်။ ဆန်းရှိန်ကတော့ အောင်လွင်ကို သူတို့ တွေ့ကြုံခဲ့ ရသောဖြစ်ရပ်များ ဖောက်သည်ချနေသည်။ အနားတွင်



www.burmeseclassic.com

www.burmeseclassic.com



ဖင်မဲနဲ့ခြေမကြီးတို့ကလည်း နားထောင်နေကြသည်။

လူရဲက ခရီးပန်းလာ၍ သစ်ပင်အောက်တစ်ခုတွင် နားနေလေသည်။ လူရဲနားသို့ ကျော်စိုးရောက်လာပြီး အကျိုး အကြောင်းများသိချင်၍ မေးလိုက်သည်။

လူရဲကလည်း သူတို့ တွေ့ကြုံခဲ့ရပုံများကို အလုံးစုံ ပြောပြပြီး သူတို့အားလုံး အိမ်ပြန်ဖို့သာ ရှိတော့ကြောင်း ပြော လေသည်။

၂ . . . နာရီခန့်အကြာတွင် ဦးအုန်းခိုင်က လူရဲနားသို့ ရောက်လာပြီး အနောက်ဘက်ကောင်းကင်သို့ ကြည့်လိုက်သည်။ အနောက်ဘက်ရှိ အမြင့်ဆုံးတောင်ပေါ်တွင် အုံ့ဆိုင်းမှိုင်းမှုန်ကာ မိုးသားများ တွေ့လိုက်ရသည်။

ထို့ကြောင့် လူရဲကို . . .

"မောင်လူရဲ . . . ဦးတို့ အမြန်ပြန်မှဖြစ်မယ်၊ မိုးကျလာ တော့မယ်၊ ဒီမိုးနဲ့ဆိုရင် ဦးတို့ ခရီးဖင့်လိမ့်မယ်၊ ဒါပေမဲ့ မိုးကျ လာရင်တော့လည်း ကောင်းတာပါပဲ၊ ဘာဖြစ်လို့လဲဆိုတော့ တောင်ကျရေစီးနဲ့ဆိုရင် တို့ ဖောင်ဖွဲ့ပြီးသွားရင် ခရီးမိုတွင် ပါလိမ့်မယ်"





လူရဲက ဦးအုန်းခိုင်ပြောတာကို သဘောပေါက်၍ ခေါင်းညိတ်ကာ . . .

"ဒါဆိုရင် ကျွန်တော်တို့ ဖောင်အမြန်ဆုံးဖွဲ့လိုက်တယ်၊ အားလုံး ဖောင်နဲ့ဆိုရင် ကျွန်တော်တို့ အမြန်ဆုံးရောက်နိုင် တာပေါ့၊ ပြီးတော့ . . . အားလုံးလည်း သက်သောင့်သက်သာ ရှိလိမ့်မယ်"

ဟုပြောပြီး လူရဲက သူ၏လူများကို ခေါ်လိုက်သည်။

လူများအားလုံး ရောက်လာကြပြီးသော် ဖောင်ဖွဲ့ဖို့ အတွက် အားလုံးကို သစ်လုံးရှာဖို့ ခုတ်ဖို့တာဝန်များ ပေးလိုက် သည်။

ရလာသော သစ်လုံးများကို ဆန်းရှိန်နှင့်အောင်လွင်တို့ နှစ်ယောက်အား ဖောင်ဖွဲ့ရန် တာဝန်ပေးလိုက်သည်။

ထို့နောက် နံနက်စာကို စားသောက်ကြပြီးသော် ဖောင်ဖွဲ့ဖို့ သစ်လုံးရှာသူလာရှာ၊ လျှော်ကြိုး နွယ်ကြိုးရှာသူကရှာဖြင့် တောထဲသို့ထွက်သွားကြလေသည်။ လူရဲက ကျော်စိုးကို ခေါ်ပြီး လျှော်ကြိုးများရှာရန် ထွက်ခဲ့လေသည်။

စခန်းတွင် ဆရာကြီးဦးအုန်းခိုင်နဲ့ချန်ကျော်တို့



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဦးသာ ကျန်ခဲ့လေသည်။

❑

ဒုတိယမြောက်နေ့တွင် ဖောင်ဖွဲ့ပြီးစီးသွားလေသည်။ လူရဲက ဖောင်ကို သေချာအောင် လိုက်လံစစ်ဆေးသည်။ သူတို့အားလုံး တက်ညီလက်ညီ လုပ်လိုက်၍ နှစ်ရက်အတွင်း ပြီးမြောက်ခဲ့သည် မဟုတ်ပါလား။ ဖောင်ဖွဲ့လို့လည်းအပြီး သူတို့၏အနီးရှိ ချောင်းရေလည်း တဖြည်းဖြည်း ပြည့်လာသလို ရေစီးမှာလည်း သန်လာသည်။

ထို့ကြောင့် အထက်ဘက်တွင် မိုးရွာနေကြောင်း ဦးအုန်းခိုင် အတတ်သိလိုက်သည်။

ထိုအခါ လူရဲက ဦးအုန်းခိုင်ကို အကြံပေးလိုက်သည်။

"ဦး ... ကျွန်တော်တို့ ပြန်လို့ရပြီ။ ချောင်းရေက ခါတိုင်းထက် ရေစီးသန်လာတယ်"

"အေး ... ဖောင်လည်း ဖွဲ့ပြီးပြီဆိုတော့ လူတွေ





အားလုံးကို ပစ္စည်းများ သိမ်းဆိုင်းထားလိုက်ပေါ့၊ မနက်မိုးမလင်းခင် တို့တွေအားလုံး ထွက်ကြတာပေါ့"

ဟု ဦးအုန်းခိုင်က ပြောပြီး ပစ္စည်းများသိမ်းရန် သူ၏တဲအတွင်းသို့ ပြန်ဝင်သွားလေသည်။ စားပွဲပေါ်ရှိ ဆင်စွယ်နက်နှစ်ချောင်းကိုကြည့်ပြီး ဝမ်းသာပီတိဖြစ်နေလေသည်။

❑❑❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

## မမျှော်လင့်သော အန္တရာယ်ဆိုး

နံနက် ၅ . . . နာရီ။ ဖောင်ဖြင့် အားလုံးစထွက်လာခဲ့ကြသည်။ ရေစီးကြောင်းအတိုင်း မျှော၍လိုက်လာကြသည်။ ခြေမကြီးနဲ့ဖင်မဲတို့ ဝါးလုံးတစ်လုံးစီဖြင့် တွန်းထိုးကာ ဖောင်၏လမ်းကြောင်းကို ထိန်းပြီး မျှောလိုက်လာကြသည်။

ရေပြင်က ရေစီးကြောင်း ပုံမှန်စီးနေသဖြင့် သက်သောင့်သက်သာ လိုက်လာကြသည်။ သို့သော် တစ်နေရာအရောက်တွင် ကျောက်တုံးကျောက်ဆောင်ကြီးများနားသို့ ရောက်လေသော် ရေလမ်းကြောင်းက ချိုးကွေ့သွား၍ ရေစီးကြောင်းများ





ပိုပြီးမြန်လာသလို ထင်ရသည်။

ဖောင်ပေါ်ပါလာသူအားလုံး ဖောင်၏မငြိမ်မသက်မှုကို ခံစားလိုက်ရ၍ ဖောင်ပေါ်ထိုင်ချကာ ရေစီးကြောင်းကို စူးစိုက်ကြည့်နေလိုက်ကြသည်။

ထိုသို့ကြည့်နေခိုက်တွင် ကျောက်တုံးကြီးတစ်ခုကို မမျှော်လင့်ဘဲ ဘွားခနဲ တွေ့လိုက်ရသည်။

ထိုအခါ ဦးအုန်းခိုင်က . . .

"အားလုံး သတိထားကြနော်၊ ရှေ့မှာ ကျောက်ဆောင်တစ်ခု တွေ့တယ်၊ ဖောင်ကို မြဲမြဲကိုင်ထားကြ"

ဆန်းရှိန်က . . .

"ဖောင်ကတော့ စိတ်ချပါဆရာကြီး။ ကျွန်တော်တို့ ခိုင်အောင် လုပ်ထားပါတယ်"

"ဟုတ်ပါတယ် ဆရာကြီး။ ကျွန်တော်လည်း ပိုပြီး စိတ်ချရအောင် နွယ်ကြိုးနှစ်ချောင်းဆီ ပူးချည်ထားပါတယ်"

ချမ်းကေရှိတ်က . . .

"ဝတော့ ရေမကူးတတ်ဘူးနော်၊ ဒါပေမဲ့ မကြောက်ဘူး။ ဆရာကြီးတိုက်ထားတဲ့ဆေးကြောင့် ဘေးကင်းမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



ချောင်းမကျဉ်းမကျယ်နားသို့ ရောက်လေသော် ဝါးထိုး သမားများက ဂရုတစိုက် ထိုးနေကြသည်။

ချောင်းမှာ တောင်ကြိုတောင်ကြား စီးဆင်းနေသဖြင့် တချို့နေရာများတွင် ရေစီးအလွန်သန်သည်။

သို့သော် ဖောင်သမားလုပ်ခဲ့ဖူးသော ဆန်းရှိန်သည် ဖောင်ကို ကျွမ်းကျင်နိုင်နင်းစွာ ကိုင်တွယ်၍ အန္တရာယ် ကျော်ဆောင်ကို ရှောင်လွဲလာခဲ့၏။

ထိုစဉ် ကောင်းကင်တစ်ခုလုံး မည်းမှောင်ကာ မိုးမှောင်ကျလာသည်။ ရုတ်တရက် လေနီကြမ်းများ တိုက်လာခဲ့သည်။ လေတိုက်မှုကြောင့် ပတ်ဝန်းကျင်က အအေးဒဏ်မှာ ပို၍ အေးစိမ့်လာခဲ့သည်။

ထိုလေတွေနဲ့အတူ မိုးပါ သည်းသည်းမည်းမည်း ပါလာပြီး ရွာသွန်းလေသည်။ ထို့ကြောင့် ဖောင်မှာ ပတ်ဝန်းကျင် အမှောင်ဘက်သို့ ကူးသွားခဲ့လေသည်။

အချိန်ကလည်း ၅း၀၀ နာရီကျော်လောက်သာ ရှိသေးသည်။ သို့သော် တောင်ကြိုတောင်ကြားထဲဖြစ်၍ အမှောင်ဘက်သို့ ပို၍ အားသာသွားလေသည်။





ထို့ကြောင့် ဖောင်မှာ ပို၍ ထိန်းသိမ်းရခက်လာခဲ့သည်။ ထိုသို့ ထိန်းသိမ်းရခက်လာသည်ကို ဆန်းရှိန်နဲ့ အောင်လွင်တို့သာ သိသည်။ သို့သော်လည်း ထိုသို့ ဖောင်မငြိမ်မသက်ဘဲ ဖြစ်နေသည်ကို အားလုံးက ကြာတော့ သတိထားလာမိကြသည်။

ဦးအုန်းခိုင်သည် ဆင်စွယ်နက်နှစ်ချောင်းကို ကျောပိုးအိတ်ထဲသို့ထည့်ပြီး ကြိုးများဖြင့် သေချာစွာချည်နှောင်လိုက်သည်။ ပြီးနောက် ကျောပိုးကာ အဆင်သင့်အနေအထားဖြင့် ဖောင်ကို ကြည့်နေမိသည်။

ထိုအခါ ...

"ဖြောင်း"

ဟူသောအသံကြောင့် ဆန်းရှိန်ရဲ့ဖောင်ထိုးဝါး တစ်ချောင်း ကျောက်ဆောင်နှစ်ခုကြား ညှပ်မိ၍ ကျိုးသွားသည်။ အောင်လွင်တစ်ယောက်သာ ဖောင်ထိုးသမားဖြစ်ခဲ့သည်။ သို့သော် ထိုးဝါးတစ်လုံးတည်းဖြင့် ဖောင်ကို ထိန်းသိမ်းဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်ပါ။

ဖောင်သည် လူးလာသလို ယိမ်းထိုးလာသလိုဖြစ်ပြီးနောက် ...



www.burmeseclassic.com

www.burmeseclassic.com



'ဒုန်း'

ဟူသော အသံနှင့်အတူ ကျောက်ဆောင်တစ်ခုကို ဝင်ထိုင်လိုက်သည်။

ဖောင်မှာ ကြိုးများပြတ်ပြီး ဖရိုဖရဲဖြစ်ကာ ဖောင်ပေါ်ပါ လူများအားလုံး ချောင်းထဲသို့ လွင့်စဉ်သွားကြလေတော့သည်။

သူတို့အားလုံး လူစုကွဲသွားလေတော့သည်။ လူရဲမှာ ဖောင်မှ ပဲ့ထွက်လာသော သစ်တုံးတစ်တုံးကို ဖက်တွယ်ထား လိုက်သည်။

ကျန်လူများလည်း တကွဲတပြားစီဖြစ်ကာ ဖောင်မှ သစ်တုံးကိုယ်စီဖြင့် ဖက်တွယ်ပြီး ရေစီးကြောင်းအတိုင်း မျောကာ လိုက်နေကြသည်။

မကြာသောအခါ အနီးဆုံးကမ်းစပ်တစ်ခုသို့ ဆန်းရှိန်၊ အောင်လွင်နှင့်ခြေမကြီးတို့ အရင်ရောက်ရှိလာကြသည်။

မရှေးမနှောင်းမှာပဲ ဖင်မဲနဲ့ချန်ကေရှိတ်၊ ကျော်စိုးတို့ပါ ရောက်လာကြသည်။

ချန်ကေရှိတ်က ...





"ဟော့ကောင်တွေ ... 'ဝ'တို့တော့ ကံကောင်းတယ်၊ လူရဲတစ်ယောက်တော့ မတွေ့ပါလား"

"ဆရာကြီးလည်း ပျောက်နေတယ်"

ထိုအချိန်တွင် သစ်တုံးတစ်ခုဖြင့် လူရဲတစ်ယောက် မျောပါလာသည်ကို တွေ့လိုက်ကြသည်။

ကျော်စိုးက ...

"လူရဲ လူရဲ ... တို့တွေ ဒီမှာဟေ့"

ဟု လှမ်းအော်ခေါ်နေမိသည်။

လူရဲလည်း သတိရှိနေ၍ သူတို့နားသို့ တ[illegible]နိုင်သမျှ ရေစီးကြောင်းမှ ကူးလာခဲ့ကြသည်။

ကမ်းပေါ်သို့ရောက်သော် ...

"တို့တွေအားလုံး ဘာမှမဖြစ်ဘူးနော်၊ ဒါနဲ့ ဆရာကြီး ကော"

ထိုအခါ ချန်ကေရှိတ်က ...

"ဆရာကြီး ဆင်စွယ်ထုပ်နဲ့အတူ ရေထဲကျသွားတာကို 'ဝ' မြင်လိုက်တယ်"

"ဆရာကြီးလည်း ကျုပ်တို့လို တစ်နေရာရာမှာတော့



www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားမှာပါ၊ ဥပဇ္ဈာယ်ဒကာကံနဲ့တော့ မသေနိုင်ပါဘူး၊ ဘာ ဖြစ်လို့လဲဆိုတော့ ဆရာကြီးက သူတော်ကောင်းဖြစ်လို့ ဆင်စွယ် နက်က ကယ်မှာပါ”

သူတို့အားလုံး တောလမ်းခရီးအတိုင်း လျှောက်လာခဲ့ ကြလေတော့သည်။

□□□

# အခန်း (၂၆)

## ဝမ်းသာစရာ စကားကြားခြင်း

ဆန်းရှိန်နဲ့အောင်လွင်တို့ ရွာသို့ပြန်ရောက်ပြီး တစ်လ အကြာတွင် ဆန်းရှိန်ဆီသို့ စာတိုက်မှ စာတစ်စောင် ရောက်လာ သည်။ ဆန်းရှိန်က အားရဝမ်းသာစွာဖြင့် အောင်လွင်နေသော ရွာသို့ ရောက်လာသည်။

“အောင်လွင် ... အောင်လွင်”

အိမ်ထဲမှ အောင်လွင် ထွက်လာသည်။

“ဟေး ... ဆန်းရှိန်ပါလား”

“ဘာကိစ္စလဲကွ”



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ စာတစ်စောင် ရောက်လာတယ်၊ ဝမ်းသာစရာပဲ"

"စာထဲမှာ ဘာတွေပါလို့တုန်း၊ ဘယ်သူ့ဆီက စာလဲ"

"အစ်ကိုလှူရဲဆီကပါ"

"ဟုတ်လား ... နေကောင်းကြတယ် မဟုတ်လား"

"အေး ... နေကောင်းတယ်၊ ပြီးတော့ ... တို့ကို သူ့ဆီ လာလည်ဖို့ ခေါ်တယ်"

"ဘယ်လိုရေးထားလို့လဲ"

"ဆန်းရှိန်နဲ့အောင်လွင် ... ဆရာကြီးဆီက အဆက်အသွယ် ရပြီ၊ ဒီစာရတာနဲ့ ကျွန်တော့်ဆီ အမြန်လာခဲ့ပါတဲ့"

အောင်လွင်က ...

"ဟာ ... ဒါဆို ဆရာကြီးမသေဖူးပေါ့၊ ဝမ်းသာတယ်ဟေ့။ တို့တွေ တစ်ယောက်မှ ဘာမှမဖြစ်ဘဲ ကိုယ့်အိမ်ကိုယ် ပြန်ရောက်ခဲ့ကြတယ်နော်၊ ဒါဟာ တို့တွေရဲ့စေတနာမှန်လို့ ဆင်စွယ်နက်ဟာ ကယ်လိုက်တယ်လို့ ငါတော့ ထင်တယ်"

"ဟုတ်တယ် အောင်လွင်၊ ငါလည်း ယုံတယ်၊ တို့ဟာ ဆင်စွယ်နက်ကို လောဘတက်ပြီး လာဖော်တာ မဟုတ်လို့၊ တို့တွေ ကံကောင်းကြတာပေါ့"

"ဒါနဲ့ တို့ ဘယ်တော့သွားကြမလဲ"

"မနက်ဖြန်ဘဲ သွားကြတာပေါ့"

❑

တစ်ပတ်ခန့်အကြာတွင် ...

ဆန်းရှိန်နဲ့အောင်လွင်တို့ လှူရဲအိမ်သို့ ရောက်လာခဲ့သည်။ လှူရဲက ...

"ဟာ ... ဆန်းရှိန်နဲ့အောင်လွင်တို့ပါလား။ လာကြ ... လာကြ"

"ကိုလှူရဲ နေကောင်းတယ်နော်၊ ကိုလှူရဲရဲ့စာရလို့ ချခြင်းလာခဲ့တာ"

"ဟုတ်တယ် ... ဆန်းရှိန်နဲ့အောင်လွင်။ ငါလည်း ဆရာကြီး ဆီက စာရရခြင်း မင်းတို့ကို ခေါ်လိုက်တာပဲ ရော့



ခု နှစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com



. . . ဆရာကြီး ပို့လိုက်တဲ့စာ ဖတ်ကြည့်''

ဟု ဆန်းရှိန်လက်ထဲသို့ လူရဲက စာတစ်စောင် ထည့်ပေးလိုက်သည်။

မောင်လူရဲ၊ ဆန်းရှိန်၊ အောင်လွင်

ဆရာကြီး ဒီစာရေးလိုက်လို့ မင်းတို့အားလုံး အံ့ဩသွားမှာပဲဆိုတာ ဆရာကြီး သိပါတယ်၊ ဆရာကြီး ရေထဲကျပြီး ကျောက်တုံးနဲ့ရိုက်မိလို့ သတိမေ့သွားတယ် သတိမေ့သွားတယ်ဆိုပေမယ့် တစ်စုံတစ်ယောက်က လာကယ်သလိုလို၊ ရေထဲက ဆယ်ယူသလိုလို အိပ်မက်လိုလို ဖြစ်နေတယ်၊

သတိရလာတော့ ကမ်းပေါ်ရောက်နေတယ်၊ ကျုပ်ရဲ့လက်ထဲမှာလည်း ဆင်စွယ်နှစ်ခုက ပိုက်လျက်သား ဖြစ်နေတယ်၊ အဲဒီလို အန္တရာယ်ကင်းပြီး သေတွင်းက လွတ်လာတာ ကျုပ်ကတော့ ဆင်စွယ်နက်အစွမ်း ကြောင့်ပဲလို့ ထင်တယ်၊

အခု ဆရာကြီး အိန္ဒိယပြည်ရောက်နေတယ်၊ မကြာခင် ဘုရားပွင့်တဲ့ နီပေါကိုဆက်သွားမယ်၊





မောင်ရင်တို့အားလုံးအတွက် ထိုက်သင့်တဲ့ ခံစားခွင့်တွေကို အချိုးကျ ပို့ပေးလိုက်တယ်၊ ဆင်စွယ်နက်ကိုလည်း ဘူမိနတ်သန်ဖြစ်တဲ့ အမိမြေမှာပဲ ရှိစေချင်လို့ သက်ဆိုင်ရာ အစိုးရလူကြီးမင်းများဆီမှာ လှူဒါန်းလိုက်ပါပြီ။

မင်းတို့အားလုံး ပျော်ရွှင်ကြပါစေ။

ဦးအုန်းခိုင်

သူရ (၁၂)

ထို့နောက် လူရဲက လက်ထဲမှအထုပ်နှစ်ထုပ်ကိုကိုင်ကာ တစ်ယောက်တစ်ထုပ်စီ ပေးလိုက်သည်။ ဆန်းရှိန်က အထုပ်ကို ဖြည်ကြည့်လိုက်သည်။

''ဟာ . . . ငွေတွေအများကြီးပဲ၊ ငါ့ဘဝမှာ ဒီလောက်ငွေတွေအများကြီး တစ်ခါမှ မကိုင်ခဲ့ဖူးဘူး၊ ငါတော့ စာရင်းငှားဘဝကလွတ်ပြီ''

ဆန်းရှိန်က ဝမ်းသာအားရပြောပြီး ငွေထုပ်ကိုကြည့်ကာ ပီတိဖြစ်နေမိသည်။ ပြီးနောက် ဆရာကြီးဦးအုန်းခိုင်ကို



www.burmeseclassic.com

www.burmeseclassic.com



ဆုတောင်းပေးနေမိသည်။

ထို့နောက် အောင်လွင်ကလည်း သူ၏လက်ထဲမှအထုပ်ကို ဖြည်ကြည့်လိုက်သည်။

ဆန်းရှိန်ပြောသလို သူ့အထုပ်ထဲမှာလည်း ငွေများအများကြီး ဖြစ်သည်။

"ဒီပိုက်ဆံတွေနဲ့ ငါတော့ လယ်ပိုင်ရှင်ဖြစ်ပြီ။ ကျွန်ုပ်လည်း ပိုင်ပြီကွ။ ဆရာကြီးကို ကျေးဇူးတင်တယ်၊ ဒီလောက် ငွေတွေအများကြီး ပေးလိမ့်မယ်လို့ ငါမမျှော်လင့်ဘူး။ ဆရာကြီးရဲ့ စေတနာကတော့ အတိုင်းအဆမရှိ ကြီးမားပါတယ်ဗျာ"

ထိုအခါ လူရဲက ...

"ဒါတင်ဘယ်ကမလဲ၊ ကျွန်တော့်မှာ ချစ်သူရှိတယ် သီတင်းကျွတ်ရင် လက်ထပ်မယ်ဆိုတာလည်း ဆရာကြီးက သိတယ်၊ ဒါ့ကြောင့် ကျွန်တော့်အတွက် အပိုဆုအဖြစ် ချော လက်မှတ်တစ်စောင်တောင် ပါသေးတယ် ...၊

ဒါပေမဲ့ ချက်လက်မှတ်ထုတ်ရမယ့်ရက်က ကျွန်တော့် ချစ်သူ လက်ထပ်မယ့်နေ့ရက် ဖြစ်နေတာ၊ ကျွန်တော့်မှာ အံ့ဩ မိတယ်၊ ရိုးရိုးသားသား တိုက်ဆိုင်တာတော့ မဖြစ်နိုင်ဘူး

ခု နစ် စဉ် ကြယ် စာ ပေ



တကယ်တော့ ဆရာကြီးဦးအုန်းခိုင်က သာမန်လူတွေနဲ့ မတူတဲ့ လူထူးဆန်းတစ်ယောက်ဆိုတာ ကျွန်တော် ယုံလိုက်ပြီဗျာ"

"ဟင် ... ဟုတ်လား"

ဆန်းရှိန်က အံ့ဩကာ မေးလိုက်သည်။

ထိုစဉ် လူရဲအိမ်ရှေ့တွင် လူနှစ်ဦး ထပ်ရောက်လာသည်။

"ကိုလူရဲ ... ကိုလူရဲ"

အိမ်ရှေ့တွင် အော်ဟစ်ကာ ရောက်လာကြသော လူနှစ်ဦးကို ကြည့်လိုက်ကြသည်။ ဆန်းရှိန်နှင့်အောင်လွင်က အံ့အားသင့်ကာ ...

"ဟာ ... ခြေမကြီးနဲ့ဖင်မဲတို့ပါလား၊ လာ ... လာကြ"

လူရဲအိမ်တွင် လူစုံသွားကြသည်။ အားလုံး ညှော်ခန်းတွင် ထိုင်လိုက်ကြသည်။ စကားများ ပြောနေကြစဉ် လက်ဖက်ညှော်ဗန်းကိုင်ရောက်လာသောသူကို ကြည့်လိုက်ရာ အားလုံး အံ့အားသင့်သွားကြသည်။

ခု နစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . တရုတ်လေး ချန်ကေရှိတ်ပါလား။ တရုတ်လေးက ကိုလူရဲ့နဲ့ အတူနေတာလား"

"ဟုတ်တယ်၊ သူ့ကို ကျွန်တော်ပဲ ခေါ်ထားလိုက်တယ်၊ သူ့မှာ ဘယ်မှသွားစရာမရှိဘူးလေ၊ ဆရာကြီးကလည်း မှာထားတယ် သူ့ကိုစောင့်ရှောက်လိုက်ပါတဲ့"

"ကိုလူရဲ စေတနာတော့ ဆရာကြီးနဲ့ တူတူပဲနော် ဝမ်းသာတယ်ဗျာ"

ဟုပြောကာ အားလုံး ပျော်ပျော်ရွှင်ရွှင် စားသောက်ကြလေသည်။ လူရဲလည်း ခြေမကြီးနှင့်ဖင်မဲတို့ဝေစုကိုလည်း တစ်ထုပ်စီ ဝေးလိုက်သည်။ နောက်နေ့တွင် အားလုံး လမ်းခွဲကာ ကိုယ့်ရပ်ကိုယ့်ရွာသို့ ပျော်ရွှင်စွာ ပြန်သွားကြလေတော့သည်။

❑❑❑



## အခန်း (၂၇)

## ပျော်ရွှင်မဆုံးတဲ့ ချစ်သူနှစ်ဦး

ကားလမ်းတစ်ခုတွင် ရှေးဟောင်း အော်စတင်ကားလေး တစ်စီး အရှိန်နှင့် ပြေးနေသည်။

ကားပေါ်တွင် ပျော်ရွှင်မဆုံးတဲ့ ချစ်သူနှစ်ဦး ပြုံးပျော်လို့ ထိုစဉ် . . .

"အစ်ကို . . . အစ်ကိုတို့ခရီးထွက်တာ ၃. . . လတောင် မကြာဖူးနော်၊ ဒီလောက် မြန်မြန်ပြန်ရောက်လာမယ်လို့ ဝေ မထင်မိဘူး။ အခုတော့ ဝမ်းသာလိုက်တာ"

"အစ်ကိုလည်း မထင်ခဲ့မိပါဘူး။ ဖောင်ပျော်တုန်းက



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုတို့အားလုံး သေပြီလို့ ထင်လိုက်တာ။ ယောကျာ်းဖောင်စီး မိန်းမမီးနေဆိုတဲ့ စကားပုံရှိတယ် မဟုတ်လား။ အခုတော့ အားလုံး ဘာမှမဖြစ်ဘဲ ပြန်ဆုံကြတယ်လေ၊ ဆရာကြီးဦးအုန်း ခိုင်နဲ့ လွဲလို့ပေါ့၊ အခုလည်း ဆရာကြီးက အစ်ကိုနဲ့ ဝေတို့ အတွက် မင်္ဂလာလက်ဖွဲ့ ချက်လက်မှတ်တစ်စောင် ပို့လိုက်သေး တယ် . . . ၊

ဒီချက်လက်မှတ်ကလည်း အစ်ကိုတို့မင်္ဂလာဆောင်ရက် နဲ့ တိုက်ဆိုင်နေတယ်။ ဘာကြောင့် ဒီလောက်တိုက်ဆိုင်နေရ သလဲ၊ အစ်ကိုတော့ ဆရာကြီးကို ဘယ်လိုနားလည်ရမှန်း မသိတော့ဘူး၊ ဆရာကြီးဦးအုန်းခိုင်ဟာ သာမာန်လူတစ် ယောက် မဖြစ်နိုင်ဘူးလို့ အစ်ကိုထင်တယ်၊ ထူးခြားတဲ့လူတစ် ယောက်လို့"

"အစ်ကို"

သုဝေဇင်က အနားသို့ကပ်ကာ ခေါ်လိုက်သည်။

"ဘာလဲဝေ . . . ပြောလေ"

"ဝေတို့ ဆရာကြီးကို ဂါရဝပြုတဲ့အနေနဲ့ လက်မထပ် ခင် ငါးရက်ကြိုပြီး ငှက်ပျော၊ အုန်း၊ ကွမ်း၊ ဆေး၊ လက်ဖက်





အစုံအလင်နဲ့ ရည်စူးပြီး ကန်တော့ချင်တယ်"

"သိပ်ကောင်းတာပေါ့ ဝေ၊ အစ်ကိုလက်ခံတယ် အစ်ကိုလည်း ဆရာကြီးရဲ့ကျေးဇူးကို ဒီပြင်နည်းနဲ့ ဆောင်ရ ပေမယ့် ဒီနည်းနဲ့တော့ ရည်စူးပြီး ဆပ်လိုက်မယ်လေ"

ဟုပြောကာ လူရဲက ကားမောင်းရင်း ချစ်သူဝေကို ကျန်သောလက်တစ်ဖက်ဖြင့် ကြင်နာစွာ ဖက်လိုက်သည်။ ထိုစဉ် ဝေကလည်း ချစ်သူ၏နားသို့ကပ်ကာ ခေါင်းလေးစောင်းကာ ပခုံးပေါ်မှီလိုက်လေတော့သတည်း။

ဆက်လက်ကြိုးစားပါဦးမည်။

စိတြာအငွ



www.burmeseclassic.com

www.burmeseclassic.com

## ဤဝတ္ထုတွင်ပါဝင်သော
## သူရ (၁၂) ဖောင်ကြီးကျောင်းဆင်း သူငယ်ချင်းများ

၁။ ဖရိုး (ခ) ဝင်းကြည် — က.သ (၂၂)
၂။ ကက်ဆက်ကြီး (ခ) စောလွင် — က.သ (၂၄)
၃။ တန်တိုး — က.သ (၃၁)
၄။ ကုလားလေး (ခ) ဖုန်းမောင် — က.သ (၃၆)
၅။ ချန်ကောရှိတ် (ခ) အောင်စိုး — က.သ (၃၉)
၆။ အင်္ဂြိုဟ် (ခ) လှတင် — က.သ (၆၀)
၇။ အုန်းခိုင် — ကသ (၆၃)
၈။ ညွန့်ဆွေ — က.သ (၈၉)
၉။ ခြေမကြီး (ခ) မျိုးတင့် — က.သ (၁၀၂)
၁၀။ ပိုးတပ်ဖြူ (ခ) သောင်းထွန်း — က.သ (၁၁၆)
၁၁။ သူကြီး (ခ) အောင်သိန်း — က.သ (၁၃၃)
၁၂။ ဖင်မဲ (ခ) ထွန်းသိန်း — က.သ (၁၄၈)
၁၃။ ကျော်စိုး — က.သ (၁၅၆)
၁၄။ အောင်လွင် — က.သ (၁၅၈)
၁၅။ ဆန်းရှိန် — က.သ (၂၀၃)

သူငယ်ချင်းများသို့ အမှတ်တရ
ချန်ကောရှိတ် က•သ (၃၉)

## မိတြအဂ္ဂ ၏ ရေးသားထုတ်ဝေပြီးသောလုံးချင်းဝတ္ထုများ

၁။ ဂငယ်သုံးလုံးမောင်သံပုံး
၂။ မိကျောင်းစေတမန်
၃။ ခုဒ္ဒနဒီကျိန်စာ
၄။ စွယ်နက်ရှင်
၅။ စီးနပ်(စ်)ပုလဲ
၆။ ပင်လယ်မြွေဟောက်
၇။ အင်ဘီလူး
၈။ သဇင်မြိုင်မောင်နှမ
၉။ အာရိုင်းမေတ္တာ
၁၀။ နှံ့သာအိမ်ကြီး ရှေ့ကာဆီး
၁၁။ ငှက်ဂဠုန်မြွေနဂါး
၁၂။ သမုဒယကောရီ
၁၃။ ကျောက်စိမ်းယက္ခ
၁၄။ လေးပွင့်သစ္စာ
၁၅။ ကိုးမြို့ ကိုးတံခါး ကိုးဖလား
၁၆။ ဘီလူးတောင်ကျိန်စာ
၁၇။ သွေးနှင်းဆီ
၁၈။ ရေသူမလေး မဉ္ဇူရီ
၁၉။ မဟာရွှေတံခါး ရှမ်ဘဲလား
၂၀။ မဟာမြိုင်ဂူမှတ်တမ်း

www.burmeseclassic.com

www.burmeseclassic.com

၂၁။ ဂန္ဓီရကျောင်းနက်ကြီး
၂၂။ ဘာမထီသစ္စာ
၂၃။ ပဓါနီနီ
၂၄။ ဝက်ဘွန့်လုံးသား
၂၅။ ခုနစ်စဉ်ကြယ်ပြောင်အမြီးထောင်
၂၆။ မောဟာဒေဝီ
၂၇။ ဒေါင်းဘယက်ခွက်နှင့်သွေးကျိန်စာ
၂၈။ အနန္တာအကျဉ်းသား
၂၉။ မရဏတြိဂူ
၃၀။ တောင်သုံးလုံးရာဇာ
၃၁။ ကြောင်တစ်ရာမိုးမှောင်
၃၂။ မရဏလက်
၃၃။ ကညင်သုံးပေါက် ဗိုခဲ့လောက်
၃၄။ မောင်းမမိဿံ၏ကျိန်စာ
၃၅။ ဟဲဘူးဝံပုလွေတစ္ဆေ
၃၆။ ဘသုံးလုံး
၃၇။ ရူပသေန
၃၈။ မာယာအသင်္ချေ
၃၉။ ဂငယ်သုံးလုံးမောင်သံပုံး(ခု-ကြိမ်)
၄၀။ အနှိုင်းမဲ့ဝက်ပါ
၄၁။ မရဏစံအိမ်
၄၂။ မရဏစကြာနီ
၄၃။ သိဂီရဒေဝီ
၄၄။ ပန်းမြတ်ကာဝေ
၄၅။ လူ့ရိုးစဉ်တောင်တန်းမှရက္ခဒေဝီ
၄၆။ ဝိညာဉ်မဲ့စံအိမ်ရှင်
၄၇။ အနန်းသီးလှည်းကြီး တို့များစီး
၄၈။ အောင်ခုလည်ပွားဖြိုပ်ယောက်ျား
၄၉။ ကျိုးမည်းကျိုးဖြူတစ်ကောင်ယူ
၅၀။ သစ်တိလူး
၅၁။ ကြယ်နက်သမီးတော်
၅၂။ သွေးစားကောရီ
၅၃။ ပျောက်စေဆေးရာကိုဘာသာ
၅၄။ အိုင်အိုချစ်သွေးနှင့်အတိမောဟာရာဇာ
၅၅။ နတ်မိကျောင်းသိုက်
၅၆။ ဒေါက်တာရန်နိုင်စိုးနှင့်ကြယ်နီသံခင်မ
၅၇။ ချိုသွားထိန်းရ ကြိုပ်မိန်းမ
၅၈။ ဂမုန်းဘီလူး
၅၉။ လူဝင်စားသူရဲကောင်း
၆၀။ မရဏစားနက်
၆၁။ နဂါးမျက်စောင်း
၆၂ လောကဝန်ထမ်းမောင်လခြမ်း

www.burmeseclassic.com

www.burmeseclassic.com


၆၃။ သွေးနီတောင်သစ္စာ
၆၄။ အာဋ္ဋာဝကမော်နှင့်တစ္ဆေဦးထုပ်သျှင်
၆၅။ မရဏအကျဉ်းစံ
၆၆။ ပဋ္ဋလတ်ဒေဝီ
၆၇။ သိုက်နန်းရှင်မြကေရီ
၆၈။ သမုဒယာစံအိမ်
၆၉။ ဖုတ်သိုက်
၇၀။ မောဟာလွှင်ပြင်
၇၁။ လေးပွင့်ဖူးစာ
၇၂။ ခုနစ်လွှာမျက်နှာရှင်
၇၃။ မြေတွင်းလှိုဏ်၌ မိုးဦးပုံ
၇၄။ ပဋ္ဋလက်သွေး
၇၅။ တိုက်မြေရှင်မ
၇၆။ နန်းကေရီ
၇၇။ ဂူဘားရတနာသိုက်
၇၈။ မောဟာတစ္ဆေ
၇၉။ တမလွန်သစ္စာ
၈၀။ ဘိုဇက်နန်းလှ
၈၁။ ရမ္မက်ကေရီ
၈၂။ မြဘုဂျာ၊ ရွှဘာနာ သိုက်


ယခုလ - အမြုတေဆင်စွယ်နက်

www.burmeseclassic.com